
ဂမ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝတ္ထု

# မင်းဓမ္မ

## ဆင်သိုက်မာယာ



**ပုံနှိပ်မှတ်တမ်း**

**မင်းစက္က- ဆင်သိုက်မာယာ**

ဇွန်လ ၂၀၁၄ ခုနှစ်၊ ပထမအကြိမ်

---

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဒေါ်ခင်ချိုချိုမြင့် (ကောင်းဆုအော့ဖ်ဆက်)

အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊

၁၃-ရပ်ကွက်၊ ရန်ကင်း။

---

**အုပ်ရေ - ၅၀၀**

**စီစဉ်သူ** - ကိုလှနိုင်(မြတ်)၊ ၀၉-၅၀၃၁၀၃၄

---

**ထုတ်ဝေသူ**

ဦးလှနိုင်(မြတ်စာပေ)

အမှတ်(၆၆)၊ ဗိုလ်ဥတ္တမလမ်း၊

ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

---

**ဖြန့်ချိရေး**

နဂါးစာပေ (မန္တလေး)

ထွန်းဦးစာပေ(မန္တလေး)

# အခန်း ( ၁ )

## ဟိုင်းရာဇာလေးမွေးဖွားခြင်း

"ရူး … ရူး"

"ဟိုင်း … ရူး … ရူ … ရူ"

ရိုးမတော … တိတိပပပြောရလျှင် ပဲခူးရိုးမတော၏ တစ်နေရာတွင် ဆင်အပေါင်းစုဝေးကာ အသံပေးနေကြသည်။ သူတို့ ဘာကြောင့် အသံများပေးနေရသလဲဆိုတာ အဝေးမှနေ၍ မသိရပါ။ ထိုအခါ စွယ်စုံဆင်ကြီးက ဆင်များဝိုင်းအုံကာ ရှေ့မှ ပတ်ဝန်းကျင်ကို၊ ရန်သူများကို အကဲခတ်နေလေသည်။ တခြားဆင်များက ၎င်း စွယ်စုံဆင်ကြီး၏နောက်မှ အဝိုင်းပတ်လည်သကဲ့သို့ ရှိနေလေသည်။

ထိုအခါ ဆင့်မပြီး ဟိုင်းအိက …

မြတ်စာပေ

"ဝူး … ဝူး"

ဟူသော နာကျင်သောအသံဖြင့် အော်ဟစ်နေလေသည်။ ထိုသို့ အော်ဟစ်နေသော်လည်း တခြားဆင်များက ကြည့်ကာနေသည်မှအပ ဘာမှမလုပ်နိုင်ပါ။ ထိုအချိန်တွင် ဆင်မလေး ဟိုင်းအိလေး၏ ယောနိထဲမှ အကျိအချွဲများ ထွက်ကာကျလာသည်။

"ဝူ … ဝူ"

ဆင်မလေးဟိုင်းအိလေးက နာကျင်သောဝေဒနာဖြင့် အော်ကာ ညစ်လေသည်။ ခဏကြာသောအခါ ဆင်မလေး ဟိုင်းအိလေး ဗိုက်ထဲမှ ဆင်လေးတစ်ကောင်မွေးဖွားသန့်စင်ပေးလိုက်လေတော့သည်။

ထိုသို့ ဆင်လေးတစ်ကောင် မွေးဖွားသန့်စင်ပေးသောအချိန်တွင် အနီးအနားရှိ သစ်ပင်များပေါ်မှ ငှက်ကလေးများ တစ်ပြိုင်နက်ထဲ ဝဲပျံကာ ထွက်ခွာသွားလေသည်။ ဆင်ပေါက်လေးသည် မိခင်ဝမ်းထဲမှ ထွက်ပြီးတဲ့အချိန်မှ သူ့ဟာသူ မတ်တတ်ရပ်နိုင်လေသည်။ ၎င်းကလည်း ဆင်လေး၏ထူးခြားမှုတစ်ခု ဖြစ်လေသည်။ ထိုသို့ ဆင်လေး ချက်ချင်းမတ်တတ်ရပ်နေသော်လည်း ဆင်လေးလို တခြားဆင်များက အံ့ဩသောအကြည့်ဖြင့်ကြည့်ကာ ရှိနေကြလေသည်။

ဆင်လေးဟာ တခြားဆင်များ၏အရောင်များနဲ့မတူဘဲ အမည်းရောင်မဖြစ်ဘဲ အုန်းခွံရောင် တစ်ကိုယ်လုံးဖြစ်နေတာ တွေ့လိုက်ရသည်။ ၎င်းဟာ ဆင်၏ဒုတိယ ထူးခြားချက်ပင်ဖြစ်လေသည်။ အုန်းခွံရောင်ဆင်လေးသည် ပတ်ဝန်းကျင်ဆင်များ၏ အလယ်တွင် ထူးခြားပေါ်လွင်သော ဆင်ပေါက်လေးတစ်ကောင် ဖြစ်နေသည်လား။

ထိုအခါ စွယ်စုံဆင်ကြီးက ၎င်းဆင်ပေါက်လေးနားသို့ လာ





ပြီး သူ၏အစွယ်ဖြင့် ထိုးဆွနေသည်။ ပြီးနောက် နှာမောင်းဖြင့် တစ်ကိုယ်လုံးကို နမ်းနေလေသည်။

၎င်းစွယ်စုံဆင်ကြီးသည် ထိုဆင်ပေါက်လေး၏ ဖခင်ပင်ဖြစ်သည်။ ထိုဆင်ပေါက်လေး၏ဖခင်သည် တောတစ်ခုလုံး၏ ဆင်များ၏ဘုရင်ဆိုလည်း မမှားပေ။

ထိုအခါ ဆင်များအားလုံးက …

"ဝူး … ဝူး … ဝူ … ဝူ … ဝူ"

တစ်ပြိုင်နက်တည်း ဝိုင်းကာ အော်ပြီး ချီးကျူးဂုဏ်ပြုသံများ ထွက်ပေါ်လာပြီးနောက် …

စွယ်စုံဆင်ကြီးက နှာမောင်းကို အပေါ်သို့ထောင်ကာ အောင်မြင်သောအသံဖြင့်

"ဝူ"

ဟူသောအသံရှည်ကြီးဖြင့် ဂုဏ်ယူဝမ်းမြောက်သော လေသံဖြင့် အော်ဟစ်ကာ ပီတိဖြစ်နေလေတော့သည်။

❖ ❖ ❖

## ရာဇမင်းမွေးဖွားခြင်း

အင်းမရွာ …

အင်းမရွာလေးသည် ပဲခူးရိုးမတော၏ တစ်နေရာ၊ မြို့ကြီးနဲ့ ၁၀ မိုင်အကွာလောက်တွင် ရှိလေသည်။ ထိုရွာကြီးသာ ပြောရသည်။ ရွာ၏အိမ်ခြေမှာ ၂၀ ကျော်ရုံလေးသာ ဖြစ်သည်။ ထိုရွာရှိ လူများက

ဆင်ဖမ်းခြင်းအလုပ်ဖြင့်သာ အသက်မွေးကြသည်။ ရွာရှိ ယောကျ်ားများအားလုံးက ဆင်ဖမ်းကြသည်။ သူတို့လည်း အစိုးရဆီမှ လိုင်စင်ရ ဆင်ဖမ်းသမားများဖြစ်ကြသည်။ သူတို့ဖမ်းမိသော ဆင်များကို အင်္ဂလိပ်အစိုးရဆီသို့ အပ်ရသည်။ ထိုအချိန်ထိုအခါက ဆင်ဖမ်းသမားများက အစိုးရ၏ ပေးသမျှကိုသာ ယူရလေသည်။ သူတို့လိုချင်သော ဆင်အမျိုးအစားများကိုလည်း ရှာဖွေဖမ်းဆီးပေးရသည်။ ပြီးနောက် သူတို့၏နိုင်ငံသို့ တင်ပို့ကြလေသည်။

အင်္ဂလိပ်အစိုးရ၏ လက်ဝါးကြီးအုပ်မှုကို ခံနေရသောသူများဖြစ်သည်။ ထိုအထဲမှ စောဖထီးဟူသော ဆင်ဖမ်းသမားလည်းပါလေသည်။ စောဖထီးသည် ဆင်ဖမ်းအဖွဲ့ထဲမှ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ စောဖထီးတို့ ဆင်ဖမ်းအဖွဲ့တွင် လူ ၁၀ ယောက်ခန့်ရှိလေသည်။

ထိုနေ့တွင် စောဖထီးက ဆင်ဖမ်းမထွက်ဘဲ အမဲပစ်ရန် တောထဲသို့ထွက်သွားလေသည်။ သူထွက်သွားသောအချိန်က သူ၏ မိန်းမ နန်းမုံသည် မွေးဖွားချိန်နီးနေတာ သူမသိ၍မဟုတ်။ သိသည်။ သို့သော်လည်း ရက်လိုသေး၍ လက်သည် ဒေါ်ဖွားမိ၏စကားကြောင့် သူက စိတ်ချစွာ ထွက်သွားခဲ့ရသည်။

သို့သော်လည်း သူ ထွက်သွားပြီးညနေပိုင်းတွင် နန်းမုံက ဗိုက်နာလာခဲ့လေသည်။

"အား ... နာတယ် ... နာတယ်။ ဒေါ်မိရေ လုပ်စါဦး။ ကျွန်မ ဗိုက်နာလှပြီ။ မွေးတော့မယ် ထင်တယ်"

ထိုအချိန်တွင် ဒေါ်ဖွားမိက နန်းမုံအိမ်တွင် ရောက်နေသည်။





ဒေါ်ဖွားမိကို စောဖထီးက ခေါ်ထားခဲ့၍ နန်းမုံကို စိတ်ချစွာထားခဲ့သည်။ သူ့အနေနဲ့ ကလေးမီးဖွားဖို့ ဗိုက်ဆံလိုသည်မဟုတ်ပါလား။

စောဖထီးက တောထဲတွင် သားကောင်လို ချောင်းနေသောအချိန်တွင် နန်းမုံက ကလေးမွေးရန် ပြင်ဆင်နေသောအချိန် ဖြစ်လေသည်။

"အား ... အား ... နာတယ် ဒေါ်ကြီးရယ်"

"နန်းမုံ ... စိတ်တင်းထား။ ညှစ် ... ညှစ်"

နန်းမုံနားတွင် တခြားမိန်းမကြီးနှစ်ဦးက အားပေးနေလေသည်။ သူမနားတွင် ဒေါ်ဖွားမိက အိမ်နားမှ မိန်းမနှစ်ဦးကို အကူအညီရရန် ခေါ်ထားရလေသည်။ ကလေးက ရေ မွှာပေါက်နေပြီ။ မွေးတော့မယ်။

မိန်းမကြီးတစ်ဦးက ဝမ်းသာအားရပြောလိုက်သည်။

ဒေါ်ဖွားမိက ...

"နန်းမုံရေ စိတ်အားတင်းထားနော်။ ဖြည်းဖြည်းညှစ် မွေးတော့မယ် ... မွေးတော့မယ်"

ဒေါ်ဖွားမိ၏စကားကို နန်းမုံက မကြားပါ။ သူမမှာ ကလေးထွက်ရန်အတွက်သာ အားစိုက်နေရသည်။ ပင်ပန်းလှပြီဖြစ်၍ မျက်နှာတစ်ခုလုံး ချွေးများ ထွက်နေသည်။ သူမ၏ ပထမဦးဆုံးကလေးဖြစ်၍ ယခုလို ခက်ခဲလိမ့်မည်ဟု မထင်ခဲ့ပါ။ သူမ၏ စိတ်ကိုတင်းထားပေမယ့် ကလေးက ထွားလို့လားမသိပါ တော်တော်နဲ့ မထွက်လာပါ။

ထိုအခါ ဒေါ်ဖွားမိက ...

"နန်းမှုံ ... စိတ်တင်းထားနော်။ ဘာမှအားမငယ်နဲ့"

သူမမှာ ပင်ပန်းလှပြီ။ ဒေါ်ဖွားမိက အားပေးနေသော်လည်း သူမကတော့ စိတ်တင်းကာ ညှစ်နေရသည်။ ဒေါ်ဖွားမိရဲ့မိန်းမနှစ်ဦးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားမရသောမျက်နှာများဖြင့် စိုးရိမ်ပူပန်နေမိသည်။

တကယ်တော့ ကလေးက အရမ်းထွားနေ၍ ထွက်မလာခြင်းဖြစ်သည်။ နန်းမှုံတစ်ယောက် ကလေးအတွက် ထပ်မံကြိုးစားပြီး ညှစ်နေသည်။

ထိုသို့ညှစ်နေသည်မှာ အချိန် ၂ နာရီကျော်ကြာလာသည်။ အရမ်းလည်းနာလှပြီဖြစ်သည်။ ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် အားကုန်ညှစ်လိုက်မည်ဟု စိတ်ထဲမှတင်းကာ ဆုံးဖြတ်လိုက်လေသည်။

"အား ... အား ... အင့် ... အင့် ... အင့်"

ဟူသောအသံရဲ့နောက်ဆက်တွင် ...

"ဝါး ... ဝါး"

ဟူသော ကလေး၏အောင်မြင်သောငိုကြွေးသံက လွှမ်းမိုးသွားလေသည်။ ထိုသို့ ကလေး၏ငိုကြွေးသံကြောင့် ဒေါ်ဖွားမိတို့မိန်းမကြီး ၃ ဦးစလုံး၏မျက်နှာများ ဝင်းပကာ ဂုဏ်ယူနေကြလေသည်။ သူတို့ဂုဏ်ယူအပြုံးများက ကလေးမွေးသော နန်းမှုံလေးကို မေ့နေကြသည်။

ထိုအခါ ဒေါ်ဖွားမိက နန်းမှုံလေးကို ကြည့်လိုက်လေသည်။ နန်းမှုံလေးက ပင်ပန်းနွမ်းနယ်လို့လား၊ ဒါမှမဟုတ် သူမ၏ကလေးငိုသံကြောင့် ဝမ်းသာ၍လား မသိပါ။ ငြိမ်သက်နေလေသည်။ ထိုသို့





ငြိမ်သက်နေသည်ကို ဒေါ်ဖွားမိ စိတ်ပူပင်ကာ သူမ၏မျက်နှာနားသို့ကပ်ကာ ...

"နန်းမှုံ ... နန်းမှုံ ... သမီးလေး ... သတိထားပါဦး။ နန်းမှုံ ... နန်းမှုံ"

ဟူသော ခေါ်သံက အဆက်မပြတ်ဖြစ်နေသည်။ မိန်းမကြီးနှစ်ဦးက ကလေးကို ခေါ်ထုတ်ပြီး ရေချိုးသန့်စင်ပေးနေသည်။ အခန်းထဲတွင် ဒေါ်ဖွားမိနဲ့ နန်းမှုံတို့နှစ်ဦးသာ ကျန်ခဲ့လေသည်။ ထိုအခါ ဒေါ်ဖွားမိက မကျေနပ်၍ ဒုတိယအကြိမ် ထပ်ပြီး ...

"နန်းမှုံ ... နန်းမှုံ ... သမီးလေး"

သို့သော် နန်းမှုံလေးကတော့ ခေါ်၍မကြားတော့ပါ။

ထိုအခါ ဒေါ်ဖွားမိက နန်းမှုံ၏နှာခေါင်းကို လက်ညှိုးဖြင့်စမ်းကြည့်လိုက်သောအခါ နန်းမှုံလေး အသက်မရှုတော့တာ တွေ့လိုက်ရသည်။

"ဟင် ... ဟာ"

"သမီးလေး ... နန်းမှုံ ... နန်းမှုံ"

ဒေါ်ဖွားမိ ငိုကြွေးသံကြောင့် အခန်းထဲသို့ အဒေါ်ကြီး နှစ်ယောက် ပြန်ဝင်လာပြီး ...

"ဘာဖြစ်တာလဲ ဒေါ်ဖွားမိ"

"နန်းမှုံ အသက်မရှိတော့ဘူး"

"ဖြစ်မှဖြစ်ရလေ နန်းမှုံရယ်"

"စောဖထီးလာရင် ဘယ်လို ပြောရမလဲဟင်။ ကံဆိုးလိုက်တာ သမီးရယ်"

ဟုသာ ဒေါ်ဖွားမိ ရင်နင့်စကားသည် အားလုံးကြား၍ ငိုကြွေးနေကြလေတော့သည်။

❖ ❖ ❖

## သူနိုင် ကိုယ်နိုင် ယှဉ်ပြိုင်ပွဲ

စောဖထီး ချုံကွယ်တစ်ခုမှ ဒရယ်တစ်ကောင်ကို ချောင်းနေသည်။ ထိုသို့ ဒရယ်ကိုချောင်းနေတာ ဒရယ်လေးကတော့ မသိရှာပါ။ ဒရယ်လေးက ချုံပုတ်တစ်ခုမှ အရွက်နုလေးများကို စားသောက်နေသည်။ ထိုဒရယ်လေးကိုလည်း ဟင်းမျိုးကြီးခေါ် ကျားတစ်ကောင်ကလည်း ချောင်းနေသည်။ ထိုသို့ ဒရယ်လေးကို မုဆိုးနှစ်ဦးရဲ့ ချောင်းနေတာ ဒရယ်လေးခမျာ မသိရှာပါ။

ထိုအခါ ဒရယ်လေးက အရွက်နုလေးများ စားသောက်ပြီး၍ ထွက်ခွာရန်အလုပ်တွင် ...

"ချွတ်"

"ဖောင်း"

အသံနှစ်ချက်နဲ့အတူ တစ်ပြိုင်နက်တည်း ...

"ဝိုး ... ရှိုး ... ဒုတ်"

ဟူသော အသံလေးတစ်ခု ထွက်ပေါ်လာလေသည်။ ထိုသို့ ပထမအသံကြားကတည်းက ကျားကြီးက အသံလာရာသို့ လှည့်ကြည့်မိသည်။ လူသားတစ်ဦးကို တွေ့လိုက်ရလေသည်။ ထိုသို့ တွေ့လိုက်ရ၍ ကျားကြီးက လှည့်ထွက်မသွားဘဲ မိမိ၏သားကောင်ကို





လာလုရမလားဆိုတဲ့အသိနဲ့ ၄င်းလူသားဆီသို့ အာရုံရောက်သွားလေသည်။ ထိုသို့ ကျားကြီး လူသားဆီသို့ အာရုံရောက်သွားတာ လူသားဖြစ်တဲ့ စောဖထီးကတော့ မသိရှာပါ။

ဒါကြောင့် ဒရယ်လေး လှည့်ထွက်တွင် စောဖထီးက မြားတံလေးတစ်ချက် ပစ်လွှတ်လိုက်သည်။ ထိုမြားတံလေးက ဒရယ်လေး၏လည်မျိုဆီသို့ ဦးတည်ကာ ထိမှန်သွားလေသည်။ ဒရယ်လေးလည်း လည်မျိုကို မြားထိမှန်၍ နေရာမှာပင် ပစ်လဲကျသွားလေသည်။

ထိုအခါ ကျားကြီးက စောဖထီးဆီသို့ ခြေလမ်းလေး ဖွဖွလေး လှမ်းကာ လျှောက်လာနေသည်။ ထိုအခါ သစ်ပင်ပေါ်မှ မျောက်တစ်ကောင်က လန့်ပြီး ...

"ခွီး ... ခွီး ... ခွီး"

ဟု အော်ဟစ်ကာ ထပြေးသွားသည်။ ထိုသို့မျောက်လေး အော်ဟစ်ကာ ထပြေးသွားသည်ကို စောဖထီးက ကြားလိုက်၍ ပတ်ဝန်းကျင်သို့ မျက်လုံးကစားလိုက်သည်။ ထိုအခါ သူနဲ့ ကိုက် ၅၀ ကွာလောက်တွင် ကျားကြီးက သူ့ဆီသို့ လာနေတာ တွေ့လိုက်ရသည်။ ကျားကြီးလာနေတာ စောဖထီးက တွေ့လိုက်ရ၍ သူ ဘာလုပ်ရမလဲဆိုတာ ချက်ချင်း စဉ်းစားလိုက်ပြီး ...

ဒူးလေးတွင် မြားတံတစ်ချောင်းထပ်ပြီး တပ်လိုက်သည်။ ထိုသို့ မြားတံတပ်ပြီးနောက် ကျားကြီးလာရာဆီသို့ ချိန်လိုက်သည်။

ထိုအခါ ကျားကြီးက စောဖထီးနားအရောက် ၁၀ ပေအကွာလောက်တွင် စောဖထီးဆီသို့ ခုန်အုပ်လိုက်သည်။ ထိုအချိန်တွင် စောဖထီးလည်း မြားတံမှ မြားကို ကျားကြီး၏အပေါ်အရောက် မြား

က အပစ်နှင့် တစ်ပြိုင်နက်ဖြစ်သွားလေသည်။

"ဗိုး … ဒုတ်"

"ဘုံး"

ဟူသောအသံနှစ်ချက် ကြားလိုက်ရသောအခါ စောဖထီး တစ်ယောက် မျက်လုံးစုံမှိတ်ကာ ပက်လက်လန်ကာ လဲကျသွားလေသည်။

၁၀ မိနစ်ဆိုသောအချိန်အတွင်းတွင် လူသားနဲ့ကျားကြီး ဖက်လျက် အတူတကွရှိနေသည်။ ထိုအခါ ကျားကြီးကတော့ မလှုပ်မယှက်ဘဲ ငြိမ်သက်စွာရှိနေသည်။

လူသားကတော့ ပထမမျက်လုံးပွင့်လာသည်။ ပြီးနောက် သူ၏ရင်ဘတ်ပေါ်သို့ လက်တစ်ဖက်က ဖက်လျက်ရှိနေတာ တွေ့လိုက်ရသည်။ ထိုလက်ကို သေချာစွာကြည့်လိုက်သောအခါ မယုံမရဲဖြစ်ပြီး သူ၏ဘေးတွင် လဲနေသော ကျားကြီးကို တွေ့လိုက်ရသည်။ ကျားကြီးကတော့ မလှုပ်မယှက်ဘဲ သေဆုံးနေတာတွေ့လိုက်ရသည်။

သူ့ရင်ဘတ်ပေါ်ကင်နေသော ကျားကြီး၏လက်ကို ဖယ်လိုက်သောအခါ စူးရှနာကျင်သောစိတ်မျိုး ဖြစ်မိသည်။ ထိုအခါ စောဖထီးက မိမိရင်ဘတ်က ဘာများဖြစ်သလဲဆိုတာ စမ်းလိုက်မိသည်။

ထိုအခါကျမှ သူ သိသွားခဲ့ရသည်။ သူ့ကို ကျားကြီးက ခုန်အုပ်လိုက်ချိန်မှာ သူ၏မြားပစ်ချက်ကြောင့် ကျားကြီး၏ချက်ကောင်းကို ထိမှန်ကာ သူ့အပေါ်သို့ ကျလျက် သေဆုံးနေတာ သိလိုက်ရသည်။ မိမိလည်း ကျားကြီး သူ့အပေါ်သို့ကျလာတာ တွေ့လိုက်ရပြီး လန့်ကာ ပက်လက်လန် လဲကျသွားခဲ့သည်မဟုတ်ပါလား။

"ဟူး"





"တော်ပါသေးရဲ့"

ငါပစ်လိုက်သာမြားက ကျား၏ချက်ကောင်းကို ထိသွားလို့။ မဟုတ်ရင် ငါတော့ ကျားစာဖြစ်နေပြီ …

ဟူသောအတွေးများ တွေးမိကာ သူ့ကိုယ်သူ အံ့ဩနေမိသည်။ ကံကောင်းလှတဲ့ သူ့ရဲ့ဖြစ်အင်ကို သူကိုယ်တိုင်ကပင် မယုံမရဲဖြစ်နေမိသည်။ ထိုသို့မယုံမရဲဖြစ်နေတာ နောက်တစ်ခုကို သွားသတိရမိသည်။

ပထမပစ်လိုက်သောမြားတံက ဒရယ်လေးကိုဖြစ်သည်။ ဒရယ်လေးလည်း သူ၏မြားတံကြောင့် သေသွားခဲ့ရသလားဆိုတာလည်း သူကိုယ်တိုင် ယခုထိမသိရသေးပါ။ ဒါနဲ့ စောဖထီးလည်း သတိရကာ ဒရယ်လေးရှိရာသို့ ထလာခဲ့လေသည်။

"ဟာ"

စောဖထီး အံ့ဩသွားသည်။ သူ တွေ့လိုက်ရတာ ဒရယ်လေးလည်း သူ၏မြားတံကြောင့် သေဆုံးနေတာ တွေ့လိုက်ရသည်။ ငါတော့ တစ်ခါတည်း သားကောင်နှစ်မျိုးရရှိလိုက်၍ ဝမ်းသာနေမိသည်။ ကံကောင်းလိုက်တဲ့ ငါပါလားဆိုတဲ့အသိကို ပီတိဖြစ်လျက် သားကောင်နှစ်မျိုးစလုံးကို ဝါးကွပ်ပျစ်လေးဆီသို့ဆွဲလာခဲ့လေတော့သည်။

❖ ❖ ❖

ရွာအဝင်လမ်းတွင် စောဖထီးကို သူ၏တပည့်များ လာကြိုနေတာ တွေ့လိုက်ရသည်။ မျက်နှာများကတော့ မကောင်းကြပါ။ သူ သားကောင်နှစ်မျိုးရလာတာကို ဝမ်းသာဖက်လှဲတကင်းဖြင့် မကြိုဆိုကြဘဲ သူ့နားသို့ တဖြည်းဖြည်းချင်းလျှောက်လာနေကြသည်။

ထိုသို့ သူ၏တပည့်များက ဝမ်းနည်းသောမူအရာများကြောင့် စောဖထီး စိတ်ပူသွားမိသည်။ ရွာထဲတွင် ဘာများဖြစ်လို့လဲလို့ စိုးရိမ်သွားမိသည်။ သူ၏မိန်းမကိုတော့ သူကိုယ်တိုင်သတိမရဘဲ ရွာထဲကိုသာ စိတ်ကဖြစ်မိသည်။

ထိုအခါ တပည့်တစ်ဦးက …

“ဖထီး”

ရင်ထဲမှ ဝမ်းနည်းသောလေသံဖြင့် ထွက်လာသောစကားကြောင့် စောဖထီးက ဆက်ပြီးပြောလာမယ့် စကားကို နားစွင့်နေလိုက်သည်။

“ဖထီးမိန်းမ ကလေးမွေးသွားပြီ။ ယောကျ်ားလေး”

“ဟင် … ဟုတ်လား”

“ဟား … ဟား … ဟား … ယောကျ်ားလေးကွ”

ငါကွဟူသော ဝမ်းသာအားရဖြစ်ကာ ပျော်နေမိသည်။ ထိုအပျော်များကြောင့် သူ၏တပည့်များက ဆက်မပြောသေးဘဲ စောဖထီးပျော်နေတာကို ကြည့်နေလိုက်ကြသည်။ ထိုအခါ စောဖထီးက သတိရကာ …

“ငါ့ရဲ့သားယောကျ်ားလေးမွေးတာ မင်းတို့က ဘာကြောင့် မပျော်ရတာလဲ။ ဝမ်းမသာကြတာလဲ … ပြောပါဦး”

ထိုအချိန်တွင် နောက်တစ်ဦးက …

“လာ … လာ … ဖထီး အိမ်သွားရအောင်”

ဟူသောစကားနဲ့ စောဖထီးဆွဲလာသော ဝါးကွပ်ပျစ်လေးကို ကျန်တဲ့တပည့်များက ဝိုင်းပြီး ကူဆွဲကြလေသည်။ အိမ်နားသို့





ရောက်၊ အိမ်ရှေ့တွင် လက်သည်အမျိုးသမီးက ကလေးကိုပိုက်ကာ အိမ်အပေါက်ဝမှ စောဖထီးကို ကြိုနေလိုက်သည်။

စောဖထီးလည်း သူ့ကိုကြိုဆိုနေသော အမျိုးသမီး မသင်းမြကို ကြည့်လိုက်တာလည်း မရွှင်မပျမျက်နှာသေများကိုသာတွေ့ရသည်။

“ဟဲ့ … သင်းမြ။ ဒါ ငါ့ကလေးလား”

“ဟုတ်တယ်ဝေး .. ဖထီးလေး”

မသင်းမြက စောဖထီးထက် ၅ နှစ်လောက်ကြီးသည်။ ဒါကြောင့် သူ့ကို ဖထီးလေးလို့ ခေါ်လိုက်သည်။

“ပြစမ်း … ငါ့ရဲ့သားလေး”

စောဖထီးက ကလေးနားသို့ပြေးလာပြီး မသင်းမြလက်ထဲမှ ကလေးကို လွှဲယူလိုက်သည်။ ထိုအခါ ကလေးက သူ့ရဲ့ကိုယ်က အနံ့ဆိုးကြောင့်လည်း မသိပါ ကလေးက လန့်ပြီး အော်ငိုလိုက်သည်။

ဟုတ်တော့လည်းဟုတ်သည်။ တောထဲတွင် တစ်နေကုန်လျှောက်သွားနေရတော့ ချွေးစီးတွေထွက်ပြီး အနံ့အသက်က မကောင်းဖြစ်နေတာပေါ့။ ဒါကြောင့်ဟုထင်ကာ ဖထီးက ကလေးကို မသင်းမြလက်ထဲ ပြန်ထည့်ပေးလိုက်သည်။

ကလေးက မသင်းမြလက်ထဲ ပြန်ရောက်သွားတော့ အငိုကတိတ်သွားသည်။ ထိုအခါကျမှ စောဖထီးက သတိရကာ …

“နန်းမွှံကော … နေကောင်းရဲ့လား”

ဟူသော စောဖထီးပြောလိုက်သောစကားကို မသင်းမြနဲ့ သူ၏နံဘေးတွင် ရပ်နေသော မိန်းမကြီးသုံးလေးဦးက စောဖထီးရဲ့ မျက်နှာလေးကိုသာ အကဲခတ်နေကြသည်။ တကယ်တော့ စောဖထီး

က ယခုမှ တောထဲမှပြန်ရောက်လာ၍ ပြောမထွက်ကြပါ။ ထိုသို့ဖြစ်နေကြသော အမူအရာများကြောင့် စောဖထီးက ဘယ်သူ့ကိုမှ ဆက်ပြီး မမေးတော့ဘဲ မိမိအိမ်ထဲသို့ ပြေးဝင်သွားလေသည်။

"ဟင်"

တွေ့လိုက်ရသောမြင်ကွင်းကြောင့် အံ့ဩသွားလေသည်။ နန်းမွှံလေးက အိပ်ရာပေးတွင် အိပ်လျက်ရှိနေသည်။ ဒါပေမဲ့ မျက်နှာလေးကို ပဝါတစ်ခုက အုပ်ပေးထားသည်။ စောဖထီးလည်း နန်းမွှံနားသို့ ကပ်ကာ ပဝါလေးကို ဖယ်လိုက်သည်။

ထိုအခါ အိမ်ရှေ့တွင်ကျန်ခဲ့ကြသော လက်သည်နဲ့တခြားမိန်းမနှစ်ဦး သုံးဦးက ဝင်လိုက်လာပြီး ၄င်းတို့ထဲမှ တစ်ဦးက …

"နင် အမဲပစ်ထွက်သွားပြီး ၂ နာရီ၊ ၃ နာရီအကြာမှာ နင့်မိန်းမက ဗိုက်နာတယ်ပြောလို့ ငါတို့ ရောက်လာခဲ့တယ်။ ငါတို့လည်း အခြေအနေကြည့်လိုက်တော့ ကလေးရဲ့ ရေမွှာပေါက်နေပြီ။ ကလေးမွေးတော့မယ်ဆိုတာ သိလို့၊ ဒီက သူတို့ကိုသွားခေါ်ပြီး မွေးကြတာပဲ။ နင့်ကလေးက တော်တော်ထွားတော့ နန်းမွှံ တအားအော်ရတယ်ဝေး။ တော်တော်ကြာတယ်။ အကြာကြီးနေပြီးမှ ကလေးကိုမွေးရတာ။ ငါတောင် သနားသွားတယ်။ နောက်ဆုံး သူ တအားညှစ်ပြီး မွေးလိုက်တော့တယ်။ မွေးပြီးတဲ့နောက် ငါတို့လည်း ကြည့်လိုက်တော့ နင့်မိန်းမ အသက်မရှိတော့ဘူး … ဟီး … ဟီး …ဟီး"

လက်သည် ဒေါ်ဖွားမိလည်း ပြောပြီး ဝမ်းနည်းလာလို့ သူပါ ငိုလေတော့သည်။ အားလုံးလည်း စိတ်မကောင်းဖြစ်ကာ မျက်ရည်များဝဲလျက် နန်းမွှံလေးကို သနားစွာကြည့်နေမိလေသည်။





သူတို့အားလုံး ပြောနေတာ ငိုတဲ့လူက ငို၊ သနားတဲ့လူက သနားနေကြပေမယ့် စောဖထီးကတော့ သူ၏ဇနီး နန်းမွှံလေး၏ မျက်နှာလေးကို စူးစိုက်ကြည့်နေမိသည်။ ဒေါ်ဖွားမိပြောနေတာကိုပင် သူ့အနေနဲ့ ကြားမှကြားရဲ့လားလို့တောင် သူကိုယ်တိုင်ပင်မသိတော့ပါ။

သူ မငိုပါ။ လုံးဝမငိုပါ။ နန်းမွှံလေးကိုသာ ကြည့်ပြီး…

"နန်းမွှံ … နင့်ကိုယ်စား ကိုယ်ပွားလေး ငါ့အတွက် ထားပေးခဲ့တာ ကျေးဇူးတင်ပါတယ်"

သူ့အနေနဲ့ တောထဲမှ သား ကောင်နှစ်မျိုးကို အောင်မြင်စွာ ရလိုက်ပေမယ့် သူ့ဆီမှ တစ်ယောက် ပြန်လည်ပေးဆပ်လိုက်ရပြီ မဟုတ်ပါလား။

"ငါ ကျေနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ဆုံးရှုံးလိုက်ရပေမယ့် ငါ့မှာ အဖော် သားလေးရှိနေပြီဆိုတာ ငါ သိလိုက်ရလို့ ငါကျေနပ်တယ်။ လုံးဝ ငါ မငိုဘူး။ ကျေနပ်တယ်"

ဟူသောစကားကြောင့် ဘေးနားတွင်ရှိနေကြသော သူများက စောဖထီး၏ ဆို့နင့်သောစကားကြောင့် ဝမ်းနည်းမိကြသည်။ စောဖထီးကိုလည်း အားလုံးဝိုင်းကာကြည့်နေကြလေတော့သည်။

■

## အခန်း ( ၂ )
## ဟိုင်းရာဇာနဲ့ ရာဇာမင်း

၅ နှစ်ခန့်ကြာသော် ...

"မသင်းမြရေ ... မသင်းမြ"

"ဘာလဲဝေး ... ငါ့အိမ်နောက်မှာ ထမင်းချက်နေတယ်"

"ငါ ဖထီးပါ။ ကလေးလာပို့တာ"

"နင်က ဘယ်သွားမလို့လဲဝေး"

"တောထဲဝင်လိုက်ဦးမယ်"

မသင်းမြက စောဖထီးပြောသောစကားကို နားလည်သည်။ တောထဲဝင်တယ်ဆိုတာ အမဲပစ်ဖို့သိလိုက်သည်။ အရင်လည်း





ကလေးကို လာထားနေကျဖြစ်သည်။ စောဖထီးရဲ့အိမ်နဲ့ မသင်းမြတို့က တစ်အိမ်ကျော်လေးဖြစ်သည်။ သူ၏အိမ်ဘေးကပ်လျက်များက ဆင်ဖမ်းသမား တိုင်းကျော်တစ်ဦးတည်းနေသည်။ သူက လူပျိုကြီးဖြစ်သည်။ ဒါကြောင့် သူ၏တစ်အိမ်ကျော်ဖြစ်တဲ့ မသင်းမြအိမ်၌သာ ကလေးကို ထားနေကျဖြစ်သည်။ မသင်းမြ၏ယောကျ်ားနဲ့ သူတို့က တစ်ဖွဲ့တည်းဖြစ်သည်။ မသင်းမြ၏ယောကျ်ား ကိုဖိုးထူးက သူနဲ့ ညီအစ်ကိုလိုနေသည်။ သူတို့မှာက သမီးလေးရှိပေမယ့် သူ့ရဲ့ကလေးကိုလည်း ချစ်နေကြသည်။ သမီးလေးက ယခုမှ တစ်နှစ်ကလေးသာ ရှိသေးသည်။

စောဖထီးရဲ့ကလေးကလည်း ချစ်စရာလေးဖြစ်သည်။ ယခုဆိုရင် ငါးနှစ်ပင်ရှိနေသည်။ ကျောင်းထားတော့မည်ဖြစ်သည်။ စောဖထီးရဲ့ကလေးနာမည်လေးကိုလည်း ရာဇာမင်းလို့ အမည်ပေးထားလေသည်။ စောဖထီးက ကလေးကို အထုပ်ကလေးတစ်ထုပ်နဲ့အတူ အိမ်ရှေ့တွင် ထားခဲ့လေသည်။

"သား ... ရာဇာ ကျန်ခဲ့နော်။ ဒေါ်လေးက အိမ်နောက်ဖေးမှာ ထမင်းချက်နေတယ်"

"ဟုတ်ကဲ့ ... အဘ။ မြန်မြန်ပြန်လာနော်"

ကလေးက စကားအရမ်းတတ်သည်။ စောဖထီးကိုလည်း အရမ်းချစ်သည်။ စောဖထီးကလည်း သူ တောထဲမဝင်ရင် ကလေးကို သူ့နားက အပျောက်မခံပါ။ ယခုလည်း တောထဲဝင်မှာမို့သာ ထားခဲ့ရသည်။

"မသင်းမြ ... ငါ သွားပြီဟေ့"

"သားလေး ... ညီမလေးနားမှာနေနော်။ ညီမလေးကို ကြည့်ထားလိုက်"

"ဟုတ်ကဲ့ ... အဘ"

မသင်းမြ၏ကလေးက ပုဆိုးကို ပုခက်လုပ်ကာ သိပ်ထား၍ အိပ်နေသည်။ စောဖထီးထွက်သွားပြီးနောက် ရာဇာမင်းလေးက အိပ်နေသည်။ ရာဇာမင်းလည်း အနားမှမခွာဘဲ ကြည့်နေလေသည်။

ထိုအခါ အိမ်နောက်ဘက်မှ မသင်းမြက ထွက်လာပြီး ရာဇာမင်းကို ကြည့်လိုက်သည်။ ပြီးနောက် ...

"သား ... ရာဇာ နန်းမှုံ အိပ်နေပြီလား"

"ဟုတ်ကဲ့ ... ဒေါ်လေး"

ထိုအခါ မသင်းမြက သူ၏လက်ထဲတွင် ထန်းလျက်တစ်လုံး ယူလာခဲ့၍ ရာဇာလေးကို ပေးလိုက်သည်။ ရာဇာလည်း ထန်းလျက်ကိုယူကာ ပါးစပ်ထဲထည့်လိုက် ထုတ်လိုက်လုပ်ကာ စားနေလေသည်။

ထိုအခါ ...

"ဝါး ... ဟား"

ကလေးငိုသံကြား၍ ကလေးဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ နန်းမှုံလေးက နိုးလေသည်။ ရာဇာက ကလေးနားသို့လာပြီးနောက်...

"ယမ်းမှုံ ... ရိုးပြီလား"

ထိုအခါ နန်းမှုံ၏ဘောင်းဘီလေးကိုကြည့်လိုက်သောအခါ စိုရွှဲနေတာ တွေ့လိုက်ရသည်။

"သြော် ... ဒါကြောင့်ကိုး"





ရာဇာလည်း သဘောပေါက်ကာ သူလည်း ဘာမှမလုပ်တတ်၍ နန်းမှုံလေး၏ဘောင်းဘီလေးကို ချွတ်ပေးလိုက်သည်။ ပြီးနောက် ဘောင်းဘီလေးအသစ်တစ်ထည် ပြန်လဲပေးလိုက်သည်။ ထိုအချိန်တွင် မသင်းမြက ဈေးမှပြန်ရောက်လာသည်။

"သား ... ရာဇာ ညီမလေးနိုးနေပြီလား"

"ဟုတ်တယ် ဒေါ်လေး"

ထိုအခါ မသင်းမြက ပုခက်အောက်တွင် ဘောင်းဘီအစိုကို တွေ့၍ ...

"သား ... ရာဇာ ညီမလေးဘောင်းဘီ သား လဲပေးထားတာလား"

"ဟုတ်တယ် ဒေါ်လေး။ ညီမလေး အော်နေလို့ပါ"

"သားက အရမ်းလိမ္မာတာပဲ။ လာ ... လာ ... သားအတွက် မုန့်တွေဝယ်လာတယ်"

မသင်းမြ ဈေးခြင်းထဲမှ မုန့်များကိုယူကာ ရာဇာမင်းကို ကျွေးလိုက်သည်။

❖ ❖ ❖

စောဖထီး တောထဲသို့ရောက်နေသည်မှာ နေ့ဝက်ပစ်ရှိတော့မည်။ သားကောင်များက ပျောက်နေသည်။ သူလည်း စဉ်းစားမရအောင်ဖြစ်နေသည်။ ဒါပေမဲ့ စွဲမလျှော့ပါ။ ဒီထက်ပိုပြီး တောထဲဝင်ရင်တော့ သားကောင်ကြီးတွေ ရမှာပဲဆိုတာ တွေးမိနေတုန်း ...

"ရူး ... ရူး"

စောဖထီး လန့်သွားသည်။ ဒါ ဆင်အော်သံပဲ။ ဒီအော်သံ

က တစ်မျိုးဖြစ်နေသည်။ ဆင်တွေဟာ ရန်သူများအနံ့ရပြီဆိုလျှင် သူတို့၏အမျိုးအနွယ်များက အသံဖြင့် သတိပေးလေ့ရှိသည်။ သူတို့၏ ရန်သူဆိုတာကလည်း လူသားတွေပဲဆိုတာ သူတို့သိကြသည်။ စောဖထီးက ဆင်ဖမ်းသမားဆိုတော့ ဆင်တွေရဲ့အကျင့်စရိုက်များကို လေ့လာထားသူဆိုတော့ ယခု အော်လိုက်သော ဆင်အော်သံက တစ်မျိုးဖြစ်နေသည်။

"ဒါ ... ဆင်အကြီးအကဲရဲ့အော်သံပဲ"

ဘာများဖြစ်သလဲ သိချင်နေမိသည်။ စောဖထီးလည်း သစ်ပင်ကြီးတစ်ပင်ရဲ့အပေါ်ကို တက်ကာ ကြည့်လိုက်သည်။ သူတက်လိုက်သောအပင်ရဲ့ ကိုက် နှစ်ရာအကွာလောက်တွင် ဆင်တစ်အုပ်ကို တွေ့လိုက်ရသည်။ ဆင်တစ်အုပ်သာပြောသည်။ ဆင်အားလုံးမှ ၁၀ ကောင်တောင်မပြည့်ပါ။ ဆင်များက သူ့ဘက်သို့လျှောက်လာနေကြသည်။ ပထမရှေ့ဆုံးမှ စွယ်စုံဆင်ကြီးတစ်ကောင်နဲ့ သူ၏ဝဲယာတွင် ဆင်နှစ်ကောင်က ကပ်လျက်ပါလာသည်။ ၄င်းဆင် သုံးကောင်၏နောက်မှ ဆင်သားလေးတစ်ကောင်က သူ၏နံဘေး မိခင်ဆင်မကြီးနားနောက်မှ အမြီးစကို နှာမောင်းလေးနဲ့ ကိုင်ကာ လိုက်လာခဲ့သည်။ စောဖထီးလည်း ဆင်လေးကို သေချာစွာကြည့်လိုက်မိသည်။

"ဟင် ... ဆင်လေးက အုန်းခွံရောင်လေးပါလား။ ဒီလိုဆင်မျိုးရှားသည်။ ငယ်သေးလို့ထင်တယ်။ ဆင်ဖြူတော်လေးများလား မသိဘူး။ ဒါကြောင့်လည်း ဆင်ကြီးတွေက သူ၏ဆင်မကြီးနဲ့ သားလေးကို ကာကွယ်ပေးနေကြတာကိုး"

စောဖထီး သစ်ပင်ပေါ်မှ မြင်သမျှကိုကြည့်ပြီး တစ်ယောက်





တည်း ဝေဖန်နေမိသည်။ ထိုအချိန်တွင် သူ၏နောက်မှ သစ်ကိုင်းခြောက်ကျိုးသံတစ်ခု ကြားလိုက်ရသည်။

"ချောက်"

"ချောက်"

သစ်ကိုင်းခြောက်က နှစ်ချောင်းတောင်ကျိုးသံကြားလိုက်ရသည်။ ပြီးနောက် အသံများ တိတ်သွားသည်။ စောဖထီးက သစ်ပင်ပေါ်မှ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။ အောက်မှ လျှောက်လာသူများက စောဖထီးရောက်နေသော အပင်နားသို့ ကပ်လာကြသည်။ စောဖထီးက သစ်ရွက်ရိပ်များများရှိသော အကိုင်းဘက်သို့ ကူးကာ အကိုင်းကြားနှစ်ခုကြားမှ အောက်မှ လှုပ်ရှားမှုများကို အကဲခတ်နေလိုက်သည်။

အောက်မှ ရောက်နေကြသူများက ဆင်ခိုးဖမ်းတဲ့အဖွဲ့တစ်ဖွဲ့ဆိုတာ စောဖထီး သိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်ဟုထင်ရသောသူက နောက်မှလိုက်လာသောသူအား လက်ဝါးထောင်ကာ အသံတိတ်ဖြင့် ရှေ့သို့လက်ညှိုးထိုးပြလိုက်သည်။

ထိုအခါ နောက်မှလိုက်လာသောသူက ၄င်းရှေ့မှလူ ပြသောရှေ့သို့ ကြည့်လိုက်သောအခါ ဆင်တစ်အုပ်ကို တွေ့လိုက်ရသည်။

"ဟင် ... ဆင်တွေပါလား။ ဟန်ကျတာပဲ"

၄င်းလူက တိုးတိုးလေးပြောလိုက်သည်။ ထိုအခါ ရှေ့မှလူက ...

"ငါတို့ အနားကပ်ဖို့တော့ မလွယ်ဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆင်က လိုက်ရှာနေတာ မတွေ့ဘူးလား"

ဟုတ်ပါသည်။ ရှေ့ဆုံးက ဆင်က ရန်သူအနံ့ကို နှာမောင်း ထောင်ကာ ပတ်ဝန်းကျင်ကို လိုက်ပြီး အနံ့ခံနေတာ သူတို့တွေ့လိုက် သည်။ စောဖထီးလည်း တွေ့သည်။ ထိုအခါ ရှေ့ဆုံးမှလူက ...

"မောင်ထွန်းက ပထမဆုံးဆင်ကြီးကို ပစ်။ ငါတို့က သူ့အေးက ဆင်နှစ်ကောင်ကို တစ်ယောက်တစ်ကောင်စီ တာဝန်ယူ တယ်။ ကျန်တဲ့လူတွေက ဆင်တွေထွက်ပြေးရာနောက်ကို လိုက်ပြီး မောင်းထုတ်။ ကြားတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... ဆရာ"

ကျန်လူနှစ်ယောက်က ထောက်ခံကာ သစ်ပင်နောက်မှာ တစ်ယောက်၊ ချုံပုတ်တစ်ခုထဲသို့ တစ်ယောက် ပစ်ကွင်းရှာကာ ဝင်ရောက်နေရာယူလိုက်ကြသည်။ ထိုအခါ ခေါင်းဆောင်လုပ်သူက စွယ်စုံဆင်ကြီး၏ လက်ဖျံကို ချိန်လိုက်သည်။ ပြီးနောက် ...

"ဒိုင်း"

နောက် ဒုတိယ ... "ဒိုင်း"

နောက် တတိယ ... "ဒိုင်း"

ဟူသော သေနတ်သံသုံးချက် ထွက်ပေါ်လာပြီးနောက် စွယ်စုံဆင်ကြီးမှာ ဘိုင်းခနဲမြေကြီးပေါ်သို့ ပစ်လဲကျသွားသည်။ စွယ်စုံ ဆင်ကြီးကျသွားတာ နံဘေးရှိ ဆင်များက မြင်တွေ့လိုက်၍ ရန်သူ များရှိနေပြီဆိုတာ သိလိုက်၍ ထွက်ပြေးရန် ဆင်ကြီးနားမှ ခွာလိုက် ကြသည်။

ထိုအခါ နောက်နှစ်ဦးက ဆက်တိုက်ပစ်လိုက်သော သေနတ် သံနှစ်ချက်ကြောင့် ဆင်တစ်ကောင်သာ ထိမှန်ကာ လဲကျသွားလေ





သည်။ စွယ်စုံဆင်ကြီး လဲကျသွားလို့ ဆင်မကြီးနဲ့ ဆင်ဖြူဆင်လေး က တောထဲသို့ ဝင်ပြေးသွားသည်။ သို့သော် သူနဲ့အတူရှိနေသော ဆင်မကြီးမှာ သူ၏မိခင်မဟုတ်ဘဲ သူ့နားတွင်ရှိနေသော ဆင်မ တစ် ကောင်သာ ဖြစ်လေသည်။

ထိုသို့ တောထဲသို့ ဝင်ပြေးခဲ့သော်လည်း ဆင်ဖြူလေးမှာ ဘယ်ဘက်သို့ပြေးရမှန်းမသိဘဲ ချုံပုတ်တစ်ခုထဲသို့ ဝင်ရောက်ကာ ပုန်းနေလိုက်သည်။ ထိုသို့ဝင်ရောက်ပုန်းနေသော ချုံပုတ်မှာ သူ၏ အရပ်ထက်မြင့်၍ အပြင်မှကြည့်လျှင် မမြင်နိုင်ပေ။

ဆင်များ ဘေးလွတ်ရာသို့ ပြေးနေကြ၍ ဆင်ဖြူလေးမှာ ချုံပုတ်ထဲမှ မထွက်ရဲပါ။

ဆင်ခိုးဖမ်းသူများ တခြားဆင်များ ထွက်ပြေးသွားကြ၍ ဆက်ပြီး မလိုက်ကြတော့ဘဲ သေနတ်မှန်၍သေနေသော စွယ်စုံဆင် ကြီးနားသို့ ပြန်လာခဲ့ကြသည်။

ထိုအခါ ခေါင်းဆောင်လုပ်သူက ကျန်လူများကို အစွယ် များ ဖြတ်စေသည်။ ဆင်ထီးနှစ်ကောင်သေဆုံး၍ ဆင်စွယ် ၂စုံ ရလိုက်သည်။

ဆင်ဖမ်းသမားများသည် ဆင်စွယ်များ ဖြတ်တောက်ပြီး နောက် မိမိတို့စခန်းရှိရာသို့ ပြန်ခဲ့လေသည်။ ထိုအချိန်တွင် ဆင်မကြီး တစ်ကောင်က သူ၏သားဆင်ဖြူလေး ပျောက်နေ၍ လိုက်ရှာနေသည်။ ဆင်များအုပ်စုကွဲကာ ပြေးနေရသောကြောင့် ဆင်မကြီးမှာ မိမိ၏ သားလေးကို ရှာကြည့်သည်။ ဘယ်မှရှာလို့မတွေ့ပါ။ သူတို့နဲ့လည်း မပါလာဘူးဆိုတာ နောက်မှ သိလိုက်သည်။ ဆင်မကြီးမှာ မိမိ၏

သားကြောင့် ဒေါသအိုးပေါက်ကွဲနေမိသည်။ မိမိတို့နောက်သို့ လိုက်နေသောလူများကိုလည်း ဆင်မကြီးက မှတ်မိနေသည်။

ထိုအချိန်တွင် ဆင်ဖြူလေးမှာ ရန်သူများပြန်လာနိုင်၍ ချုံပုတ်ထဲမှ မထွက်ရဲသေးပါ။ ထိုအခါ ချုံပုတ်နားသို့ လျှောက်လာနေသော ခြေသံကို ကြားလိုက်သည်။

တကယ်တော့ ဆင်ဖြူနားသို့လျှောက်လာနေသော ခြေသံမှာ စောဖထီးပင်ဖြစ်လေသည်။ သူက သစ်ပင်ပေါ်မှ အရာအားလုံးကို မြင်တွေ့နေရ၍ ဆင်းမလာပါ။ အားလုံးပြီးဆုံး၍ ဆင်ခိုးသမားများ ပြန်သွားမှ ဆင်းလာခဲ့သည်။ သူဆင်းလာပြီး ဆင်ခြေရာများကို ကြည့်ကာ နောက်မှ လိုက်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ဆင်ဖြူတော်လေးနောက်သို့ မှန်းကာ လိုက်ခဲ့သည်။ သူ သစ်ပင်ပေါ်မှ ကြည့်နေတုန်း ဆင်ဖြူတော်လေး ထွက်ပြေးသွားရာလမ်းကြောင်းကို ကြည့်နေခဲ့သည် မဟုတ်ပါလား။

ယခုလည်း ဆင်ဖြူတော်လေး၏ခြေရာဟု ထင်ရသော ခြေရာလေးကြောင့် သူက ဒီချုံပုတ်နားတွင် ရပ်သွားခဲ့သည်။ ဆင်ဖြူတော်လေးက ချုံပုတ်ထဲမှ သူ့နားသို့ကပ်လာသောလူကို ကြည့်နေသည်။ ထိုသူကို ကြည့်ရသည်မှာ သူ့ကို ရန်ပြုလိုသည့်အနေအထား မရှိမှန်း ကြည့်တာနဲ့သိလိုက်သည်။ ဒါကြောင့် ဆင်ဖြူလေးသည် ချုံပုတ်ထဲမှ အပြင်သို့ ထွက်လာခဲ့လေသည်။ ထိုအခါ စောဖထီးက ဆင်လေးနားသို့ ကပ်လာပြီး နှာတံပေါ်သို့ လက်ဝါးဖြင့်သပ်ပေးလိုက်သည်။ ပြီးနောက်

"ငါက နင့်ကို ဘာမှမလုပ်ပါဘူး။ ကူညီ





ပေးမလို့ပါ။ ယခုဆိုရင် ဆင်လေးတို့ အဖေနဲ့အမေက ဘယ်ရောက်နေမှန်းမသိတော့ဘူး။ ဒီတော့ ယခု ငါနဲ့လိုက်ခဲ့ပါ။ အန္တရာယ်မရှိစေရပါဘူး"

ဟုပြောကာ ဆင်လေး၏ကိုယ်ကို သပ်ပေးကာ ပြောလိုက်သည်။ ဆင်လေးကလည်း နားလည်သည့်သဘောဖြင့် စောဖထီးကိုသာ ကြည့်နေသည်။ ထိုသို့ကြည့်နေသော ဆင်လေးကို စောဖထီးက သဘောပေါက်ကာ သူ၏စကားကို နားလည်သည်ဟုယူဆကာ သူ့တွင်ပါလာသော ကြိုးဖြင့် ဆင်လေးကို ချည်လိုက်လေသည်။ ထို့နောက် ဆင်လေးကိုဆွဲကာ ရွာသို့ပြန်လာခဲ့လေတော့သည်။

စောဖထီး ရွာထဲသို့ဝင်လာသည်။

"ဟာ ... ဆင်ဖြူတော်လေးပါလား"

"ဟင် ... ထူးဆန်းလိုက်တာ"

တချို့ရွာသားများက စောဖထီးကို အံ့သြသောအကြည့်ဖြင့် တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြသည်။ တချို့ အထင်ကြီးသော၊ လေးစားသောအကြည့်ဖြင့် ကြည့်ကြသည်။ တချို့က အံ့သြ၍ မေးကြသည်။

"ဝေး ... စောဖထီး ဆင်ဖြူတော်ကို ဘယ်လိုရခဲ့လဲဝေး"

စောဖထီးနဲ့အတူ ဆင်ဖမ်းအဖွဲ့က စောဖထီးကို မေးကြသည်။ ထိုအခါ စောဖထီးက ...

"ငါတောထဲမှာ တွေ့လာခဲ့တယ်ဝေး။ ဒါကြောင့် ခေါ်လာခဲ့တယ်"

တကယ်တော့ စောဖထီးက အကြောင်းစုံမဖော်ပြတော့ဘဲ

ဆင်ဖမ်းသမားများ ဆင်စွယ်ခိုးတဲ့သူများကို သူက မုတ်မိလိုက်သည်။ ဒီအကြောင်းတွေသာ အားလုံးပြောပြနေရင် သူ့အတွက်ပါ အန္တရာယ် ဖြစ်လာမှာစိုးရသည်။ ပြီးတော့ ဆင်ဖြူတော်လေးအတွက်လည်း အန္တရာယ်ရှိသည် မဟုတ်ပါလား။

စောဖထီး ရွာထဲရှိ သူ၏အိမ်နားသို့ရောက်လာသည်။ ဒီတစ်ခါ စောဖထီး တောထဲသွားတာ တစ်နေကုန်မဟုတ်ဘဲ ညနေ စောင်းမှာ ပြန်ရောက်လာတဲ့အတွက် ရွာထဲမှလူများက စောဖထီးကို အံ့သြနေကြသည်။ ဘာကြောင့်လည်းဆိုတော့ ဆင်ဖြူတော်လေးပါ ပါလာခဲ့သည်မဟုတ်ပါလား။ ထိုအချိန်တွင် သူ၏တပည့်လည်းဖြစ် အားအကိုးရဆုံးသူလည်းဖြစ်တဲ့ မောင်ဉာဏ်က …

"ဝေး … ဖထီး … တောထဲသွားတာ မြန်လှချည်လား။ ဆင်ဖြူတော်လေး ရလာတာ ထူးဆန်းတယ်။ ဘယ်လိုများ ရလာတာလဲ ပြောပြပါဦး"

ထိုအခါ စောဖထီးက …

"နောက်မှ ပြောပြမယ်ဝေး။ ဆင်ဖြူတော်လေးကို နေရာ သွားလုပ်လိုက်ဦးမယ်"

ဟုပြောပြီး စောဖထီးက စကားကိုဖြတ်ကာ သူ၏ အိမ်ရှိရာသို့ လာခဲ့လေသည်။ စောဖထီးရဲ့အိမ်ဆိုပေမယ့် တဲလေးသာသာ ဖြစ်သည်။ သူ၏အိမ်ပတ်ဝန်းကျင်ကိုတော့ ဝါးကပ်များဖြင့် ဝါးလုံး တန်းထိုးကာ ကာထားသည်။ ဆင်ဖြူတော်လေးကိုတော့ သူ၏အိမ် နောက်ဘက် ခြံထောင့်နားတွင် ယာယီနေရာလေးလုပ်ပေးထားသည်။

ရွာမှလူများက စောဖထီး ဆင်ဖြူတော်လေးရလာသည်ကို





တစ်ယောက်တစ်ခွန်းကြောင့် ကြားရလို့ စောဖထီးရဲ့အိမ်သို့ ရောက် လာပြီး လာမေးကြသည်။ စောဖထီးမှာလည်း ဆင်ဖြူတော်လေး အကြောင်း ပြောပြရသည်မှာ အမောဖြစ်ခဲ့ရသည်။ ဒါပေမဲ့ အမှန်ကို တော့ မပြောပြပါ။ နောက်နေ့များတွင် ရွာမှလူများက ဆင်ဖြူတော် လေးအတွက် စားစရာများ၊ ငှက်ပျောသီး၊ ငှက်ပျောဖူးများ၊ ကြံများ လာရောက်ပေးကြလေသည်။

ဆင်ဖြူတော် ကြောင့် ရာဇာမင်းလေးလည်း အရမ်း ပျော် နေသည်။ အိပ်ရာထပြီးတိုင်း ဆင်ဖြူတော်လေးနားသို့သွားကာ စကား များ သွားပြောနေသည်။

တစ်နေ့တွင် ရာဇာမင်း အိပ်ရာမှနိုးပြီး ဆင်ဖြူတော်လေး နားသို့ သွားကာ …

"ဟိုင်း … ဟိုင်း"

ဟူသော ခေါ်လိုက်သည်။ ထိုအခါ ဆင်ဖြူတော်လေးက နှာမောင်းလေးကို အပေါ်သို့ထောင်ကာ …

"ဝူး … ဝူး"

ဟူသောအသံဖြင့် ပြန်ထူးလေသည်။ ထို့နောက် ရာဇာမင်း က ဆင်ဖြူတော်လေးနားသို့ကပ်ကာ နှာတံလေးပေါ်သို့ လက်ဖြင့် ပွတ်ကာ …

"မင်းကို နာမည်တစ်ခုပေးမယ်ကွ။ ငါ့နာမည်က ရာဇာ မင်းဆိုတော့ မင်းနာမည်က ဟိုင်းရာဇာပေါ့ … နော် ဟုတ်လား"

ဟုပြောကာ ရာဇာမင်းက ဆင်ဖြူတော်လေးကိုကြည့်ကာ ပြုံးလိုက်သည်။ ဆင်ဖြူတော်လေးကလည်း ရာဇာမင်းကို ကြည့်ကာ

သူ၏နှာမောင်းဖြင့် ရာဇာမင်း၏မျက်နှာတစ်ခုလုံးကို နမ်းစုပ်နေလေသည်။ ဒါကို ရာဇာမင်းက သဘောကျကာ ...

"ဟား ... ဟား ... ဟား"

ဟု သဘောကျရယ်မောပြီး ...

"ရှူး ... ရှူး ... ရှူး"

ဟူသောအသံဖြင့် ဆင်ဖြူတော်လေးက ပြန်ထူးနေလေတော့သည်။ ရာဇာမင်းနဲ့ ဟိုင်းရာဇာတို့၏ သံယောဇဉ်ကတော့ ယနေ့မှ ပိုပြီးတွယ်ယှက်လာကြသည်ဟု ထင်ရလေသည်။

■



## အခန်း ( ၃ )
## ချစ်ချင်းမလှယ်ကြခြင်း

အိပ်ရာက ထထချင်း ရာဇာမင်း ဆင်ဖြူတော်လေးနားသို့ ရောက်သေနည်။ ယနေ့လည်း ရာဇာမင်း ဆင်ဖြူတော်နား ရောက်လာပြီး ...

"ဟိုင်း ... ဟိုင်း"

"ရှူး ... ရှူး"

ဟုအော်ကာ ဟိုင်းရာဇာလေးက ရာဇာမင်းကို နှာမောင်းဖြင့် ရစ်ပတ်လိုက်သည်။ ထိုအခါ ရာဇာမင်းက သူ့လက်ကို နောက်ပစ်ကာ ယူလာသော ကြံတစ်ချောင်းကို ဆင်ဖြူတော်လေးကို ကျွေးလိုက်သည်။ ဒီလိုလုပ်နေတာကလည်း ဒီတစ်ရက်တည်း မဟုတ်ပါ။

နေ့တိုင်းဖြစ်လေသည်။ နံနက်အိပ်ရာထတိုင်း ကြံတစ်ချောင်းကိုင်ကာ ဟိုင်းရာဇာနားသို့ နေ့စဉ်မပျက်သွားနေကျဖြစ်သည်။ သူ လာပြီဆိုလျှင် ဆင်ဖြူတော်လေးကလည်း ပျော်လို့လား သတိရလို့လား မသိပါ။ ခြေတွေ၊ လက်တွေ လှုပ်ရှားနေသည်မှာ အငြိမ်နေတော့ပါ။

ဟိုင်းရာဇာကလည်း ရာဇာမင်းဆို နံနက်အိပ်ရာထတိုင်း မျှော်နေကျဖြစ်သလို ရာဇာမင်းကလည်း အိပ်ရာထထချင်း ဟိုင်းရာဇာနားသို့ မသွားရလျှင် မနေနိုင်အောင် ဖြစ်နေကြသည်။ ထိုသို့ရှိစဉ် …

"ဝေး … ဖိုးခွား"

အိမ်ထဲမှ ဖထီး၏ခေါ်သံကို ရာဇာမင်းကြားပြီး …

"လာပါပြီ အဘ"

ရာဇာမင်း ဖထီးနားသို့ ရောက်သော် …

"မျက်နှာသစ်လေ … ဝေး။ နေ့တိုင်းပဲ ဆင်ဖြူလေးနားသွားနေတာ။ ပြီးတော့ မတွေ့ရမှာကျနေတာပဲ"

ဖထီးက သူ၏သားကို ပြောသာပြောနေသည်။ သူ၏သားနဲ့ ဆင်ဖြူလေးတို့ရဲ့ သံယောဇဉ်ကို ဖထီးနားလည်သည်။ ဆင်ဖြူလေးကလည်း ရာဇာမင်းကို အရမ်းသံယောဇဉ်ကြီးသည်။ ရာဇင်မင်းကျွေးတဲ့အစာဆိုရင် အများကြီးစားသည်။ သူကျွေးရင် နည်းနည်းပဲစားပြီး ထားလိုက်သည်။ ဖထီးက ဆင်ဖြူလေးနဲ့ ရာဇာမင်းတို့ရဲ့ သံယောဇဉ်ကြီးမယ်ဆိုလည်း ကြီးလောက်ပါတယ်။

ယခုဆိုရင် ရာဇာမင်း အတန်းတက်ဖို့ မြို့နားသို့ သွားရမည်။ ဆင်ဖြူလေးက လိုက်ပို့နေကျဖြစ်သည်။





"သား … ဖိုးခွား ရေချိုးတော့လေ။ ကျောင်းသွားရတော့မယ်"

"ဟုတ်ကဲ့ ဖထီး"

ရာဇာမင်း ကျောင်းသွားဖို့အတွက် အားလုံးပြင်ဆင်ပေးပြီးဖြစ်နေသည်။ ဖထီးက ဆင်ဖြူတော်လေးကို တဲအတွင်းမှ ထုတ်ခဲ့သည်။ အိမ်ရှေ့သို့ရောက်သော် ဆင်ဖြူတော်က မြေကြီးတွင် ဝပ်ပေးလိုက်သည်။ ထိုအခါ ဖထီးက သူ၏သား ဖိုးခွားလေးကို ဆင်ဖြူတော်ပေါ်တက်ရန် မတင်ပေးလိုက်သည်။ သူပါ ခေါင်းဘက်တွင်ထိုင်ပြီးနောက် ဆင်ဖြူတော်လေးက မတ်တတ်ရပ်ကာ ကျောင်းရှိရာသို့ ထွက်လာလေတော့သည်။

ဖထီးတို့နေရာနဲ့ မြို့ကျောင်းက တစ်မိုင်ကျော်လောက်တော့ဝေးသည်။ နေ့တိုင်း ပို့နေကျဖြစ်သည်။ ဆင်ဖြူတော်လေးက ရာဇာမင်းကျောင်းပို့ပြီး ပြန်ခဲ့သည်။ စိတ်ထဲက မကောင်းဖြစ်တာ ရာဇာမင်းက သိသည်။ ဘာကြောင့်လဲဆိုတော့ မြို့ကျောင်းကို သူ စတက်တဲ့နေ့ကစပြီး တစ်နေကုန်ခွဲနေရသည် မဟုတ်ပါလား။ ရာဇာမင်းလည်း ဆင်ဖြူတော်လေး ပြန်သွားတာ စိတ်မကောင်းဖြစ်မိပါသည်။ ဘယ်တတ်နိုင်မလဲ။ ကျောင်းတက်မှ ပညာတတ်မည်၊ ပညာတတ်မှ ဖထီးတို့လို တောထဲမှာ မနေရမှာ မဟုတ်ပါလား။

ဖထီးကလည်း သူ့ကို အမြဲမှာနေကျဖြစ်သည်။

"သား … လူလေး … ပညာတတ်အောင် သင်နော်။ ပညာတတ်မှ သားက မြို့ကြီးမှာ အလုပ်လုပ်ရမှာ။ လူတွေအများကြီးနဲ့ နေရမှာ။

ဖထီးတို့လို ပညာမတတ်တော့ ယခုလို တောထဲမှာပဲ နေရပြီး ဆင်းရဲနေမှာပေါ့"

ဟု ဖထီးပြောခဲ့သောစကားများကို ရာဇာမင်း ကြားယောင်နေမိသည်။ တစ်နေကုန် ကျောင်းတက်ရတာ စိတ်ထဲမှာတော့ ပင်ပန်းသလို ဖြစ်မိပေမယ့် ညနေကျ ဟိုင်းရာဇာလေးကို မြင်လိုက်ရရင် စိတ်ထဲမှာ ပျော်သလိုဖြစ်မိသည်။

"အင်း … ဟိုင်းရာဇာလေးလည်း တော်တော်ကြီးလာပြီ။ အေးလေ ငါတောင် အထက်တန်းကျောင်းရောက်နေပြီပဲ။ သူလည်း ကြီးလာပြီပေါ့"

ရာဇာမင်းရဲ့ ကလေးမကျ လူကြီးမကျအရွယ်တွင် တွေးချင်ရာတွေးနေမိသည်။ ထိုအချိန်တွင် …

"ဝူး … ဝူး … ဝူး"

ဟိုင်းရာဇာလေးက အဝေးမှပဲ အသံပေးကာ လာနေသည်။ ထိုအသံကို ရာဇာမင်း ကောင်းကောင်းသိသည်။ ဟိုင်းရာဇာ လာရာ လမ်းဘက်သို့ ကြည့်လိုက်သည်။

ပြီးနောက် ဟိုင်းရာဇာလာတဲ့ဘက်သို့ ပြေးကာ ဖက်လိုက်သည်။ ထိုအခါ ဟိုင်းရာဇာကလည်း နှာမောင်းဖြင့် ရာဇာမင်းကို နမ်းရှုပ်နေသည်။ ထိုအခါ ဖထီးက …

"လူလေး … ဖိုးခွား တက်။ သွားကြမယ်"

တစ်နေ့တာ ကျောင်းတက်ကျောင်းဆင်းကိစ္စတစ်ခု ပြီးဆုံးသွားပေမယ့် ဟိုင်းရာဇာနဲ့ ရာဇာမင်းတို့ရဲ့ သံယောဇဉ်တို့ကတော့ ဘယ်တော့မှ ပြီးဆုံးသွားလိမ့်မည် မဟုတ်ပါ။



## အခန်း ( ၄ )
## ထူးဆန်းသောဖြစ်ရပ်

တစ်နေ့တွင် ချောင်းစပ်တစ်ခုတွင် ဟိုင်းရာဇာနဲ့ ရာဇာမင်းတို့ ရေဆင်းချိုးနေကြသည်။ ဟိုင်းရာဇာက နှာမောင်းဖြင့် ရေများကို စုပ်ကာ ရာဇာမင်းကို ဖြန်းပက်ကာပေးနေသည်။ သူတို့နှစ်ဦးသား ချောင်းထဲတွင်ရှိနေကြသည်။ ထိုအချိန်တွင် …

"ဝူး … ဝူ"

"ဝူး … ဝူး"

ရာဇာမင်းက ဆင်များ၏ အော်သံကို ကြားလိုက်ရသည်။ ဆင်များနောက်သို့ ရန်သူများက လိုက်လာ၍ ပြေးလာသော အခြေအနေမျိုးဆိုတာ ရာဇာမင်း သိလိုက်သည်။ သူတို့မှာက ပြေးဖို့ အချိန်

မရပါ။ ဆင်းများရဲ့တောတိုးသံများက တဖြည်းဖြည်းနီးလာသည်ဟု ထင်ရသည်။ ဒါနဲ့ ရာဇာမင်းက ချောင်း၏နံဘေး ချုံစပ်တစ်ခုထဲသို့ ဝင်ရောက်ပုန်းနေလိုက်သည်။ ဟိုင်းရာဇာကတော့ အကောင်ကြီး၍ ဘယ်လိုမှပုန်းလို့မရပါ။

ထိုအချိန်တွင် ဆင်များ ချောင်းထဲသို့ဆင်းပြေးလာတာ တွေ့ရသည်။ ဟိုင်းရာဇာက ဆင်များ ပြေးဆင်းလာသောဘက်သို့ ကြည့်နေသည်။ ထိုအခါ ဆင်များက ဆင်ဖြူတော်လေး၏နံဘေးမှ ဖြတ်ကာ ချောင်းတစ်ဖက်သို့ ပြေးတက်သွားတာ တွေ့လိုက်ရသည်။ ထို့နောက် နောက်မှ လိုက်လာသော ရန်သူများဟုထင်ရသော လူတစ်စု ၁၀ ယောက်ခန့် ရှိမည်ဟု ထင်ရသည်။

"ဟိုက် ... သွားပြီ။ ငါ့ရဲ့ဆင်ဖြူတော်လေးကို တွေ့သွားရင်တော့ သူတို့ ဖမ်းသွားကြလိမ့်မယ်" ဟု စိုးရိမ်နေမိသည်။

ထိုအခါ ဆင်ဖမ်းမုဆိုးများကို ဆင်စွယ်ခိုးသူတွေလားဆိုတာ သူကတော့ မသိပါ။ သူ၏ဖထီးကတော့ သိနိုင်သည်။ ဆင်ဖြူတော်ကတော့ သူ့ဟာသူ ချောင်းထဲတွင်နေမြဲ ရပ်နေလျက်ရှိသည်။

ထိုအခါ ဆင်ဖမ်းသမားထဲမှ တစ်ဦးက ...

"ဖိုးထောင် လိုက် ... လိုက် ... ဟိုဘက်ချောင်းစပ်ကို ဆက်လိုက်ရအောင်"

သူတို့ပြောနေပုံက သူ၏ဆင်ဖြူတော်ကို မမြင်တာလား၊ မြင်လျက်နဲ့ ဘာမှမလုပ်ဘဲ ပြေးသွားသောဆင်အုပ်နောက်သို့သာ မဲနေကြသည်။

ဆင်ဖမ်းသမားများသည် ဟိုင်းရာဇာနံဘေးမှ ကပ်ပြီး ပြေး





သွားသော ဆင်များနောက်သို့သာ လိုက်သွားကြသည်။ ထူးဆန်းတာက သူပါရှိနေလျက် သူ့ကိုလည်း မမြင်တာလား၊ မြင်လျက်နဲ့ သွားကြတာလားဆိုတာ နားမလည်ဖြစ်မိသည်။

တကယ်တော့ ဒီချောင်းစပ်က သူတို့၏ရွာနဲ့က ၃ ဖာလုံလောက်ဝေးသည်။ သူတို့၏ရွာက တောင်ဘက်အောက် ဖြစ်သည်။ ယခု ဆင်ဖမ်းသမားများက ဆင်များပြေးသွားတဲ့ မြောက်ဘက်သို့ လိုက်သွားခြင်းမဟုတ်ဘဲ သူတို့လိုက်သွားတာက ချောင်း၏အပေါ်ဘက်သို့ ဖြစ်သည်။

.ရာဇာမင်း နားမလည်အောင်ဖြစ်နေသည်။ ဆင်ဖြူတော်လေးကို ကြည့်လိုက် ဆင်နောက်လိုက်သွားသူများကို ကြည့်လိုက်နဲ့ အံ့ဩနေမိသည်။ တကယ်ဆိုရင် ဆင်ဖမ်းသမားများသည် ဟိုင်းရာဇာကို တကယ်တွေ့ခဲ့ရင်တော့ ဖမ်းကြမှာပဲဟု သူ ယုံကြည်သည်။ ဘာကြောင့်လဲဆိုတော့ ဆင်ဖြူတော်လေး ဖြစ်နေသောကြောင့်ဖြစ်သည်။

ရာဇာမင်းလည်း ဆင်ဖမ်းသမားများ ခပ်လှမ်းလှမ်းသို့ရောက်မှ ပုန်းနေသော ချုံစပ်ထဲမှ ထွက်လာခဲ့သည်။ ဟိုင်းရာဇာရှိသောဘက်သို့လာပြီး နှာတံလေးကို ပွတ်နေမိသည်။ သူကိုယ်တိုင် တကယ်တွေ့လိုက်ရသောမြင်ကွင်းကို နားမလည်နိုင်တော့ပါ။ ထိုအချိန်တွင် ...

"ဝူး ... ဝူး ... ဝေါင်း"

"ဒိုင်း ... ဒိုင်း"

ဆင်ဖမ်းသမားများ လိုက်သွားသည့်ဘက်မှ သေနတ်သံနှစ်ချက်ကြားလိုက်ရသည်။ ရာဇာမင်းအနေနဲ့က တစ်ယောက်တည်း

ဆက်ပြီး လိုက်မကြည့်နိုင်တော့ပါ။ ဟိုင်းရာဇာလေးကို ခေါ်ပြီး ဆင်ပိုင်းရှိရာသို့ ပြန်ခဲ့လေတော့သည်။

■



**အခန်း ( ၅ )**

**ဝါးဆစ်ဘူးလေးနဲ့ ရာဇာမင်း**

တစ်နေ့တွင် ရာဇာမင်း ဟိုင်းရာဇာနဲ့အတူ ကျောင်းမှ ပြန်လာသည်။ ဆင်ပိုင်းနားသို့မရောက်ခင်တွင် သူငယ်ချင်းအုပ်စုက …

"ဟေး … ရာဇာ ကျောင်းပြန်လာပြီလား"

"အေး … မင်းတို့က ဘာလုပ်နေကြတာလဲ"

"မင်းကို စောင့်နေတာ"

"ဘာလုပ်မလို့လဲ"

"ချောင်းထဲမှာ ရေသွားဆော့ကြမလို့"

ရာဇာမင်းလည်း ရေဆော့မယ်ဆိုလို့ သူပါရေကူးချင်လာသည်။ ထို့ကြောင့် သူငယ်ချင်းများကို ပြန်ပြောလိုက်လေသည်။

"မင်းတို့သွားနှင့်ကြ။ ငါ ဟိုင်းရာဇာနဲ့အတူ လိုက်လာခဲ့မယ်"

"မင်း တကယ်လာမှာနော်"

"အေးပါကွ။ ငါ ဘယ်တုန်းကများ ကတိပျက်ဖူးလို့လဲ"

"အေး … အေး … ဒါဆို ငါတို့သွားမယ်"

ရာဇာမင်း၏သူငယ်ချင်းအုပ်စု စုစုပေါင်း ငါးယောက်ဖြစ်တဲ့ သံချောင်း၊ ဖိုးပိန်၊ အရိုး၊ ဆင်ကြီးနဲ့ ငဖောင်ရိုး ဖြစ်ကြသည်။ သူတို့အားလုံး ရာဇာမင်းရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်သလို တစ်ရွာတည်း ဆင်ဝိုင်းတစ်ဝိုင်းတည်းတွင် အတူတူကြီးပြင်းလာသူများ ဖြစ်ကြသည်။ ရာဇာမင်းတစ်ဦးသာလျှင် သူ၏ဖထီးက မြို့ကျောင်းမှာထား၍ သူငယ်ချင်းများနဲ့ ကွဲခဲ့သည်။ ဒါပေမဲ့ ကျောင်းပြန်လာတိုင်း ဆော့ကစားနေကြဖြစ်သည်။ ယခုဆိုရင် ရာဇာမင်း မြို့ကျောင်းတွင် ရှစ်တန်း ကျောင်းသားကြီးတစ်ဦး ဖြစ်နေပြီဖြစ်သည်။

ဖထီးကလည်း သူ့ကို ပညာတတ်တစ်ဦးဖြစ်စေချင်သည်။ မိမိလို ဆင်ဖမ်းသမား၊ ကြေးစားတစ်ဦး မဖြစ်စေချင်ပါ။ အစိုးရက ဆင်များလိုချင်လို့ လာမှာမှသာ သူတို့၏ဆင်ဝိုင်းတွင် အလုပ်ရကြသည်။ ဆင်တစ်ခါဖမ်းမိရင်လည်း ဆင်ရိုင်းများကို ကျုံးသွင်းခြင်း၊ ယဉ်ပါးအောင် ပြုလုပ်ခြင်းနှင့် သစ်လုံးများ ဆွဲနိုင်တဲ့အခါမှ အင်္ဂလိပ်အစိုးရလက်ထဲ အပ်ရသည်။ ဒါကလည်း ဆင်ဝိုင်းထဲရှိ ယောကျ်ားများ မှန်သမျှ ပြုလုပ်ရလေသည်။

တောထဲသို့ ဆင်တစ်ခါဖမ်းထွက်လျှင် အနည်းဆုံး ရက် ၂၀၊ ၁ လလောက် ကြာတတ်သည်။ ဆင်မဖမ်းရတဲ့အချိန်များတွင်





ခဲလိုက်၊ ဆေးမြစ်ရှာပြီး ဝမ်းစာအတွက် မြို့တွင် တက်ရောင်းရသည်။

ရာဇာမင်းရဲ့ဖထီးကတော့ အမဲပစ်လည်း အရမ်းတော်သည်။ တစ်ခါ တစ်ခါ အမဲပစ်ထွက်ရင် ရာဇာမင်းလေး လိုက်ချင်တဲ့အကြောင်း ပြောရင် ဖထီးက မျက်နှာသုန်မှုန်စွာဖြင့် ခေါင်းခါတတ်သည်။

ထို့ကြောင့် ရာဇာမင်းလည်း ဖထီးကို နောက်ထပ်မပူဆာရဲတော့ပါ။

ရာဇာမင်းတစ်ယောက် အိမ်ရောက်ပြီး လွယ်အိတ်ချကာ ဟိုင်းရာဇာနဲ့အတူ ချောင်းစပ်ရှိရာသို့ ထွက်လာခဲ့ကြသည်။ ချောင်းစပ်တွင် သူငယ်ချင်းများက ရေကူးကောင်းနေကြသည်။ ချောင်းရေက တောင်ကျရေဖြစ်၍ ကြည်နေသည်။ ရေလယ်လောက်သွားရင် ကျောက်တုံးကြီးများကြားတွင် ရေတွေက နက်သည်။ ထိုချောင်း၏ အထက်ဘက်တွင် တစ်မိုင်ကျော်ကျော်လောက်တွင် ရေတံခွန်လတ်လေးတစ်ခုရှိသည်။ ထိုရေတံခွန်နားသို့ ရာဇာမင်းတို့ မရောက်ဘူးပါ။

လွန်ခဲ့သော တစ်လလောက်က သူ၏ဖထီးကတော့ သူ့ကို မှာဖူးသည်။ သူ သတိရနေသည်။

"ဖိုးခွား ဟိုချောင်းအပေါ်ဘက်မှာရှိတဲ့ ရေတံခွန်နားကို မသွားနဲ့နော်။ အန္တရာယ်ရှိတယ်။ ကြားလား"

ဘာအန္တရာယ်တော့ သူ မသိပါ။ သူကလည်း ဖထီးကို မမေးပါ။ ဟုတ်ကဲ့ ဟု တစ်လုံးသာပြန်ပြောခဲ့သည်။ ဒီနေ့တော့ သူ၏ဖထီးပြောသောစကားကို သူ ပြန်ပြီး သတိရလိုက်သည်။ ဒါကလည်း သူ၏သူငယ်ချင်းဖြစ်တဲ့ အရိုးက သူ၏အနားသို့ရောက်လာပြီး …

"တို့ ရေတံခွန်ဆီသွားကြရအောင်။ အရမ်းလှတယ်လို့ ပြောတယ်"

"မင်းကို ဘယ်သူပြောတာလဲ"

"တို့ရဲ့ ဖထီးပြောနေတဲ့အသံ ကြားတာပဲ။ ငါက တစ်ယောက်တည်း ဖြစ်နေလို့ မသွားရဲဘူး"

"ဘာလဲ မင်းနဲ့ငါ နှစ်ယောက်တည်း သွားမလို့လား"

"အေး"

ဟု ပြောပြီး အရိုးက တခြားသူငယ်ချင်းများဘက်သို့ ကြည့်လိုက်သည်။ တခြားသူငယ်ချင်းများက တစ်ဦးနှင့်တစ်ဦး ရေထဲမှ ရသော ခရုလား၊ ဝါးဆစ်ဘူးလားတော့ မသိပါ။ ပစ်ပြီး တစ်ယောက် တစ်လှည့် ငုံ့နေကြသည်။ ထိုအခါ အရိုးက ဆက်ပြီး …

"ရာဇာ သူတို့ကို အသိပေးပြီးသွားရင် အိမ်ရောက်ရင် ဖထီးက ရိုက်မှာ။ သူတို့တေါကလည်း နှုတ်လုံကြတာမဟုတ်ဘူး"

ရာဇာမင်းလည်း အရိုးပြောသောစကားကို ခေတ္တ စဉ်းစား လိုက်သည်။ သူကိုယ်တိုင်ကလည်း အရင်ကတည်းက သွားကြည့် ချင်နေတဲ့သူဆိုတော့ သူငယ်ချင်းအရိုးက အစဖော်ပေးလိုက်၍ သွား ချင်စိတ် ပိုပြီးဖြစ်လာမိသည်။ ဒါနဲ့ ရာဇာမင်းလည်း …

"မင်း ဘယ်တော့သွားမလဲ"

"လာမယ့်တနင်္ဂနွေနေ့ကျရင် သွားရအောင်။ မင်းလည်း ကျောင်းပိတ်တယ် မဟုတ်လား"

"အေး … ကောင်းတယ်"

ထိုအခါ အရိုးက …





"ရာဇာ အဲဒီသွားဖို့အတွက် ပစ္စည်းတွေစုထားဦး"

"ဘာပစ္စည်းတွေ စုရမှာလဲ"

"ဟာ … မင်းကလည်း တောထဲသွားမှတော့ ဓားမြှောင်တို့၊ ဗူးတို့၊ လက်နက် တစ်ခု၊ နှစ်ခုလောက်စုပေါ့။ လိုလိုမယ်မယ် ဆောင်ထားရမှာပေါ့"

ရာဇာမင်းတို့သူငယ်ချင်းနှစ်ယောက်တို့သည် အသက်က သာ ၁၄၊ ၁၅ နှစ်ဆိုပေမယ့် လူကောင်များ ထွားကျိုင်းကြသည်။ တောထဲအနေများကြ၍ ကြမ်းကြမ်းတမ်းတမ်း အလုပ်များ၍လား မသိပါ။ စိတ်ကြမ်း၊ ကိုယ်ကြမ်းသမားများ ဖြစ်ကြသည်။ လူငယ် ပီပီ စွန့်စားချင်ကြသည်။ သိချင်၊ မြင်ချင်၊ တွေ့ချင်ကြ၍ လူကြီး များက တားမြစ်ထားမှန်းသိလျက်နှင့် ဘာကြောင့်လည်းဆိုသော အကြောင်းအရာကို သိလို မြင်လိုကြတာ လူငယ်တို့၏ စိတ်ပင် မဟုတ်ပါလား။

ရာဇာမင်းတို့ ချောင်းစပ်တွင် ရေကူးခဲ့တာ အချိန်အတော် ကြာခဲ့သည်။ ထိုအခါ … သံချောင်းက …

"ဟေး … ရာဇာတို့ အချိန်တော်တော်ကြာနေပြီ ပြန်ကြစို့"

သံချောင်း၏လှမ်းအော်ပြီး ရာဇာမင်းနားသို့ သူတို့ဆော့နေ သော ဝါးဆစ်ဘူးလေးကို ပစ်ပေးလိုက်သည်။ ထိုဝါးဆစ်ဘူးလေးကို ရာဇာက ဖမ်းပြီး ကြည့်လိုက်သည်။ ထိုအခါ ဝါးဆစ်ဘူးဟုထင်ရ သော ဝါးတောင့်လေးက တကယ်တော့ သစ်သားချောင်းကို ဝါးဆစ် များထွင်းကာ ပြုလုပ်ထားပုံရသည်။ ရုတ်တရက်ကြည့်လျှင် ဝါးဆစ် ပိုင်းလေးဟု ထင်ရသည်။

ရာဇာမင်းလည်း ငှင်းဝါးဆစ်ပိုင်းလေးကို သူ၏ဘောင်းဘီအိတ်ထဲသို့ ထည့်ကာ ယူလာခဲ့လေသည်။ သူ ယူလာခဲ့သည်ကို မည်သူကမျှ မသိလိုက်ကြပါ။ သူတို့သူငယ်ချင်းအုပ်စု ယနေ့အဖို့ ရေကူးခြင်းကို ရပ်ကာ ပြန်ခဲ့လေသည်။ ဟိုင်းရာဇာကတော့ သူ၏သခင် ရာဇာမင်းကိုကြည့်လိုက်သည်။ ရာဇာမင်းကလည်း ဟိုင်းရာဇာလေး၏နှာမောင်းကို ကိုင်ကာ ဆွဲလျက် ဆင်ဝိုင်းရှိရာအိမ်သို့ ပြန်လာခဲ့လေသည်။

■

## အခန်း ( ၆ )
## အိပ်မက်ထဲမှ ဝါးဆစ်ဘူး

အိမ်သို့ရောက်သော် ရာဇာမင်းက ဝါးဆစ်ဘူးလေးကို ဘုရားစင်၏နောက်နားတွင် တင်ထားလိုက်သည်။ ပြီးနောက် နောက်ဖေးသို့ဝင်ကာ ထမင်းခူးစားနေလိုက်သည်။ ဖထီးကတော့ တောထဲသွားတာ နှစ်ရက်ရှိနေပြီဖြစ်သည်။ အင်္ဂလိပ်အစိုးရက သစ်ဆွဲဖို့ ဆင်ဆယ်ကောင်လိုတယ်ဆိုလို့ ဖထီးတို့ ယောက်ျား အုပ်စု ၂၀ ယောက်လောက်ရှိမည်။ ဆင်ဖမ်းဖို့အတွက် တောထဲသို့ ထွက်သွားကြသည်။ ဘယ်နေ့ပြန်ရောက်မလဲဆိုတာတော့ မသိနိုင်ပါ။

ရာဇာမင်းလည်း ထမင်းပြင်စားနေတုန်း …

"ကိုရာဇာ … ကိုရာဇာ … အထဲမှာရှိလား"

မြတ်စာပေ

ထိုအခါ အိမ်ရှေ့မှ မိန်းကလေးတစ်ဦး၏ ခေါ်သံမှန်း အသံကြားကတည်းက သိသည်။ ဒီအသံကို ရာဇာမင်း သိပြီးသားပါ။ ဟိုဘက်က ဒေါ်လေး မသင်းမြ၏သမီး နန်းမွှံရဲ့အသံပဲဆိုတာ သိလိုက်သည်။

"ကိုရာဇာ … ကိုရာဇာ … ရှိလား"

"အေး … ရှိတယ် နန်းမွှံ။ လာလေ … ထမင်း စားနေတယ်"

ထိုအခါ နန်းမွှံလည်း …

"ရှေ့ … ဟင်းလာပို့တာ။ ပထမတစ်ခေါက်လာပြီးပြီ။ ကိုရာဇာ မရောက်သေးလို့။ ယခုတော့ အိမ်ရှေ့မှ သံချောင်းတို့ အုပ်စု ပြန်သွားတာတွေ့လိုက်လို့ ဒုတိယတစ်ခေါက် ထပ်လာခဲ့တာ"

နန်းမွှံက သူ့ကို အရမ်းခင်သည်။ မခင်ပဲရှိပ့ါမလား။ သူပဲ ယခုအချိန်ထိ အတူတူကစား၊ အတူတူသွား ကြီးပြင်းလာခဲ့ကြသည်။ နန်းမွှံကိုလည်း သူ ခင်သည်။ ငယ်ငယ်ကတည်းက သူပဲ ထိန်းလာခဲ့သည် မဟုတ်ပါလား။ သူ့မှာလည်း ညီအစ်ကိုမောင်နှမ မရှိ၍ နန်းမွှံလေးကို ညီမလေးတစ်ယောက်လို ချစ်နေရသည်။

နန်းမွှံ၏ဖခင်နှင့် သူ၏ဖထီးတို့က သူငယ်ချင်းများဖြစ်ကြသည်။ နန်းမွှံလေးသည် ယခုဆိုလျှင် ၅ တန်းရောက်နေပြီဖြစ်သည်။

"အစ်ကို ဘာတွေစဉ်းစားနေတာလဲ။ စားလေ။ ဘာလဲ နန်းမွှံရှိလို့လား။ ဒါဆို နန်းမွှံ ပြန်မယ်"

"မဟုတ်ပါဘူး။ နန်းမွှံက လှလှလာလို့ အစ်ကိုက စိတ်မချလို့ စဉ်းစားနေတာ"





နန်းမွှံမှာ ရာဇာမင်းပြောလိုက်သောစကားကို သဘောကျလို့လား၊ ရှက်လို့လားတော့ မသိပါ ရာဇာမင်း၏အနားမှ ပြေးထွက်ချင်တဲ့စိတ် ဖြစ်မိသည်။ ဒါပေမဲ့ သူမ ပြေးမထွက်နိုင်ပါ။ သူမကိုယ်တိုင်ကလည်း ရာဇာမင်းနားမှာ အတူတကွနေပြီး ကစားချင်တာလား၊ စကားပြောချင်တာလား မသိပါ။ ရာဇာမင်း၏အနားမှာပဲ နေချင်တဲ့စိတ်က ဖြစ်နေမိသည်။ ကိုရာဇာကို သူမ အားကိုးသည်။ သံယောဇဉ်လည်း ကြီးသည်။

"အစ်ကိုကလည်း ဘာမှန်းမသိဘူး"

ရှက်စနိုးအမူအရာဖြင့် ပြန်ပြောလိုက်သော နန်းမွှံ၏မျက်နှာလေးကို ရာဇာမင်းတစ်ယောက် ရင်ထဲမှာ မဖော်ပြတတ်အောင် ဖြစ်သွားသည်။

လူပျိုရိုင်းလေးတစ်ဦးရဲ့ရင်ထဲ ဗလောင်ဆူကာ ဖြစ်သွားသလားမသိပါ။ ထိုအခါ ရာဇာမင်းက …

"နန်းမွှံကော စားပြီးပြီလား"

"အင်း"

အင်းဟုသာပြောပြီး မျက်နှာက အောက်ငုံ့ထားသည်။ ထိုအမူအရာကို ရာဇာမင်းက သဘောကျနေမိသည်။ ခဏကြာတော့ နန်းမွှံက …

"ကိုရာဇာ နန်းမွှံပြန်ဦးမယ်။ အိမ်မှာ အမိုးကို ကူညီရဦးမယ်"

"အင်း … အင်း"

အပျိုရိုင်းလေး နန်းမွှံတစ်ယောက် ရာဇာမင်း၏ရှေ့မှ အပြေး

တစ်ပိုင်း ထလာခဲ့လေတော့သည်။ အနောက်သို့ လုံဝလှည့်မကြည့်တော့ပါ။ ရာဇာမင်းလည်း နန်းမှုပြေးထွက်သွားတာကို ကြည့်ရင်းငေးနေမိသည်။

❖ ❖ ❖

အိမ်မက်ထဲ၌ ...

ရာဇာမင်းတစ်ယောက်တည်း ရေတံခွန်၏အတွင်းဘက်တွင် ဂူလိုလိုဖြစ်နေသော ကျောက်နံရံရဲ့အတွင်းဘက်သို့ ဝင်လာခဲ့သည်။ ထိုသို့ အတွင်းသို့ ၁၅ မိနစ်ခန့်ဝင်လာပြီးတဲ့အခါ အရိုးစုများ ဟိုတစ်ချောင်း ဒီတစ်ချောင်းဖြင့် နေရာသုံးလေးခု တွေ့ရလေသည်။ တချို့အရိုးစုမှာ မစုံလင်တော့ပါ။ အရိုးစုများက လူရဲ့အရိုးလား၊ တိရစ္ဆာန်ရဲ့အရိုးလားတော့ မသိပါ။

ကျောက်တုံးတစ်တုံးအနားမှာ အရိုးစုတစ်ခုကို တွေ့ရသည်။ အားလုံး ကျောက်တုံး ၄ တုံးခန့်ရှိသည်။ ကျောက်တုံးတစ်တုံးဆီတွင် သံချေးတက်နေသော သံကြိုးများလည်း တစ်ပိုင်းဆီတွေ့ရသည်။

ရာဇာမင်းတစ်ယောက် ကျောက်တုံးတစ်တုံးနားသို့အရောက်တွင် ထိုကျောက်တုံးနားရှိ အရိုးများ ခေါင်း၊ ခြေ၊ လက် အစုံတော့မရှိတော့ပါ။ ဒါပေမဲ့ တစ်ချောင်း၊ နှစ်ချောင်းတော့ လျော့နေတာတွေ့ရသည်။ ၎င်းအရိုးစုနားသို့ ရောက်လာပြီးခေါင်းကို ကြည့်လိုက်သည်။ လူဦးခေါင်းဖြစ်နေတာ တွေ့ရသည်။

ထိုသို့တွေ့လိုက်ရ၍ ရာဇာမင်း အံ့သြသွားသည်။ အရိုးစု၏





ခေါင်းကို ကြည့်ရင်း အဖြေကို ရှာနေမိသည်။ ထိုအချိန်တွင် ဂူတစ်ခုလုံး တုန်ခါမှုဖြစ်ကာ ကျောက်တုံးကျောက်သားများ ကျသံ၊ ဂူထဲမှ လိုဏ်ခေါင်းသံများထွက်လာသည်။ ထိုအသံများကြောင့် ရာဇာမင်း ကြောက်လာပြီး ဂူ၏အပြင်သို့ ပြေးထွက်ရန် လှည့်လိုက်သည်။ ထိုသို့လှည့်ပြီးပြေးရန် ရှေ့သို့ တာစူလိုက်သောအခါ သူ၏ရှေ့အရိုးစုတစ်ခု၏ရှေ့တွင် ဝါးဆစ်ဘူးလေးတစ်ခု တွေ့လိုက်ရသည်။ ဒါနဲ့ ရာဇာမင်းသည် ၎င်းဝါးဆစ်ဘူးလေးကို ကောက်ယူကာ ဂူ၏အပြင်သို့ ပြေးထွက်လာခဲ့သည်။

သူလည်း အပြင်သို့ရောက်ပြီး မကြာခင်မှာပဲ ဂူတစ်ခုလုံးပြိုကျတာလား၊ ဒါမှမဟုတ် ကျောက်တုံးများပဲ ရေစီးများ ဒလဟောမျောလာလို့ ဂူပေါက်ရှေ့တွင် ရောက်နေသော ရာဇာမင်း၏နားသို့ရောက်လာသလို ခံစားလိုက်ရ၍ ရာဇာမင်းလည်း ဂူပေါက်ရှေ့ရှိရေတံခွန်၏အပေါ်မှ ခုန်ချလိုက်လေသည်။

"ဗွမ်း"

ရေထဲသို့ကျသံကြောင့် ရာဇာမင်း အသိအာရုံမှာ ချက်ချင်းနိုးကြားလာပြီး ...

"ဟင်း ... ဟင်း"

"ဟာ ... ဟာ ... အမလေးဗျ"

ဟုအော်ဟစ်ကာ လန့်နိုးခဲ့ရလေသည်။ သူ လန့်နိုးလို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ပတ်ဝန်းကျင်တွင် ရေများမရှိဘဲ မှောင်မည်းနေတာ တွေ့လိုက်ရသည်။ ပြီးနောက် သူ ကောက်ယူခဲ့သော ဝါးဆစ်ဘူးလေး သတိရ၍ လက်ထဲ၌ပါလာသလားလို့

လက်ထဲမှာ ကြည့်လိုက်သောအခါ ဝါးဆစ်ဘူးလေးက လက်ထဲတွင် ကိုင်လျက်သား တွေ့ရသည်။

"မှာင် … ဟာ"

"ငါ ရေထဲကိုခုန်ချလိုက်တယ်။ ဒါဆိုရင် သူ၏အင်္ကျီမှာ ရေတွေ စိုနေရမှာပေါ့။ လက်ထဲမှာလည်း ဝါးဆစ်ဘူးလေးရှိနေလျှင် အင်္ကျီလည်း ရေစိုနေရမှာပေါ့"

ယခုအဖြစ်အပျက်က အိပ်မက်လား၊ တကယ်လား။ ရာဇာမင်း မနေ့က စမ်းချောင်းထဲမှရလာသော ဝါးဆစ်ဘူးလေးကို သတိရသွားသည်။ ဒါနဲ့ သူ အိမ်ရောက်၍ ဘုရားစင်နောက်တွင် ထားလိုက်သော ဝါးဆစ်ဘူးလေးကို ထပြီး စမ်းကြည့်သည်။ မတွေ့တော့ပါ။ ဘယ်တွေ့ပါ့မလဲ။ ဝါးဆစ်ဘူးလေးက သူ၏လက်ထဲတွင် ရောက်နေခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ။ တစ်နေ့ကပဲ ငါကိုယ်တိုင် ဘုရားစင်ရဲ့နောက်မှာ ထားခဲ့တာ"

ယခု သူ၏လက်ထဲသို့ရောက်နေသည်။ ရာဇာမင်း ဘယ်လိုနားလည်ရမှန်းမသိတော့ပါ။ အိပ်လို့လည်း မပျော်တော့၍ အိပ်ရာထဲမှာပဲ တွေးရင်း စဉ်းစားနေမိသည်။

■



## အခန်း ( ၇ )
## ဆင်ဖြူတော်နဲ့သူခိုးများ

ရာဇာမင်း အိပ်မပျော်၍ ဟိုဘက်လှိမ့် ဒီဘက်လှိမ့် ဖြစ်နေသည်။ ထိုအခါ အိမ်ဘေးရှိ အဖီလေးတွင် ထားသော ဟိုင်းရာဇာကို သတိရသွားသည်။

"ဝူး … ဝူး"

ရာဇာမင်း ဟိုင်းရာဇာ၏အော်သံကြောင့် …

(ဟိုင်းကြီး ဘာဖြစ်တာပါလိမ့်) ဟု စိတ်ထဲမှ သံသယဖြစ်မိသည်။ အိပ်လို့လည်း မပျော်၍ အိမ်ထဲမှ ထွက်လာခဲ့သည်။ ဟိုင်းရာဇာရှိရာသို့ ရောက်လာခဲ့သည်။ ဟိုင်းရာဇာလည်း ရာဇာမင်းကို တွေ့၍ နှာမောင်းဖြင့် လှမ်းကာ …

"ဟိုင်းကြီး ... ဘာဖြစ်တာလဲ"

ရာဇာမင်းက ဆင်ဖြူတော်လေးကို မေးလည်းမေး ပတ်ဝန်းကျင်ကိုလည်း လိုက်ကြည့်နေမိသည်။ ထိုအခါ ဆင်ထားသော အနောက်နားမှ ချုံတိုးသံတစ်ခုကြားလိုက်သည်။ ချုံတိုးသံက အများကြီးဖြစ်ကာ ထွက်ပြေးသွားကြသောအရိပ်များကို မြင်လိုက်ရသည်။

ထိုအခါ ရာဇာမင်း ဇဝေဇဝါဖြစ်ကာ ဘယ်သူတွေပါလိမ့်။ ဘယ်ကလူများ သူ၏ခြံနားသို့ ဘာလာလုပ်ကြတာလဲ။ စဉ်းစားရင်း ဆင်ဖြူတော်လေးကို စိတ်မချဖြစ်မိသည်။ သူတစ်ယောက်တည်းဖြစ်နေ၍ မလိုက်တော့ပါ။ ဖထီးကလည်း ဆင်ဖမ်းထွက်သွား၍ ယနေ့ထိ ပြန်မရောက်သေးပါ။

ရာဇာမင်းလည်း ဆင်ဖြူတော်ကို စိတ်မချသောကြောင့် ဆက်ပြီး မအိပ်တော့ဘဲ ဟိုင်းရာဇာနားတွင်ထိုင်ကာ ဟိုင်းရာဇာကို စကားများပြောနေမိသည်။ မိုးလင်းခါနီးမှ ဟိုင်းရာဇာနားက ခွာကာ အိမ်ထဲသို့ ဝင်ခဲ့သည်။ ဟိုင်းရာဇာအတွက် ကြံနဲ့ငှက်ပျောသီးများ ဝင်ယူကာ အစာကျွေးလိုက်သည်။ သူလည်း နံနက်စာ ထမင်းကြမ်းနှင့် အသားဖုတ်ကို စားလိုက်တော့သည်။

ထို့နောက် ညက တောတိုးသံကြားသောနေရာသို့ လာကြည့်မိသည်။ ခြေရာများတွေ့သည်။ ခြေရာများက အများကြီးတွေ့၍ သူလည်း စိုးရိမ်သွားမိသည်။

"အင်း ... လူတွေ ဘာလိုချင်လို့ပါလိမ့်။ ဟိုင်းရာဇာကို လာခိုးတာလား၊

ငါ့ဆီမှာကလည်း အဖိုးတန်ဆိုလို့ ဘာမှမရှိပါဘူး။ ဒီ





ဟိုင်းရာဇာ ဆင်တစ်ကောင်သာ ရှိသည်။ ဖထီးမလာခင် ငါတော့ ဂရုစိုက်ရမှာပဲ"

ခြံနားကပ်သောသူများ ပြန်ထွက်ပြေးသွားရာ လမ်းကြောင်းကို လိုက်ပြီးကြည့်မိသည်။ ရာဇာမင်း လိုက်ကြည့်နေတုန်း လမ်းကြောင်းတစ်ခုတွင် ကြေးဝါပြားလေးတစ်ခု ကောက်ရလိုက်သည်။

"ဟင် ... ဘာလေးပါလိမ့်"

ရာဇာမင်း ၎င်းကြေးဝါပြားလေးကို ကောက်လို့ကြည့်လိုက်သည်။

"ဟာ ... ဒါရှေးဟောင်းကြေးပြားပဲ။ ဘယ်သူ့ဆီက ကျခဲ့ပါလိမ့်။ ဘယ့်လိုကြောင့် ဒီနေရာကို ရောက်နေရတာလဲ"

"ညက လာချောင်းတဲ့လူတွေရဲ့ လက်ထဲကကျခဲ့တာလား။ ဒါမှမဟုတ် ..."

ရာဇာမင်း အမျိုးမျိုးတွေးနေမိသည်။ အဖြေကမရပါ။ ဆက်ပြီး မတွေးတော့ဘဲ ပြန်လာခဲ့မိသည်။ လက်ထဲတွင်လည်း ကြေးဝါပြားလေးကို ကိုင်ကာ အိတ်ထဲသို့ထည့်ထားလိုက်လေတော့သည်။

❖ ❖ ❖

"ကဲ ... ဘယ်လိုလဲ ငထွန်း။ အဆင်မပြေဘူး မဟုတ်လား"

ဥပဓိရုပ်ကောင်းကောင်းနဲ့လူက သူ၏ရှေ့တွင် ထိုင်နေကြသော တပည့် ၅ ဦးထဲမှ ငထွန်းဆိုသော သူကို ကြည့်ကာ ပြောလိုက်သည်။ ထိုအခါ ငထွန်းက ...

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ ဆင်နားကို ကပ်ဖို့လုပ်

နေတုန်း ကောင်လေးက နိုးလာပြီး ဆင်နားရောက်လာတာနဲ့ ကျွန်တော်တို့လည်း စောင့်ကြည့်နေသေးတယ်။ ကောင်းလေးကလည်း လည်တယ် ဆရာ။ ကျွန်တော်တို့ စောင့်ကြည့်နေတဲ့ဘက်ကို လိုက်ကြည့်ပြီး အကဲခတ်နေတာ တွေ့လိုက်ရတယ်။ ပြီးတော့ ကျွန်တော်တို့ နားကို ရောက်လာတာ တွေ့တာနဲ့ ကျွန်တော်တို့လည်း ပြန်ဆုတ်လာခဲ့တယ်"

"မင်းတို့ကွာ"

ဟု ဆရာကြီးဆိုသူသည် ဒေါသပေါက်ကွဲကာ သူ၏တပည့်များအားလုံးကို တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်ပြီး အံကြိတ်ကာ ...

"မင်းတို့က အများ၊ ဟိုကတစ်ယောက်တည်း။ ဒါလေးတောင် မကြံတတ်ဘူးလား"

ထိုအခါ ငထွန်းဘေးတွင်ထိုင်နေသော ဖိုးထောင်ဆိုသူက ဝင်ပြောလိုက်သည်။

"ဆရာကလည်း ဆင်ဖြူတော်ကို ခိုးဖို့သွားတာ။ လူကို မထိခိုက်စေချင်ဘူးလေ။ ကျွန်တော်တို့ တစ်ခုခုလုပ်လိုက်ရင် ဘေးနားက အိမ်တွေသိသွားရင် ကျွန်တော်တို့ရဲ့ အစီအစဉ်ပျက်သွားမှာပေါ့။

ဒီတစ်ခါမအောင်မြင်ရင် နောက်တစ်ခါ ထပ်ပြီးလုပ်ပေးပါ့မယ် ဆရာရယ်။ ဒီကိစ္စ ကျွန်တော်တို့တာဝန်ထားပါ"

ထို့နောက် ဆရာကြီးဆိုသူက ဖိုးထောင်ကို သေချာစွာကြည့်ပြီး ...

"အေး ... ကောင်းပြီ။ ဒီတစ်ခါဆိုရင် ဆင်ဖြူတော်ကို





ပါအောင် ယူဆောင်ခဲ့။ ကြားလား"

ဖိုးထောင်က ကတိပေးကာ သူ၏လူများဘက်သို့ လှည့်ကာ မျက်ရိပ်ပြလျက် ...

ထိုအခါ ကျန်သောတပည့်များကလည်း အားလုံးသံပြိုင်ဖြင့်

"ကျွန်တော်တို့အားလုံး ကတိပေးပါတယ် ဆရာ"

ဟုပြောကာ စကားဆုံးသည်နှင့် ဆရာကြီးက အနားမှထသွားလေသည်။ ထိုအခါ ကျန်ခဲ့သော သူများထဲမှ ငထွန်းဆိုသူက ...

"တို့ ဒီနေ့ညပြန်သွားမယ်ကွ။ အားလုံး ဒီတစ်ခါတော့ ပိပိရိရိရှိပါစေ။ မလွဲမချော်စေနဲ့တော့"

ထိုအခါ ငထွန်းက သူ၏အိတ်ထဲသို့ သတိရ၍ လက်နှိုက်လိုက်သည်။ ထိုအခါ ငထွန်းမျက်နှာပျက်သွားသည်။ ထိုသို့ ဖြစ်သွားသည်ကို ဖိုးထောင်တို့ မြင်တွေ့လိုက်သောအခါ ...

"အစ်ကိုကြီး ဘာဖြစ်လို့လဲ"

ထိုအခါ ငထွန်းက ပြောသင့်၊မပြောသင့် စဉ်းစားလိုက်သည်။

"မပြောတာပဲကောင်းပါတယ်လေ" ဟု စိတ်ထဲတွေးပြီးနောက် ...

"ဘာမှမဟုတ်ပါဘူး။ မီးခြစ် ပါမပါ စမ်းကြည့်တာပါ"

ဟု လိမ်လိုက်ရလေသည်။ တကယ်တော့ သူ၏အိတ်ထဲတွင် အမြဲတမ်းဆောင်ထားသော ကြေးဝါပြားလေးပျောက်နေတာ စိတ်မကောင်းဖြစ်မိသည်။ ထိုကြေးဝါပြားလေးက သူ၏ဖခင်က သူ့ကို မသေခင်ပေးထားခဲ့ခြင်းဖြစ်၍ သွားလေရာတိုင်း ယူဆောင်ခဲ့သည်။ ထိုကြေးဝါပြားလေးကို သူက အဖေရဲ့အမွေပစ္စည်းမို့ နှမြောကာ

ဝမ်းနည်းမိသည်။ ယခုတော့ ဘယ်နေရာမှာပျောက်ကျန်ခဲ့မှန်းမသိ၍ စိတ်မကောင်းဖြစ်မိသည်။

ငထွန်းလည်း စိတ်မကောင်းတာမှလွဲပြီး ဘာမှမတတ်နိုင်ပါ။ သူတို့အားလုံး ဒီညသွားဖို့အတွက် အားလုံးအစီအစဉ်ချလိုက်သည်။ ပြီးနောက် လူစုခွဲကာ ထွက်ခဲ့ကြလေသည်။ သူတို့ရောက်နေသော နေရာမှ အင်ကြင်းမြိုင် ကြိုးပိုင်း၏အပြင်ဘက် ဖျဉ်းမရွာနဲ့လည်း မနီးမဝေးတွင် စခန်းချကာ သူတို့၏ ဆင်ဖမ်းခြင်းကို လုပ်ဆောင်နေသော လူတစ်စုဖြစ်ကြသည်။ သူတို့အုပ်စုက အစိုးရ၏ ခွင့်ပြုချက်မပါဘဲ ဆင်များ ခိုးဖမ်းပြီး အစွယ်များကို ဖြတ်ကာ တစ်ဖက်နိုင်ငံသို့ ရောင်းချသူများဖြစ်ကြသည်။ သူတို့၏အဖွဲ့ကို တစ်ဖက်နိုင်ငံက ကုန်သည်ကြီးများက ထောက်ပံ့ကြသည်။

ယခုလည်း ဘယ်က ဘယ်လို သတင်းရသလဲမသိဘဲ အင်ကြင်းမြိုင်ကြိုးပိုင်းတွင် ဆင်ဖြူတော်တစ်ကောင် ရှိနေကြောင်း သိရ၍ သူတို့ကို ငွေများပေးကာ ဖမ်းခိုင်းလေသည်။ ဆင်ဖြူတော်လေးက ဆင်တို့၏အင်္ဂါရပ်များဖြင့် ပြည့်စုံသော စွယ်စုံဆင်လေးတစ်ကောင်ဖြစ်တာကြောင့် အရှင် ဖမ်းခိုင်းလေသည်။

ဆင်ဖြူတော်လေးကို အရှင်သာရလျှင် သူတို့တောင်းသလောက် ပေးပါမည်ဟု တစ်ဖက်နိုင်ငံက ကုန်သည်ကြီးက ကတိပေးထား၍ သူတို့မှာ ဆင်ဖြူတော်ကို ယခုလို စောင့်ကြည့်ကာ ခိုးယူဖို့ ကြံစည်နေခြင်းဖြစ်လေသည်။

သူတို့၏အကြံအစည်ကို ရာဇာမင်းတစ်ယောက်က မသိရပါ။ ဒါပေမဲ့ သူ၏နေအိမ်ဝိုင်းနားသို့ လူစိမ်းများ၏ခြေရာများ တွေ့





၍ မနေ့ညက မသင်္ကာဖြစ်မိသည်။ ရာဇာမင်းလည်း ဆင်ဖြူတော်လေးကို သံယောဇဉ်ကြီးရှာသူဖြစ်၍ ဆင်ဖြူတော်လေးတစ်ခုခုဖြစ်မှာကို စိုးရိမ်မိသည်။

ယနေ့ညတွင် သူကိုယ်တိုင် မအိပ်ဘဲ ဆင်ဖြူတော်နားတွင် နေမည်ဟု ဆုံးဖြတ်လိုက်သည်။

❖ ❖ ❖

ညသည် တော်တော်နက်နေပြီ။

ထိုအခါ …

"ချွတ် … ချွတ် … ချွတ်"

ခြေသံများ ခြံနားသို့ကပ်လာသော အသံများကို ရာဇာမင်းကြားလိုက်ရသည်။ သူကတော့ ဆင်ဖြူတော်လေးထားသော ခြံ၏ထောင့်တွင် မအိပ်ဘဲ စောင့်ကြည့်နေမိသည်။ ပြီးနောက် ခြေသံများကြားလျှင် ခြံထောင့်မှ ထရံလေးကာထားသောအပေါက်မှ ချောင်းကြည့်လိုက်သည်။

ဆင်ဖြူတော် ဟိုင်းရာဇာက လူဆိုးများ၏အနံ့ကို ရ၍ ရာဇာမင်းဘက်သို့ လှည့်ကာ ကြည့်နေသည်။ ထိုအခါ ရာဇာမင်းက ခြံနားသို့ကပ်လာသော လူများ နီးလာသောအခါ လူဆိုးများဟု ကျိန်းသေသွား၍ သူတစ်ယောက်တည်း ဘာမှမလုပ်နိုင်သောကြောင့် အကြံတစ်ခုရကာ အသင့်ယူဆောင်လာသော ဒန်အိုးနှင့် ယောက်မကို မိတ်ဖွဲ့ပေးလိုက်လေတော့သည်။

"ဒေါင် … ဒေါင် … ဒေါင် … ဒေါင် … ဒေါင်"

ဟူသော ဒန်အိုးကို ယောက်ဖဖြင့်ထုရိုက်သံကြောင့် ရွာထဲမှ လူများ လန့်ကာ နိုးလာကြပြီး အိမ်တိုင်း အိမ်တိုင်း မီးများ ထွန်းကာ ဒန်အိုးခေါက်သော ရာဇာမင်းအိမ်နားသို့ ပြေးလာကြလေသည်။ ထိုအခါ ရာဇာမင်းကို အားလုံးက နားမလည်သလို ဝိုင်းကြည့်ကာ တစ်ယောက်တစ်ခွန်း ဝိုင်းပြီးမေးကြသည်။

"ရာဇာ ... ဘာဖြစ်တာလဲ"

"မောင်ရာဇာ ... ဘာဖြစ်လို့လဲ"

"ကလေး ... ဘာကြောင့်လဲ"

စသည်ဖြင့် ရွာသားများက မေးကြလေသည်။ ထိုအခါ မောင်ရာဇာက ...

"အိမ်နားသူခိုးကပ်လို့ပါ"

ဟုပြောပြီး သူခိုးများကပ်လာသော ခြံထောင်ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။ ထိုအခါ ရွာသားများအားလုံး အသံကြားသော ခြံဘက်သို့ ပြေးကာ သွားကြည့်ကြသည်။ ထိုအခါ ခပ်လှမ်းလှမ်းမှ တောတိုးသံများနှင့် ခြေသံများကြားလိုက်ရသော်လည်း သူတို့နဲ့ ခပ်လှမ်းလှမ်းရောက်နေကြ၍ မလိုက်တော့ပါ။

ရွာသားများလည်း မောင်ရာဇာလေးနားသို့ ပြန်လာပြီး ဆင်ဖြူတော်လေးအတွက် စိတ်မချဖြစ်မိသည်။ ထိုအခါ ရွာသားတစ်ဦးက ...

"ဒီလိုဆိုရင် ဒီလူဆိုးတွေဟာ ဆင်ဖြူတော်လေး လိုချင်လို့ လာကြတာဖြစ်လိမ့်မယ်။ ဆင်ဖြူတော်လေးမှာ အန္တရာယ်ရှိနေပြီ။ တစ်နေ့မဟုတ် တစ်နေ့တော့ ထပ်ပြီးလာကြဦးမှာပဲ"





ရွာသားတစ်ဦး၏ ထင်မြင်ယူဆချက်ကို ပြောပြီးနောက် ကျန်လူများဘက်သို့ လှည့်ကာ ...

"ကျွန်တော်တို့ မောင်ရာဇာကို ဝိုင်းပြီး စောင့်ရှောက်ကြမယ်။ ယခုအချိန်မှာ ဖထီးကလည်း တောတက်သွားတော့ အားလုံး ဂရုစိုက်ပေးကြပါနော်"

အသက်အရွယ် ခပ်ကြီးကြီးဟု ယူဆရသော လူကြီးတစ်ဦးက ပြောလိုက်သောအခါ ...

"ဟုတ်ကဲ့ပါ ဖထီး"

ဟု အားလုံးဝိုင်းပြီး ထောက်ခံစကားပြောလိုက်ကြသည်။ ညကလည်း နက်လာ၍ အားလုံးအိမ်ဘက်သို့ အသီးသီးထွက်သွားကြလေသည်။ ထိုအခါ လူကြီးက ရွာသားနှစ်ဦးဘက်သို့လှည့်ကာ

"သံချောင်းနဲ့ဖိုးစီ"

"ခင်ဗျာ ဖထီး"

ဟု ဖထီးဘက်သို့လှည့်ကာ ...

"မင်းတို့နှစ်ယောက် မောင်ရာဇာနားမှာ နေပေးလိုက်ကြပါ။ မိုးလင်းခါနီးမှ သွားအိပ်ကြပေါ့။ တစ်ယောက်တစ်လှည့် စောင့်ပေးလိုက်ကြပါ"

"ဟုတ်ကဲ့ပါ ဖထီး"

သံချောင်းဆိုသော လူငယ်လေးက ဝင်ပြီးပြောလိုက်သည်။ ဖထီးလည်း သံချောင်းနှင့် ဖိုးစီကို တာဝန်ပေးခဲ့၍ စိတ်ချစွာ ပြန်သွားလေတော့သည်။

■

## အခန်း ( ၈ )
## အိပ်မက်မဟုတ်သောအိပ်မက်

"ချွတ် … ချွတ်"

"ချွတ် … ချွတ်"

သမင်လေးတစ်ကောင် (အသံကြား၍ ချုံဘက်သို့လှမ်းကြည့်နေသည်။ ထိုချုံရှိသောဘက်တွင် တိရစ္ဆာန်များ သွားလာနေသော လမ်းကြောင်းတစ်ခု ရှိသည်။ ထိုအသံလေးသည် ပို၍နီးလာသည်။ သမင်လေးလည်း ၎င်းအသံကြောင့် ပြေးရန်ဟန်ပြင်လျက် …

ထိုအခါ ၎င်းအသံသည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာသည်။ ဆင်ကြီးတစ်ကောင်နှင့် လူသားတစ်ဦးဖြစ်သည်။ ၎င်းဆင်ကြီးမှာ ဆင်ဖြူတော်ဖြစ်သည်။ သူ၏ကျောပေါ်တွင် သူငယ်လေးတစ်





ယောက်က ထိုင်လျက် ဆင်လေးခေါ်ဆောင်ရာသို့ သူမှာလိုက်လာခဲ့ရသည်။ ဘယ်သို့သွားမှန်းမသိပါ။ သမင်လေးကတော့ လူသားနဲ့ဆင်ကိုတွေ့၍ ပြေးသွားလေပြီ။

"ဟိုင်းကြီး … မင်း ဘယ်သွားနေတာလဲကွ။ ငါ့ကို ဘယ်အထိခေါ်သွားမှာလဲ"

ဆင်ပေါ်ပါလာသောလူငယ်လေးဖြစ်သူ ရာဇာမင်းက သူ၏ဆင်ကို မေးလိုက်သည်။ ထိုအခါ ဆင်လေးက …

"ဝူး … ဝူး … ဝူး"

ဟုအော်ကာ ဆက်ပြီးသွားနေသည်။ ထိုသို့ဆက်သွားနေပြီး မကြာမီတွင် အလွန်လှပသော ရှုခင်းတစ်ခုကိုမြင်တွေ့လိုက်ရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တောင်များဖြင့် ဝန်းရံလျက် ထိုတောင်နှစ်လုံးကြားမှ လျှိုဟုထင်ရသော နေရာမှ ရေတံခွန်တစ်ခု ကျဆင်းနေတာ တွေ့လိုက်ရသည်။ ရေတံခွန်ကျနေပုံနှင့်ပတ်ဝန်းကျင်တောင်တို့၏သဘာဝနှင့်က အခင်းကို သာယာလှပပြီး ကြည့်လို့ကောင်းနေသည်။

ရာဇာမင်းလည်း ထိုရေတံခွန်ကို အံ့သြစွာကြည့်နေမိသည်။ သူ့အနေနဲ့ ဒီအရွယ်ထိ ဒီလောက်လှပသော ရေတံခွန်နှင့် သဘာဝပတ်ဝန်းကျင်ကို တစ်ခါမှမရောက်ဘူးခဲ့ပါ။ ထိုနေရာကို သူ့စိတ်ထဲတွင် စွဲထင်နေမိသည်။ ပတ်ဝန်းကျင်ကို ငေးကောင်းကောင်းဖြင့် ငေးနေရာမှ ဆင်ဖြူတော်က ဒီနေရာမှ ဆက်မသွားတော့ဘဲ ရပ်နေသည်။

ရာဇာမင်းလည်း ဟိုင်းကြီး ဘာကြောင့်ဆက်မသွားတာလဲ ဟု သံသယဖြစ်မိသည်။ ထိုသို့ဆင်ကြီးကို ကြည့်လိုက်၊ ရေတံခွန်

ကို ကြည့်လိုက်နှင့် ပတ်ဝန်းကျင်ကိုလည်း အကဲခတ်မိသည်။ ဟိုင်းကြီး ဘာကြောင့်ဆက်မသွားတာလဲ။ နေက မွန်းတည့်တော့မည်။ နေ၏အရောင်ကလည်း မှုံပြပြဖြစ်လာသည်။ အချိန်ကလည်း နေမွန်းတည့်ဖို့ နည်းနည်းပဲလိုတော့သည်။

ထိုအခါ ရေတံခွန်မှ ကျနေသော ရေများ တဖြည်းဖြည်း လျော့နည်းကာ ကျနေသည်ဟု ထင်မိသည်။ တဖြည်းဖြည်းနှင့် ရေများ လျော့လာကာ တဖြည်းဖြည်း လုံးဝမကျတော့ပါ။ ထိုအခါ ဟိုင်းကြီးက ရှေ့သို့ဆက်သွားသည်။

ဆင်ကြီး ဘာကြောင့်ရပ်တာလဲ။

ရေတွေလည်း ဘယ်ကိုရောက်ကုန်တာလဲ။ မကျတော့ဘဲ ဘာကြောင့် ရပ်သွားတာလဲ။

လည်းပေါင်းများစွာကို စဉ်းစားမရအောင်ဖြစ်မိသည်။ ရေတံခွန်ရပ်သွားတယ်ဆိုတာ ဒီတစ်ခါပဲ ကြုံဖူးသည်။ ဒီရေတံခွန်က ဘယ်ကစပြီးလာလို့၊ ဒီမှာ ရေတံခွန်ဖြစ်ကာ ကျရတာလဲဆိုတာ ရာဇာမင်း ဉာဏ်မမီ၍ မစဉ်းမစားတော့ပါ။

ဟိုင်းကြီးလည်း တဖြည်းဖြည်း ရေတံခွန်ကျရာ ကျောက်ဆောင်ပေါ်သို့ ရောက်လာသည်။ ရေတံခွန်မှ ရေများက လုံးဝရပ်မသွားဘဲ ကျန်ရှိနေသော ရေများက ဆက်ပြီးကျနေသေးသည်။ သို့သော် မူလကျသလောက်တော့ မများတော့ပါ။ ထိုကျနေသော ရေတံခွန်အောက်သို့ ရောက်သော် ဟိုင်းကြီးက ရေတံခွန်အောက်သို့ ဝင်လိုက်သည်။

ရာဇာမင်းလည်း ဟိုင်းကြီး ဘယ်သွားလို့ ဘယ်သူ့ဆီ လာ





မှန်းမသိဘဲ မိမိက သူနဲ့လိုက်လာခဲ့မိလို့ ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်မိသည်။ ရေတံခွန်ကို ကျော်ဖြတ်လိုက်သောအခါ …

"ဟင် … ဟာ … ကျောက်ဂူကြီးပါလား"

ရာဇာမင်း အံ့ဩစိတ်ဖြင့် ကျောက်ဂူကြီးကို ကြည့်နေမိသည်။ ထိုကျောက်ဂူကြီးကို ရေတံခွန်ကျနေတုန်းကဆိုလျှင် ရေအလျှင်ကြောင့် မမြင်နိုင်ပါ။ ပြီးနောက် ရေတံခွန်အောက်သို့ ဝင်ဖို့ဆိုတာကလည်း လုံးဝမဖြစ်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ရေကျတဲ့အရှိန်နဲ့ပဲ ဘယ်သတ္တဝါမဆို မျောပါသွားနိုင်သည်။ ယခုတော့ ရေရဲ့အရှိန်နည်းသွားတဲ့အချိန်၊ ကျတဲ့ရေများလည်း လျော့နည်းတဲ့အချိန်မို့သာ သူတို့ဝင်လို့ရသည် မဟုတ်ပါလား။

ခုနက ဟိုင်းကြီး ရပ်သွားတာလည်း ယခုမှ သူသိလာသည်။ ရေလျော့နည်းကျမယ့်အချိန်ကို စောင့်နေသည်ဟု သူ ထင်မိသည်။ ယခုလို ရေလျော့နည်းကျတဲ့အချိန်ကို ဟိုင်းကြီးက ဘယ်လိုသိပါလိမ့်။

ဟိုင်းကြီးဆင်းလေးကို သူ နားမလည်တော့ပါ။ စဉ်းစားတွေးပြီး ကျောက်ဂူထဲသို့ ဆက်ပြီး ဝင်လာခဲ့သည်။ ထိုသို့အထဲသို့ တော်တော်လေး ဝင်လာခဲ့ရာ အထဲ၌ ကျောက်ကူပေါက်များ များပြားစွာ ဖြစ်နေတာ တွေ့လိုက်ရသည်။ တချို့ပေါက်များသည် အထဲသို့ ဆက်ဝင်ရန် မှောင်နေ၍ ဘာမှလည်း မမြင်ရပါ။ တချို့ပေါက်များမှာ အလင်းရောင်လေးများ မှုန်ပျပျလေးဖြစ်နေတာလည်း တွေ့ရသည်။

ထိုအလင်းရောင်ရှိသော နေရာသို့ ဟိုင်းကြီးက ဆက်ပြီး ဝင်ခဲ့သည်။ ရာဇာမင်းကတော့ ဂူထဲရောက်ကတည်းက ဟိုင်းကြီးပေါ်မှဆင်းကာ ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။

ထိုဂူရဲ့သဘာဝက ရေတိုက်စားလို့ဖြစ်နေသော ဂူတစ်ခုထဲမှ တစ်ခုဖြစ်သည်။ ဒါပေမဲ့ ဂူပေါက်များစွာဖြစ်နေတာကတော့ သူလည်း မတွေးတတ်တော့ပါ။ တချို့ကျောက်ဂူနံရံများတွင် ရွှေမှုန်များလိုလို အရောင်လေးများ တလက်လက်ဖြစ်နေတာ တွေ့ရသည်။ တချို့ကျောက်နံရံမှ တွဲလောင်းကျနေသော ကျောက်ဆစ်၊ ကျောက်ပန်းဆိုင်းများတွင်လည်း တွေ့ရသည်။

ဟိုင်းကြီးက ရှေ့သို့ဆက်မသွားတော့ဘဲ ရပ်သွားသည်။ ထိုရပ်သွားသော ဟိုင်းကြီး၏ရှေ့သို့ ကြည့်လိုက်သောအခါ ...

ဟာ ... ဟင် ... ဆင်စွယ်တွေပါလား။ ဒီလောက်အများကြီး ဘယ်ကဘယ်သူတွေ လာထားတာပါလိမ့်။

ဟု စိတ်ထဲမှတွေးမိသည်။ ပတ်ဝန်းကျင်သို့ မလေ့လာဘဲ တွေးမိတဲ့သူဟာ တစ်ဖက်သို့ လှည့်ကာကြည့်လိုက်သောအခါ ဆင်၏အရိုးစုများ တောင်လိုပုံနေတာ တွေ့ရသည်။ တချို့ ဟိုတစ်စု ဒီတစ်စုဖြင့် တည်ရှိနေတာတွေ့ရသည်။

ယခုမှ သူ သဘောပေါက်သွားသည်။ ဒီနေရာဟာ ဆင်များရဲ့ သင်္ချိုင်းဆိုတာ သိလိုက်ရသည်။ ဒါကြောင့်လည်း ဆင်စွယ်တွေရော၊ ဆင်ရိုးစုတွေပါ တွေ့ရတာကိုး။ သူ ကြားဖူးသည်။ ဆင်များက မိမိတို့ သေဆုံးတဲ့အချိန်ရောက်ရင် သူတို့ သိကြသည်။ သူတို့သိသလို သူတို့သင်္ချိုင်းကို သူတို့ဘာသာသူတို့ လာပြီး သေကြသည်။

ဒါပေမဲ့ သူတို့သင်္ချိုင်းကိုတော့ လူသားများမသိအောင်၊ ရန်သူများမရောက်နိုင်အောင် လှိုဏ်များ၊ ချောင်များတွင် ရွေးပြီး သူတို့၏သင်္ချိုင်းလို့မှတ်ထားကြသည်။ တချို့ဆင်များသည် ရေတံခွန်ကြီးများ





၏ နောက်တွင်လည်း သူတို့၏သင်္ချိုင်းကို သတ်မှတ်ကြသည်။

ယခုလည်း ဟိုင်းကြီးက သူတို့သင်္ချိုင်းကို ရာဇာမင်းကို ခေါ်ပြလေသည်ဟု ရာဇာမင်း သိလိုက်သည်။ ဘာကြောင့်ပြတာပါလိမ့် ဟု စိတ်ထဲမှ တွေးမိသည်။

ဒီဆင်စွယ်တွေသာ သူ့အနေနဲ့ ရောင်းစားမယ်၊ ပန်းပုသမားများကို ရောင်းရင် ငွေများရရှိမည်ကို သိလို့ ဟိုင်းကြီးက လာပြတာလား ဟု တွေးမိသည်။ ထိုသို့တွေးနေတုန်း ...

"ဝေါ ... ဝေါ ... ဝေါ"

ဟူသောအသံနက်ကြီး ဂူတစ်ခုထဲမှ ထွက်လာတာ ကြားလိုက်ရသည်။ ထိုသို့ဂူထဲမှ အော်ကာထွက်လာသောအသံကြောင့် ဟိုင်းကြီးက ရာဇာမင်းကို နှာမောင်းဖြင့်ရစ်ကာ ခေါ်ခဲ့ပြီး ဂူအပြင်သို့ ထွက်ရန်ပြင်လိုက်သည်။ ဂူထဲမှ ထွက်လာတဲ့အချိန်မှာ နောက်မှလိုက်လာသလို အသံက ပို၍ပြီးနီးလာသလို ထင်ရသည်။

ဟိုင်းကြီးလည်း မပြေးရုံတစ်မယ် ဂူအပြင်သို့ရောက်ရန် ခြေကုန်သုတ်နေသည်။ ရာဇာမင်းကတော့ သူ၏နှာမောင်းတွင် တွဲလောင်းခိုကာ ပါလာခဲ့သည်။ ဂူအပြင်သို့ရောက်ခါနီးတွင် ရေများကျတာ အရှိန်ရနေသည်။ ဒါပေမဲ့ သိပ်မများသေးပေ။

သူတို့ ရေတံခွန်၏နားသို့အရောက် အပေါ်မှကျလာသော ရေလုံးကြီးက အရှိန်ကြောင့်လား ဒါမှမဟုတ် တစ်ခုခုပါလာသလိုနဲ့

"ဝေါ ... ဝေါ ... ဝေါ"

အသံပေးပြီး ကျလာတဲ့အသံနှင့် သူတို့လည်း ရေတံခွန်အောက်သို့အရောက် ...

ရာဇာမင်း ရုတ်တရက် ရေတံခွန်ကို မော့ကြည့်ရင်း ...

"အား ... အား"

ဟူသော အသံရှည်ဖြင့် နားထဲမှာကြားလိုက်ရတဲ့အခါ ...

"ဟင်း ... ဟင်း ... ဟင်း"

"ဟူး ... ဟောဟဲ ... ဟောဟဲ ... ဟောဟဲ"

ဟူသော မောသံနှင့်အတူ စိတ်ထဲတွင် မြင်လိုက် ကြားလိုက်ရသော အရာများကို မှောင်မိုက်သောအာရုံဖြင့် အတင်းဖျစ်ညှစ်ကာ မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ ...

"ဖိုးခွား ... ဖိုးခွား ... သားလေး ဘာဖြစ်တာလဲ။ ဖထီးကို ပြောပါ"

ဟု အသံသာကြားနေဆဲ။ ဒါပေမဲ့ အာရုံက မရသေးပါ။ မောနေသောအသံနှင့် နှလုံးမငြိမ်သောအဖြစ်ကို သတိရလာသောအခါ ငေါက်ခနဲ ထထိုင်လေသည်။

ယခုမှ ရာဇာမင်း သဘောပေါက်သွားသည်။

"ဟင် ... ငါ အိပ်မက်မက်နေပါလား။ ဟူး ... တော်ပါသေးရဲ့။ ဟိုင်းကြီးကော ဘာများဖြစ်သေးလဲ။ စိတ်ပူစိတ်များဖြင့် ...

"ဖထီး ... ဟိုင်းကြီးကော ... ဘာဖြစ်သွားသေးလဲ"

ဖထီးလည်း ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။ သူ၏ သားက အိပ်မက်မက်ပြီး ယောင်ကာမေးနေတာ သူ သိလိုက်သည်။ သူ၏စိတ်ထဲမှာတော့ တကယ်ဖြစ်နေတာလားလို့ ထင်နေမလား မသိဘူး။ ဒါကြောင့် ဖထီးလည်း ...





"လူလေး ... ဖိုးခွား ... ဘာဖြစ်တာလဲ။ ဘာအိပ်မက်တွေ မက်နေလို့လဲ။ ဖထီးကို ပြောပြပါဦး"

ထိုအခါကျမှ ရာဇာမင်းလည်း သတိရကာ သူ့နားတွင် ဖထီးကထိုင်ကာ စိတ်ပူပြီးပေးနေတာ တွေ့လိုက်ရသည်။ ရာဇာမင်းလည်း ...

"သား အိပ်မက်မက်နေတာလား"

"ဟုတ်တယ် ဖထီး။ သားလည်း ယခုမှ သတိထားမိတော့တယ်"

"သား အိပ်မက်က ဘာတွေမက်လို့ ဘာကြောင့် ဒီလောက်ကြောက်လန့်နေရတာလဲ"

ရာဇာမင်းလည်း ဖထီးကို သူ၏အိပ်မက်အကြောင်းကို ပြောပြလိုက်လေတော့သည်။ ဖထီးလည်း ရာဇာမင်း၏အိပ်မက်ကို ကြားသိလိုက်ရ၍ ဆင်သချိုင်းဆိုတာ တကယ်ရှိနိုင်ကြောင်း၊ ဒီဆင်သချိုင်းကိုသာ ဖထီးတို့ တွေ့လို့ကတော့ ဖထီးတို့ သူဌေးဖြစ်ပြီဟု ရာဇာမင်းကို ပြောပြလေသည်။ ထိုအခါ ရာဇာမင်းက ...

"ကျွန်တော်တို့သာ ဒီဆင်သချိုင်းကို တွေ့လို့ကတော့ ဆင်စွယ်ရတနာများကိုရသလို၊ ဆင်သိုက်တစ်ခု တွေ့ရသလိုပဲ ဖြစ်လိမ့်မယ်။ အဲဒီအခါကျ ဖထီးလည်း သူဌေးဖြစ်ပြီပေါ့နော်"

ဖထီးလည်း ရာဇာမင်းထင်ရာတွေ ပြောနေတာ ကြည့်ရင်း

"အင်း ... သားလေးမက်သောအိပ်မက်ထဲတွင် ဆင်သချိုင်းသာ တကယ်တွေ့ရင် ကောင်းမှာပဲ"

ဟူသောအတွေးဖြင့် ဖထီး အတွေးရေယာဉ်ကြောထဲ မျော မိသွားလေတော့သည်။

## အခန်း ( ၉ )
## ဝါးဆစ်ဘူးထဲက မြေပုံလေး

ရာဇာမင်း ညကမက်သောအိပ်မက်ကို မနက်မိုးလင်းတဲ့အထိ မြင်ယောင်နေမိသည်။ ရာဇာမင်း ဟိုင်းကြီးရှိရာသို့ ရောက်လာသည်။ ဟိုင်းကြီးက ရာဇာမင်းကို တွေ့တော့ နှာမောင်းဖြင့် ရမ်းကာ ကြိုဆိုနေလိုက်သည်။

ရာဇာမင်း ဟိုင်းကြီးနားသို့ ရောက်သော် …

"ဟိုင်းရယ် … ညက အိပ်မက်မက်တယ် သိလား။ မင်းက ငါ့ကို ရေတံခွန်နားခေါ်သွားတယ်။ ပြီးတော့ ဆင်စွယ်တွေ အများကြီးရှိတဲ့ ဂူထဲကို ခေါ်သွားတယ်။ အပြင်မှာသာ ငါတို့ တကယ် ရောက်ရင်တော့ ငါတို့ ချမ်းသာပြီ သိလား"

မြဝတ်စာပေ

ရာဇာမင်းတစ်ယောက် ဘွှာဘာသာသူ ပြောပြီး သဘောကျနေသည်။ ပြီးနောက် ဟိုင်းကြီးရဲ့နှာမောင်းကို ပွတ်သပ်ကာ စိတ်ကူးယဉ်ထဲမျောနေမိသည်။ ထိုအခါ ဖထီးက …

"ဖိုးခွား … ဖိုးခွားရေ ထမင်းစားရအောင်"

"ဟုတ်ကဲ့ ဖထီး"

ဟုပြောကာ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ မကျေနပ်ပါ။ သူအိမ်ထဲသို့ရောက်သော် ဘုရားစင်ဘက်သို့ မျက်စိက မထင်မှတ်ဘဲ ရောက်သွားသည်။ ထိုအခါ ဘုရားစင်၏အောက်တွင် ဝါးဆစ်ဘူးလေးကျနေတာ တွေ့လိုက်ရသည်။

"ဟင် … ဝါးဆစ်ဘူးလေးပါလား။ ဘယ်လို အောက်ကို ကျနေရတာလဲ။ ထူးဆန်းလှချေလား"

သူ ဝါးဆစ်ဘူးလေး ချောင်းထဲမှရလာကတည်းက ဖွင့်မကြည့်သေးပေ။ ဘုရားစင်၏နောက်တွင် ထားခဲ့သည်မဟုတ်ပါလား။ သူ့မှာလည်း အလုပ်တွေများနေလို့ ဝါးဆစ်ဘူးလေးကို သတိမေ့နေခဲ့သည်။ ဖွင့်ကြည့်ဖို့လည်း သတိမရပါ။

ယခုလည်း ဘယ်လိုဖြစ်ပြီး ဘုရားစင်နောက်ကနေပြီး အောက်သို့ ရောက်နေရတာလဲ။

ရာဇာမင်းလည်း ဝါးဆစ်ဘူးလေးကို ကောက်ယူပြီး ဘုရားစင်ပေါ်သို့ပြန်တင်ခိုက်သည်။ ထမင်းစားပြီးမှ ဖွင့်ကြည့်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဖထီးက သူ့ကို ထမင်းစားဖို့ စောင့်နေသည်။

❖ ❖ ❖





ရာဇာမင်း ဝါးဆစ်ဘူးလေးကို ယူလိုက်သည်။ ဝါးဆစ်ဘူးလေးကို လှပ်ထားပုံမှာ သေသပ်လှသည်။ ပြီးတော့ ကော်နဲ့သေသပ်စွာ ကပ်ထား၍ တော်တော်ဖွင့်ယူရသည်။ ဝါးဆစ်ဘူးလေးပွင့်သွားသည်။ အထဲတွင် ပလပ်စတစ်ဖြင့် အိတ်လုပ်ကာထည့်ထားသော စာရွက်ခေါက်လေးတစ်ခု ထွက်လာသည်။ ပလပ်စတစ်အိတ်ကို ဖွင့်ကာ စာရွက်ခေါက်လေးကို ဖွင့်ကြည့်လိုက်သောအခါ …

"ဟင် … ဟာ"

ငါ ညကမက်တဲ့အိပ်မက်ထဲက ရေတံခွန်ရဲ့ပုံပါလား ဘေးပတ်ပတ်လည်မှာလည်း တောင်တွေကို ဆွဲထားသည်မှာ သူ တွေ့ခဲ့ရသောပုံအတိုင်းဖြစ်သည်။

"ဆန်းလှချည်လား။ ဒီပုံကို ဆွဲတဲ့သူကော ဘယ်ရောက်နေပြီလဲ။ ရှိသေးလို့လား"

ဟု တွေးမိသည်။ ရှိသေးရင်တော့ သူ့ရဲ့ပစ္စည်းကို ပျောက်သွားတာ ရှာမှာပဲ။ ဒါမှမဟုတ် သေသွားရင်လည်း ဖြစ်နိုင်တာပဲ။ ဒီဝါးဆစ်ဘူးလေးကို ချောင်းထဲကရခဲ့တယ်ဆိုတော့ ဒီဝါးဆစ်ဘူးရဲ့ ပိုင်ရှင်ဟာ သေသွားလို့ဖြစ်နိုင်တယ်။ ဒါဆိုရင် ဒီဝါးဆစ်ဘူးထဲက ပုံကို ဘာကြောင့်ဆဲခဲ့တာလဲ။ ပြီးတော့ …

ရာဇာမင်း မြေပုံ၏အောက်နားသို့ စာတာပိုဒ်ပါတာ တွေ့လိုက်ရသည်။ စာကတော့ …

"နေမွန်းတည့်သည့်နေ့ဟာ လဆန်းတစ်ရက်ပါ"

အင်း … တစ်ခုခုကိုရည်ညွှန်းသလိုပဲ။ ဘာကိုရည်ညွှန်းပါလိမ့်။ မြေပုံကိုကြည့်ပြီး ရာဇာမင်း မှတ်သားနေမိသည်။ သူ့နဲ့ ဟိုင်း

ရာဇာတို့သွားခဲ့သော လမ်းကြောင်းလေးဟာလည်း ဒီမြေပုံနဲ့တူနေသည်။

သူကတော့ အိပ်မက်ထဲ၌ ရောက်ခဲ့သူဆိုတော့ ဘယ်လိုမှ မမှတ်မိနိုင်ပါ။ ဖထီးကို ပြောပြခဲ့တာလည်း ဖထီးက တကယ်ရှိနိုင်သည်ဟု ပြောခဲ့သည်။ သူနဲ့ဖထီးသာ ဒီဆင်သင်္ချိုင်းကို ရောက်ခဲ့ရင် ချမ်းသာပြီ။

ဖထီးကို တစ်နေ့တိုင်ပင်ရဦးမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

❖ ❖ ❖

တစ်နေ့တွင် ဟိုင်းကြီးနဲ့ရာဇာမင်းတို့ ချောင်းစပ်တွင် ရေကစားနေကြသည်။ ထိုသို့ ရေကစားနေစဉ် ကမ်းစပ်၏ ချုံစပ်က လူ ၅ ဦးခန့် ချောင်းနေကြသည်။ ထိုရန်သူများ ချောင်းနေသည်ကို ဟိုင်းကြီးက သိ၍ ချောင်းစပ်ပေါ်သို့တက်သွားသည်။ ရာဇာမင်းလည်း ဟိုင်းကြီးတက်သွားတာတွေ့၍ သူပါလိုက်ပြီးတက်လိုက်သည်။

ထိုကဲ့သို့ ဖြစ်စဉ်နဲ့တစ်ပြိုင်နက်တည်း ...

ရွာထဲသို့ လူစိမ်း ၅ ဦးဝင်လာသည်။ ရွာလူကြီးအိမ်သို့ တန်းတန်းမတ်မတ် ရောက်လာသည်။ ထိုအခါ ရွာလူကြီး ဦးဘိုးခန့်က

"မောင်ရင်တို့က ဧည့်သည်တွေလား"

"ဟုတ်ပါတယ် ဦးလေး"

"ဘာကိစ္စများလဲကွယ်"

"ကျွန်တော်တို့ ဒီရွာမှာ ဆင်ဖြူတော်တစ်စီးရှိတယ် ကြားလို့ ဝယ်ချင်လို့ပါ။ အဲဒါ သူကြီးများ ဆောင်ရွက်ပေးနိုင်မလား"





ထိုအခါ ဦးဘိုးခန့်က တစ်လောက ဆင်ဖြူတော်နိုးဖို့ ကြံစည်သူများကို သတိရလိုက်သည်။ ဆင်ဖြူတော် ဒီရွာမှာရှိတယ်ဆိုတာ ဘယ်လိုများသိကြပါလိမ့်။

ဦးဘိုးခန့်လည်း ပြန်ပြောလိုက်သည်။

"ရွာတောင်ပိုင်းက ဖထီးတို့ဆီမှာတော့ရှိတယ်ကွယ့်။ ဒါပေမဲ့ ရောင်းမှာတော့ မဟုတ်ဘူး။ သူ့သားက ၄င်းဆင်ဖြူတော်ကို အရမ်းချစ်တာ"

"သူကြီးအနေနဲ့ ရောင်းဖို့ပြောပေးပါလား။ သူကြီးကိုလည်း ထိုက်သင့်သလောက်ပေးပါ့မယ်"

ထိုအခါ သူကြီးက ...

"မဖြစ်နိုင်ဘူးထင်တယ်။ ဦးလည်း ပြောလို့ရမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီဆင်ဖြူတော်ကို သစ်တောင်မဆွဲနိုင်းဘူး။ မောင်ရာဇာကလည်း လက်ခံမှာ မဟုတ်ဘူး"

ထိုလူ ၅ ဦးလည်း သူကြီးကိုပြောကြည့်လို့ မရတဲ့အဆုံး သူတို့ ၅ ဦး တိုးတိုးနဲ့တိုင်ပင်လိုက်ကြသည်။ ပြီးနောက် ရွာထဲမှ ပြန်ထွက်ခဲ့ကြသည်။

❖ ❖ ❖

မောင်ရာဇာတို့လည်း ကမ်းစပ်ပေါ်ရောက်တော့ ချုံထဲမှ လူများ ထွက်ခွာသွားတာ တွေ့လိုက်သည်။ သူတို့က ဆင်ဖြူတော်လေးကို မမြင်ဘူးလို့ ချောင်းကြည့်ကြတယ်လို့ပဲ ရာဇာက ထင်လိုက်သည်။ ၄င်းလူစိမ်းတို့နောက်သို့ မလိုက်တော့ဘဲ ရွာထဲသို့ ပြန်လာ

ခဲ့ကြသည်။

ရွာထဲသို့ရောက်တော့ သူကြီးက ရာဇာကိုခေါ်ခိုင်းလိုက်သည်။ ပြီးနောက် သူ့ဆီသို့ လူစိမ်း ၅ ဦးရောက်လာကြောင်း၊ ဆင်ဖြူတော်လေးကို ဝယ်ချင်တဲ့အကြောင်း၊ ဈေးဘယ်လောက် ပေးရပေးရ ဝယ်မည်ဆိုတဲ့အကြောင်း ပြောပြလိုက်သည်။

ရာဇာမင်းလည်း သတိရသွားသည်။ သူတို့ရေကစားနေတုန်းကလည်း လူ ၅ ဦးချောင်းနေတာ တွေ့လိုက်ရသည် မဟုတ်ပါလား။ ဒါဆိုရင် ယခု ရွာထဲသို့လာတဲ့ လူ ၅ ဦးနဲ့အတူတူပါလာတာ ဖြစ်နိုင်သည်။ ရာဇာမင်းရဲ့စိတ်ကို သိနေသော သူကြီးက တစ်ခါတည်းပြောလိုက်၍ ရာဇာမင်း နည်းနည်းတော့ စိတ်ပူသွားသည်။ ဒီလူတွေဟာ တစ်နေ့တော့ ပြန်လာကြမယ်ဆိုတာ သိနေသည်။ သူတို့တွေ ပထမအကြိမ်တုန်းကလည်း ဆင်ဖြူတော်ကို ခိုးယူဖို့ကြံစည်ခဲ့သေးသည် မဟုတ်ပါလား။

ဒီတစ်ကြိမ်တော့ သူတို့ အကြမ်းနည်းနဲ့လုပ်လိမ့်မယ်လို့ ရာဇာမင်း သိနေသည်။ သူတို့ သတိထားရတော့မည်။

■



## အခန်း ( ၁၀ )
## ရာဇာမင်းနဲ့ဆင်ခိုးအဖွဲ့

ရာဇာမင်း ယနေ့အိပ်ရာမှထကာ စိတ်ထဲတွင် လေးနေသလို ခံစားရသည်။ အရင်တုန်းကဆိုရင် တက်ကြွပြီး လန်းဆန်းခဲ့သည် မဟုတ်ပါလား။

"ဒီနေ့ ဘယ်လိုဖြစ်နေပါလိမ့်။ ညက အိပ်ရာဝင်နောက်ကျလို့များ စိတ်လေးနေသလား"

လို့ထင်မိသည်။ ဖြစ်နိုင်သည်ကလည်း ရှိနေသည်။ သူ့အနေနဲ့ ဟိုင်းကြီးကို လာပြီးခိုးကြမည့်သူများကို စိတ်ပူပြီး ဟိုင်းကြီးနားက မခွာဘဲနေသည်။ ညတော်တော်နက်မှ အခြေအနေများ အေးချမ်းပြီဆိုမှ အိပ်ရာဝင်ခဲ့သည်။

ဒါကြောင့်ဖြစ်သည်ဟု စိတ်ထဲမှ တွေးမိသည်။

ထိုအခါ အိမ်ရှေ့မှ ဆင်ဦးစီး ၄၊ ၅ ဦးတို့က …

"ဖထီး … ဖထီး … ပြီးပြီလား။ သွားကြစို့လေ"

ဆင်ဦးစီးများ လာအော်နေ၍ အိမ်နောက်သို့ ရောက်နေသော ဖထီးက ထွက်လာပြီး …

"အေး … ပြီးပြီဝေး။ ဒီမှာ စားစရာတွေ ထည့်နေလို့"

ဒီနေ့ သူတို့ တောထဲသို့သွားကြမည်ဖြစ်သည်။ သူတို့ တောထဲသို့သွားလျှင် ဆင်များကိုပါ ခေါ်သွားကြမည်ဖြစ်သည်။ ထို့အတူ ရာဇာမင်းနဲ့ဟိုင်းကြီးတို့ကိုပါ ခေါ်မည်ဟု ဖထီး ပြောထား၍ ရာဇာမင်းနဲ့ဟိုင်းကြီးတို့မှာ အိမ်ရှေ့တွင် အဆင်သင့်စောင့်နေသည်။

ဆင်ဦးစီးတို့ အိမ်ရှေ့မှ ထွက်ခွာခဲ့ကြသည်။ ရွာထိပ်တွင် ဆင်များနဲ့ ကျန်တဲ့လူများက စောင့်နေကြသည်။ ထိုဆင်များနားသို့ ဖထီးနဲ့ရာဇာမင်းတို့ ရောက်လာကြသည်။

လူများစုံကြ၍ စောင့်နေသော ဆင် ၅ စီးနဲ့ ဆင်ဖြူတော်လေးပါမို့ ဆင် ၆ စီးတို့ တောထဲသို့ ဝင်လာခဲ့ကြသည်။

သူတို့ ဒီနေ့ ရိုးမတောင်ခြေသို့သွားကြရမည် ဖြစ်သည်။ ဘုရင်ခံက သူတို့အတွက် ဆင်များရသလောက်ရှာဖို့ အမိန့်ရောက်လာသည်။ ဒါကြောင့် သူတို့ဆင်များရှိနိုင်သော ရိုးမတောင်ခြေသို့ ထွက်လာခဲ့ကြသည်။

သူတို့ ထွက်ပြီး ၁ နာရီခန့်အကြာတွင် ရွာထဲသို့ လူ ၁၀ ဦးခန့် ဝင်လာခဲ့ကြသည်။

ရွာထဲတွင် ကလေးများနဲ့မိန်းမများသာ ကျန်သည်။ အသက်





ကြီး လူကြီးများပါကျန်ခဲ့၍ ရွာထဲသို့ ထိုလူစိမ်း ၁၀ ဦးခန့်ရောက်လာခဲ့ပြီး မျက်နှာကိုလည်း ခေါင်းစွပ်များစွပ်ထားကြသည်။ ထိုသို့ ဝင်လာခဲ့သောလူများကို ခွေးများက ဝိုင်းဟောင်ကြသည်။ သူတို့ လက်ထဲတွင် သေနတ်ကိုင်သူ နှစ်ဦး၊ သုံးဦးက ရှေ့သွားနေသည်။ နောက်မှလိုက်သူများက ဓားရှည်များကို ကိုင်ကာ ပထမဆုံးတွေ့သော အိမ်သို့ ဝင်သည်။

"အားလုံး … ထိုင်နေ။ မလှုပ်နဲ့။ လှုပ်တာနဲ့ပစ်လိုက်မှာနော်"

မိန်းမတစ်ဦးနဲ့အမေအို၊ ကလေးများသာရှိသော အိမ်တွင် သူတို့ ရှာကြသည်။ ဒါပေမဲ့ ဘာမှမရပါ။ ပြီးနောက် နောက်တစ်အိမ်သို့ ဆက်သွားသည်။ ထိုသို့ပင် နောက်တစ်အိမ်တွင်လည်း ဘာမှမရပါ။ တစ်အိမ်သို့ရောက်တော့ ရာဇာမင်းတို့အိမ် ဖြစ်သည်။ ထိုအခါ ခေါင်းမြီးထားသောသူတစ်ဦးက ဘုရားစင်နားသို့ ရောက်သွားသည်။

ထိုသူက ဘုရားစင်၏အောက် အနောက်ဘက်သို့ ဟိုရှာဒီရှာလုပ်ရင်း ဝါးဆစ်ဘူးလေးကို ရသွားသည်။ ထိုအခါ ထိုဝါးဆစ်ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။ ထိုအချိန်တွင် ၄င်းလူသည် မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခု သန်းသွားသည်။ ပြီးနောက် ထိုဝါးဆစ်ဘူးလေးကို ယူခဲ့လေသည်။ ပြီးနောက် အိမ်နောက်ဖေးဘက်သို့ထွက်လာခဲ့သည်။ ဘာမှမတွေ့၍ ပြန်ထွက်လာကြသည်။

သူတို့ ၁၀ ဦးခန့် တစ်ရွာလုံး ရှာဖွေမွှေနှောက်ကာ ပြန်ခဲ့ကြလေတော့သည်။

❖ ❖ ❖

နှစ်ပတ်ခန့်အကြာ …

ရာဇာမင်းတို့ တောထဲမှ ပြန်လာခဲ့ကြသည်။ ရွာထဲသို့ ရောက်သော် သူကြီးက ဆင်ဦးစီးများနဲ့ စောဖထီးကို …

"ဝေး … နင်တို့တောထဲသွားတုန်း ဓားပြတွေဝင်သွားတယ်"

"ဘာတွေပါသွားသေးလဲ"

"သူတို့လက်ထဲမှာတော့ ဘာမှမတွေ့ဘူး။ သူတို့တွေ ဆင်ဖြူတော်ကိုများ လာယူတာလား မသိဘူး"

ဟု သူကြီးက သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။ ထိုအခါ စောဖထီးက …

"အင်း … တော်ပါသေးရဲ့။ သူတို့ တောထဲကို ဆင်ဖြူတော်လေး ခေါ်သွားလို့"

တောထဲမှာလည်း ဆင်ဖြူတော်လေးကြောင့် ဆင်များဖမ်းရတာ လွယ်ကူခဲ့သည်။ အရင်ကလို ဆင်များက မရုန်းကန်ကြပါ။ စောဖထီးလည်း ဆင်ဖြူတော်လေးကြောင့်လားဟု တွေးမိသည်။

ဆင်ဖြူတော်လေးဟာ သူတို့ကို ကူညီလိုက်တာပဲ။ ဒါပေမဲ့ ရွာထဲမှာတော့ ဓားပြတွေက သောင်းကြမ်းသွားကြသည် မဟုတ်ပါလား။

ရာဇာမင်းက အိမ်ရောက်တော့ အိမ်တွင် ဘာများပါသွားသလဲဟု လိုက်ကြည့်သည်။ သူ၏စိတ်ထဲတွင်ထင်နေသောအရာကို ပထမဦးဆုံး ရှာလိုက်သည်။

အင်း … သူထင်သည့်အတိုင်းပဲ ဝါးဆစ်ဘူးလေး ပျောက်နေတာ သိလိုက်သည်။ ဝါးဆစ်ဘူးထဲက မြေပုံလေးတော့ ပါသွားပါပြီ။ စိတ်မကောင်းတော့ဖြစ်မိသည်။ ဒီမြေပုံနဲ့အတူ သူက ဖထီး





နဲ့အတူ ဆင်ဖြူတော်လေးပါ သွားရှာကြမည်ဟု စိတ်ကူးထားခဲ့သည်။ ယခုတော့ ပါသွားပြီ။

သူ့ရဲ့အိပ်မက်လေး ပျက်စီးသွားခဲ့၍ စိတ်မကောင်းဖြစ်မိသည်။ သူ့အနေနဲ့ ဒီမြေပုံက ဘာကိုပြောသလဲဆိုတာ မသိပေမယ့် အိပ်မက်ထဲတွင် တွေ့ခဲ့ရသော လမ်းနဲ့ ရေတံခွန်ကြောင့် ဆင်သင်္ချိုင်း တစ်ခုဖြစ်လိမ့်မည်ဟု ထင်ထားသည်။

သူတို့သာ ဒီဆင်သင်္ချိုင်းသာ တွေ့ရင် ချမ်းသာကြပြီ မဟုတ်ပါလား။ ယခုတော့ အားလုံး ပျက်စီးကုန်ပါပြီ။

ရာဇာမင်း ဆင်ဖြူတော်နားသို့ ဖြည်းညင်းစွာ လမ်းလျှောက်လာခဲ့သည်။ စိတ်ထဲကတော့ မကြည်လင်၍ ဆင်ဖြူတော်လေးနားသို့ ရောက်သော် …

"ဟိုင်းကြီးရာ ငါတော့ စိတ်ကူးတွေပျက်ပါပြီကွာ။ လူဆိုးတွေ မြေပုံရသွားပြီ။ သူတို့ အရင်ရောက်ရင်တော့ ငါတို့ အိပ်မက်လေး ပျက်ပါပြီ။

ဟိုင်းကြီးမှာ ရာဇာမင်းပြောသမျှကို နားထောင်နေသည်ဟု ထင်ရသည်။ ဘာမှမလှုပ်ဘဲ ငြိမ်နေသည်။ ရာဇာမင်းလည်း ဟိုင်းကြီးကို ပြောနေခိုက် အိမ်ထဲသို့ ဖထီးဝင်လာသည်။

"ဝေး … ဖိုးခွား အိမ်ထဲမှာ ဘာပျောက်သေးလဲ"

ထိုအခါ ရာဇာမင်းက …

"ဖထီး သားမင်းသရေ၊ ကျားသရေနဲ့ ကျွန်တော်တို့ ဝါးဆစ်ဘူးလေး ပါသွားတယ် ဖထီး"

“ဓားပြတွေ တော်တော်ဆိုးတာပဲ။ ငါတို့မရှိတုန်းဖြစ်တယ်။ သူတို့ ငါတို့ဆီက ပစ္စည်းလိုချင်လို့ မဟုတ်ဘူး။ တစ်ခုခု လာရှာတာဖြစ်လိမ့်မယ်”

ထိုအခါ ရာဇာမင်းက စိတ်ထဲမှာ စိတ်ပူသွားသည်။ သတိလည်း ရသွားသည်။ ဖထီးပြောသောစကားကြောင့် …

“ဟုတ်တယ် … ဖထီး။ သူတို့ ဟိုင်းကြီးကို လာရှာတာဖြစ်လိမ့်မယ်။ သူတို့ ဟိုင်းကြီးကိုလိုချင်နေတာ။ သူတို့ရဲ့ နယ်ပိုင်ကြီးက ဆင်ဖြူတော်ကို အရမ်းလိုချင်နေတယ်လို့ ကြားရတယ်။ အဲဒါ လူဆိုးတွေက ဆင်ဖြူတော်ကို ဆက်သရင် ငွေလည်းရမယ်၊ အာဏာလည်း ရမယ် မဟုတ်လား”

“ဆင်ဖြူတော်လေးတော့ သနားပါတယ်”

“ဒီလူဆိုးတွေ ကျေနပ်ကြမှာ မဟုတ်သေးဘူး။ တစ်နေ့တော့ ပြန်လာလိမ့်မယ်”

သားအဖနှစ်ယောက် ပြောပြီး ကျန်တဲ့အလုပ်ကို ဆက်လုပ်နေလိုက်တော့သည်။

■



## အခန်း ( ၁၁ )
## ဝိညာဉ်၏စကားပြောသံ

ည …

တိတ်ဆိတ်သော ညသည် အမှောင်ကို အားပြုနေသည်။ ထိုသို့အားပြုနေသောအချိန်တွင် ရာဇာမင်းတစ်ယောက် အိပ်မပျော်နိုင်ဘဲ ရှိနေစဉ် …

“သား … လူလေး”

“သားရေ … အမေ ခေါ်နေတယ်လေ”

အသံမှာ နီးလာလိုက်၊ ဝေးသွားလိုက်၊ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ဂရုတစိုက်နားထောင်နေမိသည်။ ထိုအခါ ၄င်းအသံက ဆင်ဖြူတော်၏ခြံနားက လာတာ ကြားလိုက်ရသည်။ ထိုသို့ အသံလာရာသို့ ရာဇာမင်းက အိပ်ရာမှထကာ ဆင်ဖြူတော်

လေးရှိရာသို့ လာခဲ့သည်။ ထိုအခါ ဆင်ဖြူတော်နဲ့အတူ ဆင်ကြီး တစ်ကောင်က ရှိနေသည်။ ဒါကို ရာဇာမင်းက သေသေချာချာ မြင်နေရသည်။

ဟင် … ဘယ်ကဆင်ကြီးပါလိမ့်။ သူတို့ ဖမ်းလာသော ဆင်များက ကျုံးထဲမှာထည့်ထားသည်။ ယခုဆင်ကြီးက ဘယ်က ထွက်လာတာလဲ။ ခုနက အသံက ပျောက်သွားသည်။ ဆင်ကြီးနဲ့ ဟိုင်းကြီးတို့ နှာမောင်းချင်းလိမ်ကာ ဆင်ကြီးက ဟိုင်းကြီးရဲ့မျက်နှာ တစ်ခုလုံး နှာမောင်းဖြင့် နမ်းသလိုလုပ်နေတာ ရာဇာမင်း မြင်တွေ့ နေရသည်။

ရာဇာမင်းလည်း ဟိုင်းကြီးနားက ဆင်ကြီးကို သေချာစွာ ကြည့်လိုက်သောအခါ ဆင်မကြီးဖြစ်နေတာ တွေ့ရသည်။ ထိုဆင်မ ကြီးက ဟိုင်းကြီးကို …

"လူလေး … ရန်သူတွေက လူလေးရဲ့ဖခင် ဆင်ကြီးကို သတ်ပြီး ဆင်စွယ်ကို ညွှေ့ခန်းထဲမှာ အလှူတော်ထားတယ်။ အဲဒါ လူလေး ရအောင်ယူပြီး ဘုရားမှာလှူပေးပါ။ အဲဒါမှ လူလေးရဲ့ဖခင် စိတ် ဖြောင့်မှာ။

လူ့လောကထဲမှာက လုပ်ပေးနိုင်တာဆိုလို့ လူလေးသာ ရှိ တယ် မဟုတ်လား။ အမေလည်း မကြာခင် လာခဲ့ပါဦးမယ်"

ဟုပြောကာ ဆင်မကြီး ဟိုင်းကြီးနားက ထွက်ခွာကာ ပျောက်သွားလေသည်။ ထိုကဲ့သို့အဖြစ်အပျက်များကို ရာဇာမင်း မြင် တွေ့ရပြီး ဟိုင်းကြီးနားသို့ ရောက်လာခဲ့သည်။ ထိုအခါ ဟိုင်းကြီးက ရာဇာမင်းကို အကူအညီတောင်းသလို မျက်လုံးများဖြင့် ကြည့်နေ





ခဲ့သည်။

ရာဇာမင်းလည်း ဟိုင်းကြီးကို ဘာမှမပြောဘဲ နှာတံလေး ကို ပွတ်ကာ ပြန်ခဲ့လေသည်။ သူ သဘောပေါက်လိုက်သည်။ ဟိုင်း ကြီးနားသို့ရောက်လာသော ဆင်မကြီးဟာ ဟိုင်းကြီးရဲ့မိခင်ဝိညာဉ် ဆိုတာ သူ သိလိုက်ရသည်။

ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်ကာ ဆက်ပြီးအိပ်လိုက်လေ တော့သည်။ အိပ်မက်ထဲတွင် …

"သား … လူလေး"

"လူလေးက သားရဲ့ အခင်ဆုံး တစ်နှစ်တည်းမွေးတဲ့ သူဆို တော့ အကူအညီတောင်းချင်တယ်။ ဒီလောကမှာ လုပ်ပေးနိုင်တဲ့သူ ဆိုလို့ လူလေးသာဖြစ်တယ်။

တခြားတော့ မဟုတ်ပါဘူး။ ဟိုင်းကြီးရဲ့ဖခင် ဆင်စွယ် တစ်စုံဟာ တောခေါင်းကြီးရဲ့အိမ်မှာ ရှိနေတယ်။ အဲဒါ ပြန်ယူပြီး ဘုရားမှာ လှူပေးပါ။ ဒါမှ ဟိုင်းကြီးရဲ့ဖခင် ဝိညာဉ်ဘဝက လွတ် မှာပါ"

ဟု ပြောကာ ပျောက်သွားသည်။ ရာဇာမင်းလည်း ထိုအိပ်မက်ကို မက်ပြီး လန့်နိုးသွားသည်။ သူ့ကိုလာပြောသော သူ ကိုလည်း မှုန်ဝါးဝါးသာ မြင်လိုက်ရသည်။ အရိပ်ကြောင့် ဘာ အကောင်အထည်မှ မမြင်လိုက်ရလို့ ဘယ်လိုပြောရမှန်းမသိပါ။

ရာဇာမင်း ဆက်အိပ်မပျော်တော့ပါ။ နာရီကိုကြည့်လိုက် တော့ နံနက် ၄ နာရီထိုးတော့မည်။ ရာဇာမင်းလည်း အိပ်ရာမှထ ကာ ဖထီးစားဖို့အတွက် ဆတ်သားခြောက်ကို ဖုတ်ပေးသည်။ ရေနွေး

တစ်အိုးတည်း[illegible]ထားလိုက်သည်။

ပြီးနောက် အားလုံးပြီးဆုံး၍ ညက ခေါ်သောအသံကို ကြားလိုက်ရသည်။ ပြီးနောက် ဟိုင်းကြီးနားသို့ ရောက်လာသည်။ ဆင်မကြီးကို တွေ့ရသည်။ ပြန်လာပြီး အိပ်မက်ထဲမှာလည်း ခေါ်သံ ထပ်ကြားကာ သူ့ကို အကူအညီလာတောင်းပြန်သည်။

ရာဇာမင်း စိတ်ထဲ၌ ဇဝေဇဝါဖြစ်သွားသည်။ သူနဲ့ ဟိုင်းကြီးရဲ့သံယောဇဉ်ကြောင့် သူတို့နှစ်ဦးဆီကို လာပြီး အကူအညီတောင်းတယ်လို့ ထင်မိသည်။ ဒါကြောင့် အိပ်မက်ထဲမှာလာပြောတဲ့အတိုင်း တောခေါင်းကြီးအိမ်ထဲသို့ ဝင်ကြည့်မယ်ဟု ဆုံးဖြတ်လိုက်သည်။

ရာဇာမင်း အိမ်ရှိအလုပ်ကိစ္စများ လုပ်ပြီးနောက် ဖထီးကို မြို့သို့ ခဏသွားမည်ဟု ပြောခဲ့သည်။ သူတို့ရွာနဲ့မြို့က သိပ်ပြီးမဝေးပါ။ ၄ နာရီသာသွားရသည်။ ရာဇာအိမ်မှ ထွက်လာခဲ့သည်။

ရာဇာမင်း ပျဉ်းမမြို့သို့ ရောက်လာခဲ့သည်။ ပျဉ်းမမြို့ရှိ တောခေါင်းကြီးအိမ်ကို ရှာရတာ မခက်ပါ။ လူသိများသော၊ နာမည်ကြီးသောအိမ်ဖြစ်၍ ၄င်းအိမ်နားသို့ တည့်တည့်မတ်မတ် ရောက်လာခဲ့သည်။

တောခေါင်းအိမ်နားသို့ ရောက်သော် ခြံတံခါးသော့ခတ်ထားတာ တွေ့ရသည်။ ခြံက ၂ ဧကလောက်တော့ ကျယ်သည်။ ခြံတံခါး၏ထိပ်နဲ့အိမ်က ပေ ၂၀၀ ခန့် ကွာဝေးသည်။ ခြံထဲသို့ ကားဝင်ရာလမ်းလေးဖောက်ထားသည်။ ခြံထဲ၌ မည်သူမျှ မတွေ့ရပါ။ ထိုအခါ ရာဇာမင်းက အိမ်၏နောက်ဘက်ခြံထောင့်နားသို့ ရောက်လာခဲ့သည်။ ထိုခြံထောင့်နားက ကုက္ကိုကိုင်းက ခြံထဲသို့ ကျွံဝင်နေတာ တွေ့ရသည်။





ထိုကုက္ကိုပင်မှတစ်ဆင့် ဝင်ရန် ဆုံးဖြတ်လိုက်သည်။

ရာဇာမင်း သစ်ပင်ပေါ်သို့ တက်လိုက်သည်။ ပြီးနောက် ခြံထဲသို့ ညွတ်ဝင်နေသော သစ်ကိုင်းပေါ်သို့ရောက်သော် အသင့်ယူလာသော ကြိုးတစ်ချောင်းဖြင့် ချည်လိုက်သည်။

ပြီးနောက် ၄င်းကြိုးဖြင့်ခြံထဲသို့ဆင်းခဲ့သည်။ သူ ကံကောင်းချင်တော့ ခြံထဲတွင် မည်သူမျှ မရှိပါ။ ခြံတံခါးကပိတ်လျက်သား။ ခြံစောင့်လည်း မရှိပါ။ ထူးဆန်းနေသည်။ ခြံတစ်ခုလုံးလည်း တိတ်ဆိတ်ပြီး အိမ်တံခါးအားလုံးလည်း ပိတ်ထားသည်။

ရာဇာမင်း ခဏတော့ အခြေအနေကို စောင့်ကြည့်လိုက်သည်။ ဘာမှမထူးခြား၍ အိမ်၏အနောက်ဘက်မှ တံခါးကို ကလန့်ကာ ဝင်ခဲ့သည်။ ပြီးနောက် အိမ်ရှေ့သို့ထွက်လာခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းထဲသို့ ဝင်လိုက်သောအခါ ...

အိမ်၏ဝင်ပေါက်တည့်တည့် ရှိုးကေ့စ်ပေါ်တွင် ထည်ဝါစွာ ဆင်စွယ်တစ်စုံကို တွေ့လိုက်ရသည်။ ဆင်စွယ်၏အရောင်မှာ တောက်ပသလို ဆင်စွယ်၏အရောင်ကြောင့် အကြောလေးများ စိမ်းစိုနေသလို တွေ့ရှိလိုက်ရသည်။

၄င်းဆင်စွယ်၏အရောင်ကြောင့်လား ဒါမှမဟုတ် ဆင်စွယ်၏ အရွယ်အစားကြောင့်လားဟု မပြောနိုင်ပါ။ ဆင်စွယ်၏အရွယ်မှာ တိတိကျကျတော့ မသိရပါ။ ဒါပေမဲ့ ခန့်မှန်းရသလောက် ၅ ပေနီးပါးလောက် ရှိနိုင်သည်။

ယခုလို ကြီးမားသော ဆင်စွယ်မျိုးရဖို့ဆိုတာ အလွန်ရှားပါးပြီး ဆင် တိုင်းတွင်လည်း ဒီလောက်ကြီးမားတဲ့ ဆင်စွယ်မျိုး မရှိ

ကြတော့ပါ။

ရာဇာမင်း တစ်ချက်စဉ်းစားလိုက်သည်။ တောခေါင်းကြီး အိမ်တွင် ဆင်စွယ်ကြီး တကယ်ရှိနေတယ်ဆိုတာ သိလိုက်ရ၍ တစ်နေ့တော့ ပြန်လာယူမည်ဟု ဆုံးဖြတ်ကာ လာလမ်းအတိုင်း ထွက်လာခဲ့လေတော့သည်။

အိမ်သို့ရောက်သော် ရာဇာမင်း စိတ်ထဲတွင် ဟိုင်းကြီး၏ အကြောင်းစဉ်းစားနေမိသည်။ သူ့အနေနဲ့ ဟိုင်းကြီး၏အကြောင်းကို သူ၏ဖထီးကို တစ်ခါမှ မမေးဘူးပါ။ ဒီနေ့ကျမှ သူ အရမ်းသိချင်နေသည်။ ဒါကြောင့် သူ၏ဖထီးရှိတဲ့ ခြံထဲသို့ ထွက်လာခဲ့သည်။

ခြံထောင့်တွင် သန့်ရှင်းရေးလုပ်နေသော ဖထီးကိုတွေ့၍-

"ဖထီး ... သားကို တစ်ခုလောက်ပြောပြပါလား"

"ဖိုးခွား က ဘာသိချင်လို့လဲ"

"ဟိုင်းကြီးရဲ့အကြောင်း သိချင်လို့ပါ"

စောဖထီးသည် ရာဇာမင်း ယခုမှ ဘာကြောင့် ဟိုင်းကြီးရဲ့ အကြောင်းကို သိချင်ပါလိမ့်။ ဘာကြောင့် ယခုမှ မေးရတာလဲ ဟု တွေးနေမိသည်။ ဒါပေမဲ့ သူ၏သားက ဟိုင်းကြီးရဲ့အကြောင်း သိချင်စိတ်အရမ်းဖြစ်နေ၍ ပြောပြရန် ဆုံးဖြတ်လိုက်သည်။

"ဒီလို ... ဖိုးခွား"

ဟု အစချီကာ ဟိုင်းကြီးရဲ့အဖေနဲ့အမေကို လူဆိုးများ သတ်ဖြတ်ကာ ဆင်ဦးစီး၏ စွယ်စုံကို ဖြတ်ယူသွားကြောင်းနဲ့ ဆင်မကြီးကိုပါ သတ်ကာ ဆင်လေးကို ရယူရန်လိုက်ခဲ့ကြောင်း၊ ထိုအခါ





ဆင်လေးမှာ ချုံတစ်ခုထဲတွင် ဝင်ပုန်းကာ လွတ်မြောက်ခဲ့၍ ဖထီး ခေါ်လာခဲ့ကြောင်း 'အစမှအဆုံး' ပြောပြလိုက်လေသည်။

ရာဇာမင်းလည်း ဟိုင်းကြီးရဲ့အဖေနဲ့အမေ နှစ်ဦးစလုံး အသတ်ခံခဲ့ရ၍ စိတ်မကောင်းဖြစ်မိသည်။ သူ့နဲ့ ကံဆုံ၍ ယခုလို သူ့နဲ့နေသည်ကို စိတ်မကောင်းဖြစ်မိသည်။ သူ့မှာက အဖေရှိသေးသည်။ အမေကတော့ ဆုံးသွားခဲ့ပြီ။

ဒါကြောင့် သူ့ဖခင်ရဲ့ ဆင်စွယ်ကို သူ့အနေနဲ့ ပြန်ပြီး ယူပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ဟိုင်းကြီးရဲ့ရာဇဝင်ကြွေးကိုလည်း ပြန်ဆပ်ပေးမည်ဟု ကြိမ်းဝါးလိုက်သည်။

■

## အခန်း (၁၂)
## သိုင်းပညာသင်သောရာဇာမင်း

တစ်နေ့တွင် ရာဇာမင်း သူ၏ဖထီးကို …

"ဖထီး သိုင်းပညာသင်ချင်တယ်။ ဘယ်သူ့ဆီမှာ သင်ရမလဲဟင်"

ဖထီးက သူ၏သား ဘာကြောင့်သိုင်းပညာတတ်ချင်ရတာလဲ ဟု သံသယဖြစ်မိသည်။ ဒါပေမဲ့ မမေးပါ။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ကိုယ်ခံပညာတတ်ထားတာတော့ ကောင်းတယ်ဟု ထင်မိသည်။ ဒါကြောင့် သိုင်းဆရာတစ်ဦးကို သွားသတိရသည်။ ၎င်းသိုင်းဆရာကတော့ သူတို့ရွာနဲ့ ၁၀ မိုင်ခန့်ဝေးသော ညောင်ကျိုးရွာတွင် ရှိသည်ဟု သူသိထားသည်။ သူလည်း တစ်ချိန်က သင်ခဲ့ဖူး





သည်။ ၎င်းဆရာပင် ရှိသေးရဲ့လားတော့ မသိတော့ပါ။ ထိုအခါ ဖထီးက …

"ဖိုးခွား … သားကို ဖထီးပြောလိုက်မယ်။ အဲဒီဆရာကို ရအောင်ရှာပြီး သင်ပေါ့။ ဆရာရှိတဲ့ရွာကို ဖိုးခွား သွားပါ။ ဆရာက ဖထီးငယ်ငယ်ကလည်း သင်ခဲ့တဲ့သူဆိုတော့ အရမ်းတော်တဲ့ ဆရာပဲ"

ထို့နောက် ဖထီးလည်း ဆရာရှိသောရွာသို့ ညွှန်လိုက်လေသည်။ ရာဇာမင်းလည်း ဖထီးပြောပြသောရွာသို့ လိုက်မှတ်ကာ တစ်နေ့နေ့တွင် သွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

တစ်နေ့တွင် ရာဇာမင်း ဟိုင်းကြီးနားသို့ ကပ်လာပြီး …

"ဟိုင်းကြီးရေ ငါတော့ မင်းကိုယ်စား ဖခင်ကြီးရဲ့စွယ်စုံဆင်စွယ်ကို ပြန်ယူပေးပါ့မယ်။ ဒါပေမဲ့ လွယ်တော့မလွယ်ဘူး။ ငါ တစ်ယောက်တည်း ယူလို့တော့မရဘူး။ အဲဒါ မင်းသိရဲ့လား"

ရာဇာမင်းက ဟိုင်းကြီးနားသို့ကပ်ကာ ပြောနေပေမယ့် ဟိုင်းကြီးကတော့ ဘာမှပြန်မပြောပါ။ ဒါပေမဲ့ ရာဇာမင်း ပြောတာကို နားလည်သလိုဖြင့် ကြည့်နေတာတော့ ရာဇာမင်းလည်း သိသည်။ ထို့နောက် ရာဇာမင်းက …

"ဟိုင်းကြီးရေ … မင်းနဲ့တို့ ခဏတော့ ခွဲရဦးမှာပါ။ ဒါပေမဲ့ ဆရာရှိတဲ့နေရာနဲ့ တို့ရွာက သိပ်မဝေးပါဘူး"

ဟု ရာဇာမင်းတစ်ယောက် ဟိုင်းကြီးကို ပြောနေမိသည်။ ထိုသို့ပြောရင်း နောက်တစ်နေ့တွင် လွယ်အိတ်တစ်လုံးလွယ်ကာ ရွာမှ ထွက်လာခဲ့လေသည်။ သူတို့ရွာနဲ့ ဆရာရှိသောရွာက ၄ နာရီလောက် လျှောက်ရမှာမို့ ရွာထဲမှ နံနက်စောစောထပြီး ထွက်လာခဲ့သည်။

ထို့နောက် ညောင်ကျိုးရွာသို့ ရောက်လာသည်။ သူ၏ ဖထီးပြောလိုက်သော ရွာဖြစ်သည်။ ရွာဟုသာပြောသည်။ အိမ်ခြေက ၂၀၊ ၃၀ လောက်သာရှိသည်။ ရွာကလည်း မြို့နဲ့ဝေးတော့ တော်တော်ခေါင်တာ တွေ့ရသည်။ ရွာမှလူများကလည်း သူ့ဟာသူနေ၊ ကိုယ့်ဟာကိုယ်နေလူများ ဖြစ်ကြသည်။

ရာဇာမင်း ရောက်လာသောအခါ ရွာထဲမှ လူတစ်ဦး နှစ်ဦး ထွက်လာတာ တွေ့လိုက်ရသည်။ ထိုအခါ ရာဇာမင်းက ...

"အစ်ကိုတို့ ... အစ်ကို ... ကျွန်တော့်ကို သိုင်းဆရာကြီး အိမ်ကို ညွှန်ပေးပါခင်ဗျာ။ ကျွန်တော် ဆရာကြီးနဲ့တွေ့ချင်လို့ပါ"

ထိုအခါ လူနှစ်ယောက်က ...

"ဆရာကြီးရဲ့အိမ်က ဒီကနေ တည့်တည့်သွားပါ။ ရွာထိပ် ရွာစွန်မှာရှိတဲ့ သစ်ပင်ကြီးအောက်မှာ ၄ တိုင်စင်အိမ်ဟာ ဆရာကြီးရဲ့ အိမ်ပဲ"

"ဟုတ်ကဲ့ပါ။ အစ်ကိုတို့ကိုကျေးဇူးတင်ပါတယ်"

ရာဇာမင်းလည်း ထိုလူနှစ်ယောက် ညွှန်လိုက်တဲ့အတိုင်း ရွာထိပ်သို့ဆက်ပြီး ထွက်လာခဲ့သည်။ ရွာထိပ်သို့ရောက်သော် ဆရာကြီးဆိုသူက သစ်ပင်အောက်တွင် တရားမှတ်နေတာ တွေ့လိုက်ရသည်။ ဆရာကြီး၏သမထအားကြောင့် သူ့နားသို့ လူသားတစ်ဦး လျှောက်လာနေတာ လှည့်မကြည့်ဘဲ နားအာရုံခံကာ သိနေသည်။ လေ၏အလျဉ်နဲ့အတူ သူ့ဆီသို့ လူသား၏အနံ့က အရင်ရောက်နှင့်နေသည်။ ထိုအခါ ဆရာကြီးက နောက်သို့လှည့်မကြည့်ဘဲ ...

"လူလေးက ဘယ်သူ့ဆီလာတာလဲ"





ထိုအခါ ရာဇာမင်းက သူလာနေမှန်း လှည့်မကြည့်ဘဲ သိနေသော ဆရာကြီးရဲ့ သမထအာရုံကို ထူးဆန်းစွာ ကြည့်နေမိသည်။ ဆရာကြီးရဲ့ ဥပဓိရုပ်ကိုတော့ မမြင်ရသေးပါ။ ဆရာကြီးရဲ့ဩဇာအာဏာပြည့်ဝသော အသံကြောင့် အသံကြားရုံနှင့်ပင် ဆရာကြီး၏ ရုပ်အင်လက္ခဏာကို ခန့်မှန်းမိသည်။ ထိုအခါ ရာဇာမင်းက ...

"ကျွန်တော် ဆရာကြီးဆီမှာ ပညာသင်ချင်လို့လာတာပါ။ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်၊ ၃၀ လောက်က ကျွန်တော်ရဲ့ဖခင်လည်း ဆရာကြီးဆီမှာ ပညာသင်ခဲ့ဖူးတယ်။ ယခု ကျွန်တော့်ဖခင်ကပဲ လွှတ်လိုက်တာပါ"

"လူလေးရဲ့ဖခင်က ဘယ်သူလဲ"

"စောဖထီးပါ ဆရာကြီး"

ထိုအခါ ဆရာကြီးဆိုသူက စဉ်းစားနေလိုက်သည်။ ပြီးနောက် သတိရဟန်ကာ ...

"အင်းမရွာက ဆင်ဦးမီး စောဖထီးလား"

"ဟုတ်ပါတယ် ဆရာကြီး"

"လူလေးက စောဖထီးရဲ့သားလား"

ဆရာကြီးက တစ်ဦးတည်း ရွတ်ဆိုနေမိသည်။ ပြီးနောက် ရာဇာမင်းဘက်သို့ ကြည့်ကာ ...

"လူလေးက သိုင်းပညာကို ဘာကြောင့်သင်ချင်ရတာလဲ"

"နောင့်ယှက်ရန်မူတဲ့သူ၊ မတရားအနိုင်ကျင့်တဲ့လူတွေကို ပြန်ပြီး ခုခံချင်လို့ပါ"

"လူလေးရဲ့ ပြောစကားအရဆိုရင် လူလေးမှာ ရန်သူရှိနေ

လို့လား''

''ရန်သူတော့ ယခုမရှိသေးပါဘူး။ နောင်ဆိုရင်တော့ ရှိလာလိမ့်မယ်လို့ ထင်လို့ပါ။ ပြီးတော့ ယောကျ်ားတစ်ယောက်အနေနဲ့ သက်လုံကောင်းဖို့အတွက်ပါ။ သင်ထားချင်လို့ပါ''

''လူလေးပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ၄င်းသိုင်းပညာနဲ့တော့ သူတစ်ပါးကို အနိုင်မကျင့်ရဘူးလို့ ကတိပေးနိုင်မလား''

''ဟုတ်ကဲ့။ ပေးနိုင်ပါတယ် ဆရာကြီး''

''လူလေးရဲ့ဖခင်တုန်းကတော့ ပညာကို ဆုံးခန်းအောင် မသင်သွားရဘူး။ ဒါကလည်း ဝမ်းရေးကရှိနေသေးတော့ ပညာတစ်ဝက်တစ်ပျက်နဲ့ ပြန်သွားခဲ့ရတယ်''

''လူလေးကတော့ ပညာကို ဆုံးခန်းတိုင်အောင် သင်နိုင်ပါ့မလား''

''ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော်ကတော့ ဆုံးခန်းတိုင်အောင် သင်ပါမယ်''

ရာဇာမင်းဆီကမှ ကတိစကားရပြီးနောက် ဆရာကြီးဆိုသူက ရာဇာမင်းကို လက်ခံလိုက်လေတော့သည်။

■



## အခန်း ( ၁၃ )
## ဝိညာဉ်ဆင်မကြီးနဲ့ဟိုင်းရာဇာ

တစ်နေ့တွင် ဓာဗထီးနဲ့ ဟိုင်းရာဇာ ချောင်းစပ်တွင်ရှိနေခိုက် ဆင်ခိုးအဖွဲ့တို့သည် ဓာဗထီးနဲ့ဟိုင်းရာဇာများသို့ ကပ်လာကြသည်။ သူတို့၏အကြံက ဆင်ဖြူတော်လေးကို မေ့ဆေးသေနတ်ဖြင့်ပစ်ပြီး ဖမ်းဆီးသွားရန်ဖြစ်သည်။ ထိုသို့ကြံစည်နေသော အကြံကို ဓာဗထီးနဲ့ဟိုင်းရာဇာတို့က မသိကြပါ။ ချောင်းစပ်တွင် ဟိုင်းရာဇာလေး ရေဆော့နေတာကို ဓာဗထီးက စောင့်ပေးနေသည်။

ဆင်ခိုးအဖွဲ့ဟုသာပြောရသည် အားလုံး ၅ ယောက်ခန့်သာ ဖြစ်သည်။ သူတို့သည် ဟိုင်းရာဇာနဲ့ ကိုက် ၁၀၀ လောက်တွင် စောင့်ပြီး ပစ်ကွင်းကို စောင့်နေသည်။ ထိုသို့စောင့်နေခိုက် သူတို့

၏ နောက်ဘက်မှ …

"ဝူး"

"ဝေါင်း"

"ချွတ်"

"ဖြောင်း"

ဟူသော အသံ ၄ မျိုးဖြင့် ရောက်လာသော ရန်သူ၏ အဖြစ်ကို ဆင်ခိုးသမားများက မသိလိုက်ပါ။ သူတို့နားသို့ရောက်မှ…

"ဟာ … ဟင်"

"ဟာ … ပြေး … ပြေး"

ဟူသော လူတစ်ဦးက မြင်၍ ထပြေးရန်အလုပ် သူတို့နားသို့ ရောက်နေသော ရန်သူမှာ ဆင်ကြီးတစ်ကောင်ဖြစ်နေတာ သိလိုက်ရသည်။ ထိုအခါကျမှ ထပြေးရန် မမီပဲဖြစ်နေစဉ် ဆင်ကြီးက သူနဲ့အနီးဆုံးလူကို နှာမောင်းဖြင့် ရစ်ပတ်ကာ ပစ်ထည့်လိုက်သည်။

သူ၏လူတစ်ယောက် ပါသွားလို့ ကျန်လူများက ထပြေးဖြစ်ခဲ့ကြသည်။ ထိုသို့ ရုန်းရင်းဆန်ခတ်ဖြစ်နေကြသော အသံများကို စောဖထီးက နားပါး၍ အသံလာရာသို့လှည့်ကြည့်လိုက်သောအခါ ဆင်ခိုးသမားများဟု ယူဆရသောသူများ သူတို့ရှိရာဘက်သို့ ပြေးလာနေတာ သိလိုက်သည်။

စောဖထီးနားသို့ ပြေးလာနေသော လူ ၃ ဦးက စောဖထီးနားသို့ရောက်သော် စောဖထီးကို …

"ဆင်လိုက်လာတယ် … ဆင်လိုက်လာတယ်။ ပြေး … ပြေး"





ဟုသာ အမောတကော်ဖြင့် ပြောကာ သူတို့နားမှဆက်ပြီး ပြေးသွားလေသည်။ ကျန်တဲ့လူတစ်ဦးလည်း နောက်မှရောက်လာပြီး …

"ပြေး … ပြေး … ပြေး"

ဟုသာပြောကာ သူပါ သူ့လူများပြေးသွားရာဘက်သို့ နောက်မှ လိုက်ကာ ပြေးသွားလေသည်။

ထိုအခါ စောဖထီးလည်း သူတို့ပြေးသောဘက်သို့ လှည့်ကြည့်လိုက်သောအခါ …

"ဘာတွေဖြစ်သွားကြတာလဲ"

နောက်မှာလည်း ဘယ်သူမှလိုက်လာတာမတွေ့ဘူး။ သူ့ကို ဘာကြောင့်ပြေးခိုင်းရတာလဲ။

ဟု စောဖထီးတစ်ယောက် နားမလည်သလိုကြည့်ကာ ကျန်ခဲ့လေသည်။ ထိုအခါ သူတို့ပြေးလာသောဘက်သို့ စောဖထီးက သွားပြီးလေ့လာကြည့်သောအခါ လူတစ်ယောက် သစ်ပင်နဲ့ ရိုက်မိပြီး ခါးကျိုးသေဆုံးနေတာ တွေ့လိုက်ရသည်။

ဒါမှ ပြေးလာသော လူ ၃ ဦးပြောသွားသောစကားကို သတိထားမိတော့သည်။ ဆင် … ဆင် ဟု ပြောတာ ကြားလိုက်သည်။ ဒါဆိုရင် ယခု သေဆုံးသူက ဆင်ကြောင့်သေဆုံးနေတာ ဖြစ်ရမည်။

ဒါပေမဲ့ သူတို့ပြောသလို ဆင်လိုက်လို့ ပြေးရတယ်ဆိုရင် ဘာကြောင့်မတွေ့ရတာလဲ။ ၄င်းလူတို့ထွက်ပြေးသွားလို့ ဆင်ကြီးက ဆက်မလိုက်တော့ဘဲ ပြန်လှည့်သွားတာလား။

ဟု သံသယဖြစ်မိသည်။ စောဖထီး ဘယ်လိုနားမလည်နိုင်အောင် ဖြစ်မိသည်။ သူ့အနေနဲ့လည်း ဟိုင်းရာဇာကို ပြုစုစောင့်ရှောက်ခဲ့တာ ၅ လကျော် ၆ လလောက်ရှိနေပြီ။ ဖိုးခွားလေးလည်း ပြန်မရောက်သေးခင် စောဖထီးက ဟိုင်းရာဇာလေးကို ပြုစုပေးနေရသည်ဖြစ်သည်။ ဖိုးခွားလေး ပြန်ရောက်ရင်တော့ သက်သာပြီမဟုတ်ပါလား။

ဘာလိုလိုနဲ့ ဖိုးခွားလေး သိုင်းပညာသင်သွားတာ ၅ လ၊ ၆ လ ရှိသွားပြီ။ ယခု ဟိုင်းကြီးလေးကို ရေဆော့ဖို့ ခေါ်လာခဲ့တာ ရန်သူများက ဘယ်ကရောက်လာမှန်းမသိပါ။ သူတို့နားက ဖြတ်ပြီး ပြေးသွားသောသူများက ဆင်ဖြူတော်ကို လာဖမ်းတဲ့သူများလား။

ဒါဆိုရင် သူတို့ကို ကယ်လိုက်သောဆင်ကြီးက ဘယ်က ပေါ်လာတာလဲ။ ယခုကော ဆင်ကြီး ဘယ်ဘက်သို့ပြေးသွားပါလိမ့်။ စောဖထီး စဉ်းစားရခက်သွားသည်။ သေဆုံးနေသော လူနားသို့ ရောက်သော် ဆင်ခြေရာများရှာကြည့်သည်။ သို့သော် ဘာခြေရာမှ မတွေ့ရပါ။ စောဖထီး အံ့ဩမိသည်။

စောဖထီးတို့ ရွာထဲသို့ပြန်ခဲ့သည်။ ရွာထဲတွင် ခုနကလူများက အရင်ရောက်နှင့်သည်။ ၎င်းလူများ ရွာထဲသို့ရောက်လာခြင်းကို ဘာကြောင့်များဖြစ်ပါလိမ့် ဟု သိလိုသောကြောင့် အနီးဆုံး လူတစ်ဦးဆီသို့ သွားကာ ...

"မောင်ကြိုင် ... ဟိုလူတွေက ဘာလာလုပ်တာလဲ"

ထိုအခါ မောင်ကြိုင်က ဖထီးကို ...

"သူတို့ဆင်လိုက်လို့ပြေးလာတယ်လို့ လာပြောနေတယ်။





ပြီးတော့ သူတို့လူတစ်ယောက်လည်း သေသလား၊ ရှင်သလားဆိုတာ မသိဘူးတဲ့။ အဲဒါ ရွာထဲဝင်ပြီး လာအကူအညီတောင်းနေတယ်"

စောဖထီးက မေးနေရင်းမှ ခုနက လူစိမ်း ၄ ဦး ရွာလူကြီးအိမ်သို့ ထွက်သွားတာ တွေ့လိုက်ရသည်။ ၎င်းလူစိမ်း ၄ ဦးကလည်း သူတို့ စိတ်ဇောကြောင့် လမ်းတွင် တွေ့၍အော်ခဲ့သော စောဖထီးကို မမှတ်မိဘဲဖြစ်နေကြသည်။

လူစိမ်း ၄ ဦးမှာ ရွာသူကြီးအိမ်သို့ရောက်သော် ...

"ဗျို့ ... ဦးလေး ... သူကြီး"

ဟုအော်ခေါ်ကာ သူကြီး၏အိမ်ထဲသို့ တည့်မတ်စွာ ဝင်လာခဲ့ကြသည်။ ထိုအခါ သူကြီးက အိမ်ထဲမှ ထွက်လာပြီး ...

"ဆို ... မောင်ရင်တို့ ဘာဖြစ်လာတာလဲ"

"ကျွန်တော်တို့ကို တစ်ခုလောက်အကူအညီပေးပါဦး"

ရှေ့ဆုံးမှဝင်လာသောသူက သူကြီးကို ပြန်ပြောလိုက်လေသည်။ ထိုအခါ သူကြီးက ၎င်းလူ ၄ ဦးကို ရုတ်တရက်တော့ မမှတ်မိပါ။ ဒါပေမဲ့ သေသေချာချာကြည့်လိုက်သောအခါ အရင်တစ်ခါတုန်းက ဆင်ဖြူတော်လေးကို လာဝယ်ကြသောလူများထဲမှ လူတွေဆိုတာ မှတ်မိလိုက်သည်။ ထိုအခါ သူကြီးက ...

"မောင်ရင်တို့က ဘာတွေဖြစ်လာလို့ ကူညီတောင်းရတာလဲ"

"ကျွန်တော်တို့ကို ဆင်ရိုင်းလိုက်လို့ ထွက်ပြေးလာတာပါ။ ကျွန်တော်တို့ရဲ့ လူတစ်ယောက်လည်း တောထဲမှာ ကျန်ခဲ့တယ်။ အဲဒါ သူကြီးဆီက အကူအညီလာတောင်းတာပါ"

ထိုအခါ သူကြီးက စဉ်းစားကာ ငှင်းလူများကို အကဲခတ်ကာ ကူညီပေးသင့် မပေးသင့် ချင့်ချိန်လိုက်သည်။ ပြီးနောက်ဆုံးဖြတ်ကာ ...

"ကောင်းပြီ ... ကူညီမယ်"

ဟုပြောကာ စီစဉ်လိုက်လေသည်။

❖ ❖ ❖

သူကြီးနဲ့အတူ ရွာသား ၄၊ ၅ ဦးခန့် ဦးဆောင်ကာ လူစိမ်း ၄ ဦးနဲ့အတူ တောထဲသို့ဝင်လာခဲ့ကြသည်။ ရှေ့ဆုံးမှ လူစိမ်းထဲမှ တစ်ဦးက ဦးဆောင်ပြီး မိမိတို့ ဆင်ကြီးနဲ့ဆုံခဲ့သောနေရာသို့ ရောက်လာခဲ့သည်။

ထိုအခါ ထိုနေရာတွင် သူ၏လူ ခါးကျိုးကာ သေဆုံးတာ တွေ့လိုက်ရသည်။ ထိုလူကို သူကြီးက သေချာစွာစစ်ဆေးလိုက်သောအခါ သစ်ပင်နှင့်ရိုက်မိပြီး သေဆုံးနေတာ တွေ့ရသည်။ ထိုလူတို့ပြောသလို ဆင်ကြီးက နှာမောင်းဖြင့် လိမ်ကာ ပစ်ပေါက်လိုက်တယ်ဆိုတာ သေချာသည်။

သို့သော်လည်း ဒီနေရာတစ်ဝိုက်မှာ ဆင်ဆိုးရန်က မရှိပါ။ သူတို့ ဆင်ဖမ်းထွက်တဲ့အခါ ရွာနဲ့ ၅ မိုင်၊ ၁၀ မိုင်လောက်ရောက်မှသာ ဆင်များကို တွေ့ရသည်။ ယခုတော့ ဒီဆင်ကြီးက သူတို့ရွာနဲ့ အလွန်နီးသောနေရာသို့ ရောက်လာတယ်ဆိုတော့ စဉ်းစားစရာဖြစ်ပေသည်။

သူတို့ဖမ်းထားသော ဆင်များကလည်း ထူးခတ်ထားကာ





တစ်ကောင်မှ မလွတ်ပါ။ သူကြီးလည်း သူတို့ လူစိမ်း ၄ ဦးကို ကြည့်နေမိသည်။ သို့သော်လည်း ထိုလူစိမ်းများကလည်း သူတို့၏လူ သေဆုံးနေတာ တွေ့ရ၍ စိတ်မကောင်းစွာဖြင့် ကြည့်နေမိသည်။

ထို့နောက် ရွာသားများ၏အကူအညီဖြင့် ထိုအလောင်းကို တောထဲမှာပဲ မြေမြှုပ်လိုက်ကြလေသည်။

ကိစ္စများပြီးဆုံးသွား၍ လူစိမ်းများလည်း ရွာမှပြန်သွားကြလေတော့သည်။

■

## အခန်း ( ၁၄ )
## သမထအာရုံနဲ့ရာဇာမင်း

ရာဇာမင်း သိုင်းဆရာကြီး စောစံဖဆီတွင် ပညာသင်ပြီး ပြန်လာခဲ့သည်။ ဆရာကြီးကလည်း ရာဇာမင်းကို သိုင်းပညာသာမက ပဲ သမထ ပညာတွေပါ သင်ပေးလိုက်သည်။ ရာဇာမင်းက သမထ အားတွေပါရလိုက်လို့ သူ့တွင် သမာဓိပါ ရှိလာခဲ့သည်။ ထိုသမထ အားကြောင့် စိတ်အာရုံများ ထွေပြားရာမှ စုမိကာ ရန်သူများ၏ ကြိုတင်ကြံဆမှုများ အာရုံခံကောင်း၍ ကြိုတင်ကြံဆမှုများလို့ သိမြင် ခံစားနိုင်ခဲ့သည်။

သူ ပညာတတ်မြောက်မှု ပြီးဆုံးသွား၍ ရာဇာမင်း ဆရာကြီး ဆီမှ ခွင့်ပန်ကာ သူ၏နေရပ်သို့ ပြန်ခဲ့လေသည်။ ရာဇာမင်းပြန်လာ





ရာလမ်းခရီးတစ်လျှောက်တွင် ပျော်ရွှင်မှုအပြည့် အားအင်အပြည့် ဖြင့် ပြန်ခဲ့ရ၍ စိတ်ရွှင်လန်းခဲ့သည်။

ဟိုင်းကြီးနဲ့ပြန်တွေ့ရတော့မည်ဖြစ်၍ ပျော်နေမိသည်။

ရွာနားသို့ရောက်လာခဲ့သည်။ ထိုအခါ ရွာထဲမှ သူ၏ သူငယ်ချင်းအုပ်စုတစ်စုနှင့် မျက်နှာချင်းဆိုင် ဆုံမိသည်။

"ဟာ ... ရာဇာ ပြန်လာပြီလား"

ရာဇာ၏သူငယ်ချင်းဖြစ်သူ သံချောင်းက မြင်၍ နှုတ်ဆက် လိုက်သည်။ ထို့နောက် ဖိုးပိန်နှင့် အရိုးဆိုသူက ရာဇာနားသို့ကပ် လာပြီး ...

"မင်းတော့ အရင်ကနဲ့မတူတော့ဘူး။ ပိုပြီးထွားကျိုင်းလာ လိုက်တာ။ ငါတို့တောင် မမှတ်မိချင်ဘူး"

ဆင်ကြီးနဲ့ငဖောင်ရိုးက ရာဇာနားသို့ကပ်ကာ ...

"တို့ကိုလည်း သိုင်းပညာပြန်သင်ပေးပါနော်။ ငါတို့က တော့ သင်ချင်ပေမယ့် မင်းလို အချိန်မရဘူး။ မင်းမှာက ဖထီးက တစ်ယောက်တည်းဆိုတော့ အဆင်ပြေတာပေါ့"

ထိုအခါ ရာဇာမင်းက ...

"အေးပါကွာ။ ငါ အားတဲ့အချိန်ကျရင် တစ်ဆင့်ပြန်သင် ပေးပါ့မယ်"

ထို့နောက် သူငယ်ချင်းအုပ်စု ပျော်ရွှင်စွာဖြင့် ရွာထဲသို့ ပြန်ဝင်လာကြသည်။ ရွာထဲမှ လူများကလည်း ရာဇာကိုကြည့်ပြီး ရယ်ပြုံးပြကြလေသည်။ ထိုသူတို့အထဲမှ နန်းမှုံလည်းပါလေသည်။ နန်းမှုံက အဝေးကပဲကြည့်ကာ ပြုံးပြလေသည်။

ရာဇာမင်း သူ၏အိမ်နားသို့ရောက်သော် …

"ဖထီးရေ … ဖထီး … ဖထီး"

"ဟိုင်းကြီးရေ … ဟိုင်းကြီး"

ဟုအော်ခေါ်ကာ ဟိုင်းကြီးထားသော တဲခါးနားသို့ အရင်ဝင်သွားလေသည်။ ထိုအခါ ဟိုင်းကြီးမရှိပါ။ ဖထီးလည်း ပျောက်နေသည်။ ရာဇာလည်း စိတ်ပူကာ ဘေးရှိအိမ်နားသို့ ပြေးလာပြီး ဖိုးထောင်အိမ်သို့ဝင်ကာ …

"ကိုဖိုးထောင် … ကိုဖိုးထောင်"

"ဟေ … ဘယ်သူလဲကွယ့်"

"ကျွန်တော် ရာဇာပါ။ ဖထီးနဲ့ဟိုင်းကြီး မတွေ့လို့ လာမေးတာပါ"

"ဩော် … ဖထီးနဲ့ဟိုင်းကြီးက ဒီနေ့ပဲ တောထဲဝင်သွားကြတယ်"

"ဘာအတွက်လဲ ကိုဖိုးထောင်"

ထိုအခါ ကိုဖိုးထောင်က …

"တောခေါင်းကြီးက စွယ်စုံဆင်ကြီးတစ်ကောင်လိုချင်တယ်ဆိုလို့ တောထဲဝင်သွားကြတယ်"

ကိုဖိုးထောင်ဆီမှ သတင်းရပြီး ရာဇာလည်း မျက်နှာလေးညှိုကာ စိတ်မကောင်းဖြစ်မိသည်။ သူ့အနေနဲ့ ရောက်ရောက်ချင်း ဟိုင်းကြီးကို တွေ့ချင်လွန်းလို့ အားခဲလာခဲ့ရသည် မဟုတ်ပါလား။

ရာဇာမင်း ကိုဖိုးထောင်ဆီမှ အိမ်သို့ပြန်ခဲ့သည်။ ပြီးနောက် အိမ်ထဲသို့ဝင်ရန် အပေါက်ဝသို့အရောက်တွင် …





"ကိုမင်း … ကိုမင်း"

ရာဇာက နောက်သို့လှည့်ကြည့်လိုက်သည်။ ထိုအခါ နန်းမွှံ တစ်ယောက်နောက်မှရောက်လာတာ တွေ့၍ ဝမ်းသာအားရ …

"နန်းမွှံပါလား … လာလေ။ ဖထီးလည်း မရှိဘူး။ အစ်ကိုလည်း ဒီနေ့ပဲပြန်ရောက်တော့ အေးအေးဆေးဆေးဖြစ်မှ လာခဲ့မယ်လို့ လုပ်နေတာ"

"ရပါတယ် ကိုမင်းရယ်။ ယခု နန်းမွှံရောက်လာပြီပဲ။ နန်းမွှံက လွမ်းနေရသူပါ"

"ကိုမင်းလည်း ဒီလိုပါပဲ။ ဒါနဲ့ နန်းမွှံကိုမေးရဦးမယ်။ အစ်ကိုမရှိတုန်း ရွာမှာ ဘာများထူးသေးလဲ"

နန်းမွှံက ဟိုင်းကြီးကို လာခိုးဖို့ကြံတဲ့လူတွေအကြောင်း ပြောပြချင်ပေမယ့် ရာဇာက ဒီနေ့မှ ပြန်ရောက်လာသူဆိုတော့ စိတ်မကောင်းဖြစ်မှာစိုးမိသည်။ ဒါနဲ့ …

"ဘာမှမထူးပါဘူး ကိုမင်း။ အားလုံးအေးချမ်းပါတယ်"

ဒီလိုနဲ့ ချစ်သူနှစ်ဦး စကားများ တဝကြီးပြောကာ အချိန်တော်တော်ကြာမှ နန်းမွှံလည်း ပြန်သွားလေတော့သည်။

တစ်ရက်၊

နှစ်ရက်၊

သုံးရက် မြောက်သောနေ့တွင် …

ရာဇာမင်း သူ၏ဖထီးနဲ့ ဟိုင်းကြီးကို စိတ်ပူကာ နေမထိထိုင်မသာဖြစ်နေသည်။ တောထဲလိုက်သွားရင် ကောင်းမလားလို့လည်း တွေးမိသည်။ ဒါပေမဲ့ ဘယ်အရပ် ဘယ်ဘက်သို့သွားမှန်း

မသိတော့ မလိုက်ဖြစ်တော့ပါ။

လေးရက်မြောက်သောနေ့ နေ့ခင်းဘက်လောက်တွင် …

"ဟေး … ဟေး … ဟေး"

ဟူသော အော်သံများကြားကာ ဆူညံစွာ စကားများနဲ့ လူအများ လျှောက်လာသော တောနင်းသံများ ကြားလိုက်ရသည်။ ထိုအခါ ရွာထဲမှ ကလေးများက …

"ဟေး … ဟေး"

ဟူသော အသံရှည်များဖြင့် အော်ဟစ်ကာ ရွာထိပ်သို့ ထွက်ပြေးသောအသံများကြားလိုက်ရသည်။ ဒါကြောင့် ရာဇာမင်းလည်း…

"ဒါဆိုရင်တော့ ဆင်ဖမ်းတဲ့အဖွဲ့ ပြန်လာတာပဲဖြစ်မယ်"

ဟု စိတ်ထဲမှ တွေးမိသည်။ ခဏကြာတော့ ရွာထိပ်တွင် ရွာထဲမှ လူများ ဝိုင်းကာ ဆင်းဖမ်းထွက်သောအဖွဲ့ကို ကြိုဆိုနေတာ တွေ့လိုက်ရသည်။

ရာဇာမင်းလည်း သူပါ ရွာထိပ်သို့ထွက်ကာ သူ၏ဖထီးကို ကြိုဆိုလိုက်သည်။

ဆင်ဦးစီးများက ဆင်များစီးလျက် ဆင်များ တစ်ကောင်ပြီး တစ်ကောင် ရွာထဲသို့ဝင်လာကြသည်။ ရွာလယ်လမ်းမတစ်လျှောက် ကြိုဆိုသူများက ဆီးကြိုလျက်။

ရွာထဲသို့ဝင်လာသော ဆင်များသည် အားလုံး ၅ ကောင်ခန့် ဖြစ်သည်။ သူ၏နောက်မှ သံကြိုးများ ခတ်ထားသော ဆင်ရိုင်းများ လည်း ပါလာသည်။ အားလုံး ၅ ကောင်ခန့်ဖြစ်သည်။ ထိုဆင်ရိုင်း များ၏နောက်မှ ဟိုင်းကြီးနဲ့ စောဖထီးတို့ဖြစ်သည်။ ဟိုင်းရာဇာပေါ်





တွင် စောဖထီးက စီးလျက် နောက်ဆုံးမှ လိုက်လာခဲ့သည်။

ထိုအခါ ဟိုင်းရာဇာက လူအုပ်များထဲမှ ရာဇာမင်းကို အရင်ဆုံး တွေ့၍ …

"ဝူး … ဝူး … ဝူး"

ဟူသော နှုတ်ဆက်သောအသံလား ဝမ်းသာ၍အော်သော အသံလားဆိုတာ ရာဇာမင်းတစ်ယောက် နားမလည်ဖြစ်မိသည်။ သို့သော်လည်း ဟိုင်းရာဇာက နှာမောင်းကြီးကို အပေါ်သို့မြှောက်ကာ ဒုတိယအကြိမ် အော်လိုက်သောအခါ စောဖထီးက …

"ဟိုင်းကြီး … ဘာဖြစ်တာလဲကွ"

စောဖထီးတစ်ယောက် နားမလည်အောင် ဖြစ်မိသည်။ ဒါကြောင့် ဟိုင်းရာဇာကို အော်လိုက်မိသည်။ စောဖထီးက လူအုပ်ထဲသို့ မကြည့်သေးပါ။ ရာဇာမင်းက စောဖထီးတို့နဲ့ဆို တော်တော် လှမ်းနေသေးသည်။ ဒါပေမဲ့ ဟိုင်းရာဇာက ကြိုပြီးမြင်လေသည်။ ထိုသို့ ဆင်များ တဖြည်းဖြည်း ဝင်လာလိုက်တာ ရွာထဲသို့ ရောက် လုနီးပါးတွင် …

"ဖထီးရေ … ဖထီး"

"ဟိုင်းကြီးရေ … ဟိုင်းကြီး"

ရာဇာမင်းက ဝမ်းသာအားရ အော်ခေါ်လိုက်မိသည်။ ပြီးတော့ ဟိုင်းကြီးကိုလည်း အနားရောက်မှ ကြည့်ပြီး …

"မင်းတောင် တော်တော်ထွားလာပြီပဲ။ တောထဲတောင် လိုက်နေရပြီပေါ့"

ဟု စိတ်ထဲမှ ပြောလိုက်မိသည်။ ထိုသို့ အော်ခေါ်လိုက်

သော အသံကြောင့် လူအုပ်ကြားထဲသို့ ကြည့်လိုက်မိသည်။

"ဟာ … ဟေး … ဖိုးခွား"

စောဖထီး ဖိုးခွားဆိုသော ရာဇာမင်းကို တွေ့လိုက်ရ၍ ဝမ်းသာအားရသော မျက်နှာလေးဖြင့် အနားသို့ရောက်သောအခါ …

"ဖိုးခွား ဘယ်တော့ကပြန်ရောက်နေတာလဲ"

ရာဇာမင်းက ဟိုင်းကြီးနားသို့ကပ်ကာ နှာမောင်းကို ကိုင်လျက် ဖထီးကိုကြည့်ပြီး …

"သုံးရက်လောက်ရှိနေပြီ ဖထီး။ ကျွန်တော် အရမ်းပျင်းတာပဲ။ တောထဲကိုလိုက်လာဦးမလို့။ ဘယ်ဘက်သွားမှန်းမသိလို့"

ထိုအခါ ဟိုင်းကြီးက ရာဇာမင်းကို နှာမောင်းဖြင့် ဟိုနမ်းဒီနမ်းဖြင့် နှုတ်ဆက်လို့မဝဖြစ်နေသည်။

ထိုအခါ ရာဇာမင်းက ဟိုင်းကြီး၏စိတ်ကိုသိ၍ …

"ငါ နားလည်ပါတယ်ကွ။ ငါလည်း မင်းကိုလွမ်းပါတယ်"

ဟုပြောကာ ဟိုင်းကြီး၏နှာမောင်းကို ပွတ်ပေးနေသည်။

အိမ်နားသို့ရောက်သော် စောဖထီးက ဟိုင်းကြီးပေါ်မှဆင်းကာ ဆင်ရိုင်းများနောက်မှ လိုက်သွားလေသည်။ ဟိုင်းကြီးကတော့ အိမ်နားတွင် ကျန်ခဲ့သည်။ ထိုအခါ ရာဇာမင်းက ဟိုင်းကြီးကို အိမ်ခြံဝင်းထဲသို့ ခေါ်သွင်းပြီး သူနေသော တင်းကုပ်နားသို့ခေါ်သွားလေသည်။

စောဖထီးတို့ ဆင်ဦးစီးတို့က ဆင်ရိုင်းများကို ကျုံးသွင်းနေကြသည်။

စောဖထီးတို့အုပ်စု တောထဲတွင် ဆင်များကို စနစ်တကျ





ကျုံးသွင်းခြင်းဖြင့် ထောင်ဖမ်းသောနည်းကို သုံးခဲ့ကြသည်။ ထိုသို့ ကျုံးသွင်းခြင်းကို အိန္ဒိယတိုင်းရင်းသားများထံမှ ဆင်းသက်၍ ဆင်ကျုံးကို ကေဒါဟုခေါ်သည်။ ကျုံးအတွင်းသို့ မောင်းသွင်းပြီး ဆင်ရိုင်းများ ဖမ်းဆီးသည်ကို ကေဒါဖမ်းနည်းဟုခေါ်သည်။

ပထမကမ္ဘာစစ်မဖြစ်မီကပင် မြန်မာနိုင်ငံတွင် ကျုံးသွင်းစနစ်ဖြင့် တောဆင်ရိုင်းများ ဖမ်းဆီးသော အစိုးရဌာနရှိခဲ့ဖူးသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီထိပင် ဖြစ်သည်။

ထိုသို့အဖွဲ့အစည်းများထံမှ လိုင်စင်များရယူကာ ဆင် ဖမ်းသော အဖွဲ့ဖွဲ့၍ အင်္ဂလိပ်အစိုးရလက်ထက်ထိ ရှိခဲ့ကြသည်။

ထိုကဲ့သို့အဖွဲ့များထံမှ စောဖထီးတို့အဖွဲ့လည်း တစ်ဖွဲ့ပါဝင်လေသည်။ ယခင်က တောတောင်များထဲတွင် ကျွန်းသစ်များကို စက်ယန္တရားများဖြင့် သယ်ယူ၍မဖြစ်ပါ။ ဆင်များကိုသာ အသုံးပြုရသည်။ တောင်ပေါ်တောင်ဆင်းများတွင် ဆင်များဖြင့်သာ အဆင်ပြေသည်။ ယခုလည်း စောဖထီးတို့ ဆင်ဖမ်းအဖွဲ့တောထဲတွင် ရက်အတော်ကြာသွားသည်။ စောဖထီးက ရာဇာမင်းကို တွေ့လိုက်ရ၍ ဝမ်းသာသွားသည်။ သူ၏သား ကိုယ်ခံပညာသွားသင်၍သာ လွှတ်လိုက်ရသည်။ မဟုတ်လျှင် စိတ်မချပါ။

စောဖထီး သူ၏လူများကို မှာကြားပြီး အိမ်သို့ပြန်လာခဲ့လေတော့သည်။

အိမ်သို့ရောက်သော် …

"ဖိုးခွားလေး … ဘယ်လိုလဲ ပညာသင်တာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ဖထီး။ အဆင်ပြေပါတယ်။ ဆရာကြီးက ကိုယ်ခံပညာတင် မဟုတ်ဘူး။ သမထ ကျင့်စဉ်တွေနဲ့ မနောအာရုံခံ တွေပါ သင်ကြားပေးတယ်"

ရာဇာမင်းပြောပြ၍ ဖထီးလည်း အားရကျေနပ်မိလေသည်။ သူ၏ဖိုးခွားလေးဟာ အရွယ်နှင့်မမျှအောင် ကျောင်းပညာသာမက ယောကျာ်းတို့ တတ်အပ်သော ပညာတွေပါ တတ်မြောက်ခဲ့၍ ကျေနပ်မိလေသည်။

■

**အခန်း ( ၁၅ )**
**ဆင်သချိုင်းဂူသို့တစ်ခေါက်**

တစ်နေ့တွင် ဟိုင်းရာဇာနှင့် ရာဇာမင်းတို့ တောထဲသို့ ဝင်ခဲ့ကြသည်။ ရာဇာမင်းက ဟိုင်းကြီးပေါ်မှ ထိုင်ပြီး လိုက်လာခဲ့သည်။ သူ့အနေနဲ့ ဟိုင်းကြီးနဲ့အတူမသွားရတာ ကြာ၍ တောထဲသို့ ဝင်ခဲ့ကြသည်။ သူဘို့တောစပ်မှ အဝင်ဝတွင် ရုတ်တရက် ဘယ်ကပေါ်လာမှန်းမသိသော ဆင်မကြီးတစ်ကောင်က ဟိုင်းကြီး၏ရှေ့တည့်တည့်မှ ...

"ဝူး ... ဝူး"

ဟုအော်ကာ ဟိုင်းကြီးကို အော်ခေါ်နေတာ တွေ့လိုက်ရသည်။ ရာဇာမင်းက ဆင်အော်သံသာကြားပြီး အရိပ်တောင်မတွေ့

ရပါ။ ထိုအခါ ဟိုင်းကြီးက ပြန်ပြီး …

"ဝူး … ဝူး"

ဟုသာပြန်ပြီး အော်နေသည်။ ဟိုင်းကြီးရဲ့အော်သံကြောင့် ရာဇာမင်း နားမလည်သလိုဖြစ်မိသည်။ ပထမအော်သံသာ ကြားတုန်းက ဟိုင်းကြီးများ အော်သလားလို့ ထင်မိသည်။ သို့သော် ဟိုင်းကြီးက ရပ်ကာနေလျက် ယခုမှ ပြန်ပြီးအော်လိုက်တာ ရာဇာမင်း တွေ့လိုက်ရသည်။

ထိုကဲ့သို့ ပြုလုပ်နေစဉ် သူတို့ရောက်နေသော နေရာနှင့် ကိုက် ၁၀၀ လောက်တွင် လူတစ်စု တောချုံထဲမှ ချောင်းနေကြသည်။ သူတို့လက်ထဲမှာလည်း ဆင်ကိုပစ်ဖို့ မေ့ဆေးသေနတ်များ ကိုင်ဆောင်ထားကြသည်။ သူတို့အုပ်စုက အားလုံး ၁၀ ယောက်ခန့်ရှိမည်ဟု ထင်ရသည်။

ဟိုင်းကြီးနဲ့ရာဇာက ၄င်းတို့ကို မမြင်ဘဲ သူတို့ခရီးကိုသာ သွားမြဲသွားနေကြသည်။

ဆင်ဖမ်းသမားများက ပစ်ကွင်းထဲသို့ ရောက်လာသော ဟိုင်းကြီးကို ပစ်ရန် ချိန်ထားလိုက်သည်။ သူတို့က ဟိုင်းကြီးသာ လိုချင်သည်။ ရာဇာမင်းကိုတော့ မလိုပါ။ သို့သော်လည်း ဟိုင်းကြီးကိုသာ ရပြီးရင်တော့ ရာဇာမင်းကို ဘယ်လိုလုပ်ပြီးထားခဲ့ရမလဲ ဆိုတာ စဉ်းစားနေမိသည်။

ထိုအချိန်တွင် ဟိုင်းကြီးကို သေနတ်ဖြင့်ချိန်ထားသော သူတို့ နောက်တွင် ဆင်မကြီးက ရပ်ပြီးကြည့်နေသည်။ ဒါကို သူတို့အုပ်စု မသိလိုက်ပါ။ ထိုအခါ …





"ယော့ကောင် … ဖိုးထောင်။ ဒီတစ်ခါတော့ သေချာအောင် လုပ်နော်။ တို့တွေ ဒီဆင်ဖြူလေးကို လိုက်နေတာ ကြာခဲ့ပြီ။ ယခုထိ မရသေးဘူး။ ရခါနီးရင် ဘယ်ကပေါ်လာမှန်းမသိတဲ့ ဆင်ကြီးက ဝင်နှောင့်တယ်"

"အေးပါ … ငထွန်းရာ။ ဒီတစ်ခါတော့ ပိုင်ပါတယ်"

ဟု ဖိုးထောင်က ပြောလည်းပြော၊ ဆင်ဖြူတော်ကို မေ့ဆေး သေနတ်ဖြင့်ချိန်ကာ အခွင့်ကောင်းကို စောင့်နေသည်။ ထိုအခါ သူတို့နောက် ပေ ၅၀ လောက်က …

"ဝူး … ဝူး"

ဆင်ကြီး၏အော်သံကြောင့် ဟိုင်းကြီးက နားလည်သွားသလို သွားနေသော ခြေလှမ်းကို ရပ်လိုက်သည်။ ဆင်ကြီးက သတိပေး လိုက်သော အော်သံဟု ရာဇာမင်းလည်း နားလည်လိုက်သည်။

ထိုအခါ ဆင်ဖြူတော်က ဘေးဝဲယာကိုလိုက်ပြီးကြည့်ကာ လှုန့်ခံလိုက်သည်။ ရန်သူ့အနံ့များရ၍ ဆက်မသွားသေးဘဲ ရပ်ကာ နေစဉ် …

"ဝူး … ဝေါင်း … ဖြောင်း"

ဟူသောအသံများကြားလိုက်၍ ဟိုင်းကြီးနဲ့ ရာဇာမင်းတို့ သစ်ပင်ကြီးတစ်ပင်၏နောက်ကွင် ဝင်ကာ ကွယ်နေလိုက်သည်။ ပြီးနောက် သူတို့၏ရှေ့ ကိုက် ၁၀၀ လောက်တွင် အသံများထွက် လာပြီး လူအများ တောတိုးသံများထွက်ပြေးသွားသောအသံများ ကြားလိုက်ရသည်။

ထိုအခါကျမှ ရာဇာမင်း သဘောပေါက်လိုက်သည်။

ဖိုးထောင်တို့မှာလည်း ပစ်ကွင်းထဲ ဝင်လာသော ဟိုင်းကြီးကို ပစ်ရန် အလုပ် သူ၏နောက်မှ ဘယ်က ဘယ်လိုရောက်နေမှန်းမသိသော ဆင်ကြီးက သစ်ကိုင်းခြောက်တစ်ခုဖြင့် နှာမောင်းတွင် လိမ်ကာ ပစ်ထည့်လိုက်၍ သူတို့မှာ လွတ်အောင်မနည်းပြေးခဲ့ရသည် မဟုတ်ပါလား။

ဖိုးထောင်တို့အုပ်စု ထွက်ပြေးခဲ့တာ ဆင်ကြီးနဲ့ခပ်လှမ်းလှမ်း အရောက်တွင် နောက်သို့လှည့်ကြည့်လိုက်သည်။ သူတို့နောက်မှ လိုက်လာနေသော အသံသာကြားပြီး ကိုယ်ထည်ကို မမြင်ရပါ။ ထိုအခါ ဖိုးထောင်က အံ့ဩကာ …

"ဘာဖြစ်တာလဲ။ နောက်ကလိုက်လာတာ ဘာကောင်ကြီး လဲ။ ငါတို့မှာ ထွက်သော်ပြေးလာခဲ့တာ ဘာကောင်လိုက်မှန်းလည်း မသိဘူး။

ဒီအတိုင်းဆိုရင် ငါတို့ စခန်းကိုပြန်တာပဲကောင်းမယ်။ ဒီနေ့အဖို့တော့ ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး"

ဟု ဖိုးထောင်က ပြောကာ သူတို့အားလုံး နောက်ပြန်လှည့် ကာ ပြန်ခဲ့လေတော့သည်။

ဟိုင်းကြီးနဲ့ ရာဇာမင်းတို့က တောထဲသို့ဆက်ဝင်ခဲ့ကြသည်။ ဟိုင်းကြီးက ရာဇာမင်းကို ဦးဆောင်ကာ သူပဲခေါ်ခဲ့ကြသည်။

ရာဇာမင်းတို့ တောနက်ထဲသို့ရောက်လာခဲ့ကြသည်။ ထိုအခါ

"ဝေါ … ဝေါ … ဝေါ"

ဟူသော ရေကျသံတစ်ခုကြားလိုက်ရသည်။ ထိုရေကျသံ များသည် အလွန်အမြင့်ကြီးမှ ကျသော အသံကြောင့် မမြင်ရသေးဘဲ





အဝေးကပင် ကြားရပါသည်။ ဟိုင်းကြီးက ရှေ့သို့သာ ဆက်ပြီးသွား နေသည်။ ရာဇာမင်းမှာ ဟိုင်းကြီး၏အပေါ်မှသာ ပတ်ဝန်းကျင်ကို ငေးကာလိုက်လာခဲ့လေသည်။

ထိုအခါ ခပ်လှမ်းလှမ်းမှ သက်တန့်ရောင်အဝိုင်းပုံနှင့် ရေတံခွန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ထိုရေတံခွန်သည် အဝေး ကပင် အလွန်လှပသော မြင်ကွင်းတစ်ခု၊ တစ်ခါမှမမြင်ဖူးသော မြင်ကွင်းတစ်ခုလို ရာဇာမင်းတစ်ယောက် အံ့ဩကာ မြင်တွေ့လိုက် ရသည်။ သို့သော်လည်း ထိုနေရာကို တစ်နေရာရာမှာ မြင်ဖူးသလို စိတ်ထဲမှ ထင်မိသည်။ ဘယ်မှာမြင်ဖူးပါလိမ့်ဟု စိတ်ထဲမှ မေးနေ မိသည်။

စဉ်းစားရင်း ဟိုင်းကြီးပေါ်မှ ပါလာခဲ့ရာ ရေတံခွန်နားသို့ ရောက်လာခဲ့သည်။ ရေတံခွန်နှင့်နီးလေ သက်တန့်မှာ ပိုပြီးထင်ရှား လာသလို ရောင်စုံအဝိုင်းကြီးတစ်ခု တွေ့လေသည်။ သူတို့ရောက် လာသောအချိန်မှာ နေမွန်းတည့်ရန် အချိန်နည်းနည်းလိုနေသေးသည်။ ထိုအခါ ဟိုင်းကြီးမှာ ခေတ္တစောင့်နေလိုက်သည်။ သူတို့ရောက်နေ သော အချိန်မှာ နေမွန်းတည့်ဖို့ မိနစ်ပိုင်းသာလိုတော့သည်။

ဟိုင်းကြီးရပ်နေတာ ရာဇာမင်းတစ်ယောက် နားမလည်သလို ငေးနေမိသည်။ သူ့ကိုလည်း အောက်ဆင်းဖို့ အောက်သို့ မချပေးပါ။

ခဏကြာတော့ ရေတံခွန်မှ ရေသံများ တဖြည်းဖြည်း အရှိန်လျော့လာတာ တွေ့လိုက်ရသည်။ တဖြည်းဖြည်းနဲ့ ရေများ လျော့လာကာ အရှိန်လည်း မရှိတော့ပါ။

ထိုအခါ ဟိုင်းကြီးက ရေတံခွန်နားသို့ကပ်လာပြီး ရေတံခွန်

နားသို့ ဘေးကျောက်နံရံနားမှ ကပ်ကာ လာခဲ့၍ ရေများကျသော နေရာတွင် ရေခွက်ကြီးဖြစ်လျက်ရှိနေတာ တွေ့လိုက်ရသည်။

ငှင်းရေများ ကျနေသောအရှိန်မှာ ဘယ်လောက်ပြင်းသလဲ ဆိုတာ ရေတံခွန်၏အောက်ခွက်သို့ ကြည့်ခြင်းဖြင့် သိနိုင်လေသည်။

ရေကျသံများ လုံးဝရပ်သွားသည်မရှိဘဲ နည်းနည်းကျန်နေ သေးသည်။ ဟိုင်းကြီးနဲ့ ရာဇာတို့ ရေခွန်၏အောက်အတွင်းဘက် ဂူထဲသို့ ဝင်ခဲ့ကြသည်။ ရေတံခွန်၏နောက် ဂူထဲသို့ဝင်လိုက်သောအခါ စိမ့်ခနဲ အေးခနဲ ခံစားလိုက်ရသည်။ ဟိုင်းကြီးက ဝပ်ကာ ရာဇာမင်းကို အောက်သို့ဆင်းစေသည်။ ရာဇာမင်းလည်း သဘောပေါက်ကာ ဟိုင်းကြီးပေါ်မှဆင်းကာ ပတ်ဝန်းကျင်ကို အကဲခတ်နေမိသည်။

ထိုဂူကြီးကိုကြည့်ရသည်မှာ အလွန်ကြာခဲ့သော ဂူကြီး တစ်ခုလို ခံစားရသည်။ အတွင်းဘက်သို့ ဝင်လာခဲ့သည်။ ထိုအခါ ကျောက်တုံးနှစ်ခုကြားတွင် အရိုးခေါင်းတစ်ခု တွေ့ရသည်။ ထိုအရိုး ခေါင်းနားသို့သွားပြီး ယူကြည့်လိုက်သောအခါ လူ၏ အရိုးခေါင်း ဖြစ်နေတာ တွေ့ရသည်။

"ဟင် ... ဒီအရိုးခေါင်းက ဘယ်ကရောက်နေတာလဲ။ ငါတို့ အရင် ဒီကိုရောက်ခဲ့လို့လား"

ဟု ရာဇာမင်းက အရိုးခေါင်းကိုကိုင်ကာ လေ့လာနေမိ သည်။ ထိုအခါ အရိုးခေါင်း၏အပေါ် ခေါင်းပေါ်သို့ ညာလက်ဖြင့် အုပ်ကာကိုင်ပြီး မနောအာရုံခံကာခေတ္တငြိမ်ပြီး အာရုံခံလိုက်လေသည်။

ထိုအခါ အာရုံထဲတွင် ဂူထဲသို့ လူ ၅ ယောက်ပင်ခဲ့သည့် အဖြစ်အပျက်တစ်ခု အာရုံထဲ၌ ပေါ်လာသည်။ ပြီးနောက် အထဲသို့





ဆက်ဝင်ခဲ့ကြပြီး ဂူပေါက်များထဲမှ တစ်ပေါက်သောဂူပေါက်မှ နဂါး လိုလို၊ မြွေလိုလို၊ ညံလိုလိုအကောင်တစ်ကောင်က ထွက်လာကာ ထိုလူ ၅ ဦး၏နောက်သို့ လိုက်လေသည်။

ထိုလူ ၅ ဦးစလုံး ဂူတစ်ဂူထဲဝင်ပြေးကာ တစ်ဦးမှာ အပြင် ၌ ချောင်ပိတ်ကာ ကျန်ခဲ့လေသည်။ ထိုကျန်ခဲ့သောသူမှာလည်း ပြန် ထွက်ဖို့ အချိန်မရလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ရေတံခွန်မှ ရေ ကျလာသောအရှိန်က အလွန်ပြင်းလွန်း၍ ဂူအပြင်သို့ပင် ထွက်ရန် မလွယ်တော့ပါ။

ဂူတစ်ခုထဲသို့ဝင်သွားသော လူ ၄ ဦး၏ ကံကြမ္မာကတော့ ထိုညံလိုလိုအကောင်ကြောင့် အားလုံးအသတ်ဆုံးရှုံးခဲ့ကြလေသည်။ အပြင်၌ ကျန်ခဲ့သော လူမှာတော့ အပြင်သို့ ထွက်ရန်မလွယ်တော့ ၍ ဂူထဲ၌ပင် အစာရေစာပြတ်ကာ သေဆုံးခဲ့ရသည်ဟု ယူဆရ လေသည်။

ရာဇာမင်းလည်း ထိုလူ၏အရိုးခေါင်းပေါ်မှ လက်ကို ဖယ် လိုက်သောအခါ အတွေးအာရုံများ ပျောက်လွင့်ကာ ခေါင်းထဲတွင် မှုံနောက်နောက်ဖြစ်ကာ ကျန်ခဲ့လေသည်။

ထိုအရိုးခေါင်းရခဲ့သော နေရာ ပတ်ဝန်းကျင်တွင် တစ်ခုခု များ ကျန်ခဲ့သလားလို့ လိုက်ကြည့်သောအခါ ဝါးဆစ်ဘူးလေးတစ်ခု ကျောက်တုံးကြားတွင် ညှပ်လျက်တွေ့လိုက်ရသည်။

"ဟင် ... ဒါ ငါပျောက်သွားတဲ့ဝါးဆစ်ဘူးပဲ"

ဒါဆိုရင် ဒီဝါးဆစ်ဘူးကို ခိုးခဲ့တဲ့လူတွေ ဒီဆင်သချိုင်း ရှိရာသို့ လာခဲ့ကြတယ် ဆိုတာ ဖြစ်နိုင်သည်။

ဒီဆင်သင်္ချိုင်းကို ဟိုင်းကြီး၏အကူအညီဖြင့် သူ ရောက်လာခဲ့ရသည်။ ဒီလူတွေကတော့ သူ့ဆီက ဝါးဆစ်ဘူးလေးထဲမှ လမ်းညွှန်ဖြင့် ရောက်ခဲ့ကြသူတွေ ဖြစ်သည်။ ဆင်သင်္ချိုင်းကိုရောက်ခဲ့ပေမယ့် သူတို့ခမျာ ဘာမှမရလိုက်ကြပါ။

အင်း ... ဒီဆိုရင် ဆင်သင်္ချိုင်းကိုလာတဲ့သူက တစ်စု၊ ဆင်ခိုးဖမ်းတဲ့လူကတစ်စုဆိုတော့ အဖွဲ့က နှစ်ဖွဲ့ဖြစ်နေပါလား။ တစ်ဖွဲ့ကတော့ ကျဆုံးသွားရလေပြီ။

ရာဇာမင်း အရိုးခေါင်းကို သူ့နေရာတွင် ပြန်ထားပြီး ဂူပေါက်များရှိရာသို့ ဆက်ပြီးဝင်ခဲ့လေသည်။ ဟိုင်းကြီးကတော့ အပေါက်ဝမှ အထဲသို့ ဝင်ဖို့မလွယ်၍ ရှေ့သို့ဆက်ကာလျှောက်ခဲ့သည်။ ဂူ၏အတွင်းပိုင်းတွင် ပိုပြီးမှောင်လာသည်။

ရာဇာမင်း ဆက်ပြီးဝင်ခဲ့သည်။

"ဒုတ်"

"အမလေး"

ရာဇာမင်း တစ်ခုခုကိုတိုက်မိ၍ ရှေ့သို့လဲမလိုဖြစ်သွားသည်။ ရာဇာမင်း ကိုယ်ကိုထိန်းကာ ရပ်လိုက်သည်။ သူတိုက်မိသောအရာကို ပြန်ကြည့်မိသည်။

"ဟင်"

"ဟာ"

အရိုးကျနေသော ဆင်စွယ်နဲ့ခေါင်းဖြစ်သည်။ ရေထဲတွင် တစ်ပိုင်းနစ်နေသည်။ ထိုအခါ သူ့တွင်ပါလာသော အောက်လင်းဓာတ်မီးဖြင့် အတွင်းပိုင်းသို့ ထိုးကြည့်လိုက်သောအခါ ...





"ဟာ"

ဟုရာဇာမင်း အံ့သြသွားလေသည်။ အဘယ်ကြောင့်ဆိုသော် အတွင်းပိုင်းတွင် ဂူက တော်တော်ကျယ်ဝန်းပြီး ဆင်စွယ်နဲ့ခေါင်းများ တောင်လိုပုံနေတာ တွေ့လိုက်ရသည်။ ဒီလောက်များပြားလှသော ဆင်များ ဒီနေရာ ဒီဂူထဲမှာ လာပြီးသေကြတာ ဆင်သင်္ချိုင်းဟု ယခုမှ ရာဇာမင်း သိလိုက်ရလေသည်။

"ဒီလို ဆင်စွယ်များ အလာဟာသဖြစ်မယ့်အစား တိုင်းပြည်အတွက် အသုံးဝင်မယ့်နေရာမှာသာ အသုံးချရင် နိုင်ငံခြားဝင်ငွေတွေ အများကြီးရမှာပဲ"

ဟု ရာဇာမင်း အတွေးများတွေးနေစဉ် စိတ်ကူးရှိနေခိုက်

"ဝေါ ... ဝေါ"

"ဟူး ... ဟူး ... ဟူး"

ဟု ဂူ၏အတွင်းပိုင်းမှာ အော်သံလိုလိုအသံများ ထွက်လာ၍ ဘာများဖြစ်ပါလိမ့်ဟူသော ဟိုကြည့် ဒီကြည့် လျှောက်ကြည့်နေခိုက် ...

"ဝူး ... ဝူး ... ဝူး"

ဟူသော ဟိုင်းကြီး၏အော်ခေါ်သောအသံ ကြားလိုက်ရသည်။ ထိုအခါ ရာဇာမင်းလည်း ဟိုင်းကြီးနားသို့လာပြီး ဟိုင်းကြီးပေါ်သို့တက်ကာ ဂူထဲမှ ထွက်လာခဲ့သည်။ သူတို့လည်း ဂူထဲမှအထွက် အပေါ်မှ ရေလုံးကြီးများအော်ကာ ဆင်းလာနေတာ ရာဇာမင်းအပေါ်သို့ မော့ကြည့်လိုက်၍ ...

"ဟာ ... အမလေး"

"မြန် ... မြန် ... မြန်မြန် ... ဟိုင်းကြီး"

ဟုပြောကာ ဟိုင်းကြီးကို လက်ဖြင့်ပုတ်လိုက်သည်။ ထိုအခါ ဟိုင်းကြီးလည်း အပြေးတစ်ပိုင်းဖြင့် ဂူ၏နံရံတစ်လျှောက် ကပ်ကာ ထွက်ပြေးလာခဲ့သည်။ သူတို့လည်း ဂူ၏နံရံကျော်ကျော် လောက်တွင် အပေါ်မှ ရေလုံးကြီးများ အောက်သို့ကျလာတဲ့အချိန် နှင့် တစ်ပြေးညီဖြစ်ကာ သီသီလေး လွတ်သွားခဲ့သည်။

"ဝုန်း ... ဝေါ ... ဝေါ"

ရေသံနှင့်အတူ ရာဇာမင်း၏ နှလုံးခုန်သံလည်း မြန်လျက် ကြောက်စိတ်က ယခုထိမပြေသေးပါ။

တော်ပါသေးရဲ့။

ထိုအခါ ရေလုံးကြီးများနှင့်အတူ မကြာခင်မှာပဲ ဂူထဲမှ လည်း ရေများအလုံးလိုက် ထွက်လာတာ တွေ့လိုက်ရသည်။ သူတို့ သာ ဂူထဲမှာရှိနေခဲ့လျှင် ထိုရေတွေနဲ့အတူ မျောပါမလား ... ဟု။

ရာဇာမင်း မတွေးရဲအောင်ဖြစ်မိသည်။ ဂူထဲမှာရှိနေခဲ့သော လူများ ဘယ်လိုများရှိကြမလဲ ဟု တွေးရင်း ကြောက်လာမိသည်။

ရာဇာမင်းတို့ ရွာသို့ပြန်လာခဲ့ကြသည်။ လမ်းတစ်လျှောက် တွင် သူတို့ရောက်ခဲ့သော ဆင်သင်္ချိုင်းဂူကို ပြန်ပြီးမြင်ယောင်မိသည်။ ထိုဂူထဲသို့ဝင်ဖို့မဆိုထားနဲ့ အထဲဝင်ဖို့တောင် မလွယ်ပါ။ ဆင်သင်္ချိုင်း ဂူရှိနေတယ်ဆိုတာလည်း မည်သူကမှ သိနိုင်လိမ့်မည် မထင်ပါ။ ပြီးတော့ တောင်ပေါ်ကကျလာတဲ့ရေကလည်း အချိန်ပိုင်းသာ ရပ် သည်။ ထိုအချိန်ပိုင်းအတွင်းမှာ ဒီလိုဆင်စွယ်များ သယ်ဖို့ဆိုတာ မလွယ်မှန်း ရာဇာမင်း သတိထားမိသည်။





ဒါကြောင့်လည်း ထိုဂူထဲသို့ ရောက်သွားသူတိုင်းဟာ ပြန် လမ်းမရှိတဲ့အပြင် သေကြတာ များသည်။

ရာဇာမင်း တွေးရင်း တွေးရင်း ကျောချမ်းလာမိသည်။ သူ့အနေနဲ့ ဒီဆင်စွယ်တွေကို ဘယ်လိုသယ်ယူရမလဲဆိုတာ မတွေး တတ်အောင် ဖြစ်နေမိသည်။

ဒါပေမဲ့ သူကတော့ ဖွဲ့မလျှော့ပါ။ ဒီဆင်စွယ်တွေကို ရအောင်ယူပြီး တိုင်းပြည်အတွက် အသုံးချရမည်ဟု တွေးရင်း ရွာသို့ ပြန်ရောက်လာခဲ့လေတော့သည်။

ရွာသို့ ပြန်ရောက်သော် ဖထီးက ...

"ဖိုးခွား ဘယ်တွေလျှောက်သွားနေတာလဲ။ ဖထီးက လိုက် ရှာလိုက်ရတာ"

ဖထီးက စိတ်ပူစွာဖြင့် ပြောနေသောစကားကို ရာဇာမင်း က စိတ်မဝင်စားဘဲ ဆင်စွယ်များအကြောင်းသာ ခေါင်းထဲရောက် နေသည်။

"ဖိုးခွား ... ဖိုးခွား ... ပြောလေကွာ"

"ဟာ ... ဖထီးကလည်း ဘာတွေမေးလို့ ပြောရမှာလဲ"

ဖိုးခွားတစ်ယောက် ရွာပြန်ရောက်ပြီး တစ်ချိန်လုံး တွေး၍ ငေးရင်းနေမိသည်။

ထိုအခါ ဖထီးက ဒုတိယတစ်ခေါက်ပြန်ပြီးပြောလေသည်။ ထိုအခါကျမှ ရာဇာမင်းက ...

"ကျွန်တော်နဲ့ဟိုင်းကြီး တောထဲလျှောက်လည်တာပါ"

"ဟိုင်းကြီးနဲ့ တစ်နေကုန် လျှောက်လည်တာ အကြောင်း

မဟုတ်ဘူး။ ယခုတစ်လော ဆင်ဖြူတော်ကို လိုချင်နေတဲ့သူတွေနဲ့ တွေ့ရင် ဖိုးခွားလည်း မလွယ်ဘူး။ ဖထီးက စိတ်ပူလို့မေးတာပါ"

"ဟုတ်ကဲ့ပါ ဖထီး။ နောက် မသွားတော့ပါဘူး"

❖ ❖ ❖

တစ်နေ့ စောဖထီးအိမ်ရှေ့သို့ သုံးလေးရက်ခန့်အကြာတွင် အိမ်ရှေ့သို့ လူ ၄ ဦးရောက်လာသည်။ ခြံပြင်မှ လူတစ်ဦးက ဖထီး အိမ်ထဲသို့ ချောင်းလိုက်သည်။ ပြီးနောက် ခြံထဲသို့ရောက်လာပြီး အိမ်ရှေ့သို့ ရောက်သော် ...

"စောဖထီး ... စောဖထီးရေ"

"ဝေး ... စောဖထီး ... ဖထီး ... ငါတို့လာတယ်ဝေး"

ခြံရှေ့မှ လူ ၄ ဦးခေါ်နေသော အသံကြောင့် ဟိန်းကြီးနား တွင် ရောက်နေသော ရာဇာမင်းက ကြားလိုက်သည်။ ထိုသို့ကြားပြီး နားစွင့်နေလိုက်သည်။ ထိုအချိန်တွင် အိမ်ထဲမှ ဖထီးထွက်လာတာ တွေ့လိုက်ရသည်။ ထိုအခါ ဖထီးက ...

"ဝေး ... ငထွန်းတို့ပါလား။ လာကြလေကွယ်။ ဘာများ ပြောမလို့လဲ ... ဝေး"

"ဖထီး ငါတို့မြို့တက်ရအောင်။ ဆင်ဖမ်းထားတာ ရက် ကြာနေပြီ။ ဆင်တွေအားလုံးလည်း ယဉ်ပါးနေကြပြီ။ ငါတို့လည်း သုံးစရိတ်ပြတ်နေပြီ။ တောခေါင်းဆီမှာ အကျိုးအကြောင်းပြောပြီး ငွေသွားတောင်းရအောင်"

ထိုအခါ ဖထီးက စဉ်းစားကာ ဟုတ်လည်းဟုတ်ပါသည်။





ဆင်ဖမ်းခဲ့တာလည်း ရက်က ကြာနေပြီ။ အသုံးစရိတ်လည်း ကုန်နေ ကြပြီဖြစ်သည်။ သူတို့ပြောတာ လက်ခံရပေမည်။ ထိုအခါ အတွေး ကို ဖြတ်ကာ ...

"ဒါဆို ဘယ်တော့သွားကြမလဲ ... ဝေး"

"မနက်ဖြန်ပဲသွားရအောင်။ အဲဒါ ဖထီးကိုလာခေါ်တာ"

"အေးလေ ... ဒါဆိုလည်း သွားကြတာပေါ့"

ထိုသို့ပြောနေသောစကား အားလုံးကို ချောင်း၍နားထောင် နေသော ရာဇာမင်းက သူတို့ပြောနေသော စကားဝိုင်းထဲသို့ ရုတ် တရက် ဝင်လာခဲ့သည်။ ပြီးနောက် ...

"ဖထီး ... ဖိုးခွားလည်း လိုက်ချင်တယ်"

ရာဇာမင်း အသက်က မငယ်တော့ပေမယ့် နှုတ်ကျိုးပြီး ဖြစ်တဲ့ ဖိုးခွားဆိုတဲ့သုံးနှုန်းကိုသုံးကာ ဖထီးကို ချွဲလိုက်လေသည်။ ထိုအခါ ဖထီးလည်း ရာဇာမင်းကိုကြည့်ကာ ဘာမှပြန်မပြောဘဲ ခေါ်သွားမည်ဟု ဆုံးဖြတ်ကာ ခေါင်းညိတ်ပြလိုက်သည်။

■

## အခန်း ( ၁၆ )
## တောခေါင်းအိမ်သို့ ဒုတိယခေါက်

တစ်နေ့တွင် ရာဇာမင်းတို့ ပျဉ်းမမြို့သို့ တစ်ခေါက်ထပ်လာခဲ့သည်။ သူ ဒီတစ်ခေါက်လာခဲ့တာကလည်း တောခေါင်းမှာထားသော ဆင်များ ဖမ်းပြီး၍ တောခေါင်းထံ အပ်ရန်ဖြစ်သည်။ ရာဇာမင်းနှင့်တကွ ဆင်ဦးစီးများပါ ပါလာသည်။ တောခေါင်း၏အိမ်သို့ ရောက်သော် အိမ်ထဲသို့ စပြီး ဝင်လိုက်သည်နှင့် ထည်ဝါ၍ ဝင့်ကြွားနေသော ဆင်စွယ်တစ်စုံက ဆီးကြိုနေသည်။ ရာဇာမင်းမှာ ထိုဆင်စွယ်ကို ကြည့်ရင်းဖြင့် ဟိုင်းကြီး၏ဖခင် စွယ်စုံဆင်ကြီးကို မြင်ယောင်နေမိသည်။ ထိုသို့ ဆင်ဦးစီး ၅ ဦးနှင့် ရာဇာမင်းတို့ ဧည့်ခန်းသို့ရောက်သော် ...





တောခေါင်းဟုထင်ရသော လူတစ်ယောက်က ဆိုဖာတွင်ထိုင်ပြီး သူ၏တပည့်များဖြစ်သော လူနှစ်ယောက်က ဘေးတွင်ရှိနေကြသည်။ တောခေါင်းဟုသာ ပြောရသည်။ အသက်က ၄၀ လောက်သာရှိသေးသည်။ မြန်မာလူမျိုးဖြစ်သည်။ အင်္ဂလိပ်အရေးပိုင်နားအနေများပြီး အင်္ဂလိပ်လူမျိုးရုပ်ပေါက်နေသည်။

ဆင်ဦးစီးများအနားသို့ရောက်သော် ...

"လာကြ ... လာကြ။ မောင်မင်းတို့ ဆင်များများရကြရဲ့လား"

"ဟုတ်ကဲ့ ... အားလုံး ၅ စီးရထားပါတယ်"

"အရွယ်အစားများကကော အားလုံး တူညီမှုရှိရဲ့လား"

"ဟုတ်ကဲ့။ ဆင်ထီး ၃ ကောင်နှင့် အမ နှစ်ကောင်ရထားတယ်"

"ဟုတ်ပြီ။ သခင်ကြီးက နောက်ထပ် ၁၀ ကောင်လောက်လိုချင်သေးတယ်လို့ ပြောတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ ဖမ်းပေးပါ့မယ်"

"လိုချင်တဲ့ ဆင်အမျိုးအစားကတော့ အလုပ်ကောင်းကောင်းလုပ်နိုင်တဲ့ ဆင်အမျိုးအစားဖြစ်ပါစေ"

"ဟုတ်ကဲ့ ... ဆရာကြီး။ ကျွန်တော်တို့ ကြိုးစားပြီးဖမ်းပေးပါ့မယ်"

ဟု စောဖထီးက ဝင်ပြောလိုက်သည်။ ပြီးနောက် ...

"ကျွန်တော်တို့လာခဲ့တာကလည်း ကျွန်တော်တို့မှာ အသုံးစရိတ်ပြတ်နေ၍ လာရောက်ထုတ်ယူခြင်း ဖြစ်ပါတယ်"

ထိုအခါ တောခေါင်းကြီးက ခေါင်းတညိတ်ညိတ်ဖြင့် သူ၏ အနားတွင်ရပ်နေသော သူ့လူယုံတော်ဟု ယူဆရသော သူကို လှမ်းပြီး …

"မောင်စောနိုင် … ငါ့ရဲ့အိပ်ရာအောက်မှာ ပိုက်ဆံထုတ် ရှိတယ်။ သွားယူလာခဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

မောင်စောနိုင်ဆိုသူ ထွက်သွားပြီး ခဏကြာပြန်ရောက်လာသောအခါ လက်ထဲတွင် ပိုက်ဆံထုပ်တစ်ထုပ် ပါလာသည်။ ထိုပိုက်ဆံထုပ်ထဲမှ တစ်ဝက်ကို ခွဲကာ စောဖထီးလက်ထဲသို့ ထည့်လိုက်သည်။ ပြီးနောက် တောခေါင်းက …

"ဒါနဲ့ ဖထီးတို့ကို မေးရဦးမယ်"

"ဟုတ်ကဲ့ ဆရာကြီး။ မေးပါ"

"ဆင့်ပိုင်းထဲမှာ ဆင်ဖြူတော်တစ်စီး ဖမ်းမိထားတယ်ဆို"

ထိုအခါ စောဖထီးက …

"ဖမ်းမိထားတာ မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက အဖေ၊ အမေနဲ့ကွဲပြီး တစ်ကောင်တည်းဖြစ်နေလို့ ငါပဲ ခေါ်လာခဲ့တာ။ ယခု သားနဲ့ခင်နေလို့ သူ့နားကို ငါနဲ့သားကလွဲပြီး ကပ်လို့မရဘူး။ ကျွန်တော့်သားနှင့်လည်း တစ်နှစ်တည်းမွေးတဲ့ ဆင်ကလေးပါ"

"ဆင်ဖြူတော်လေးကို မြို့ပိုင်မင်းက လိုချင်လို့တဲ့။ အဲဒါ ပြန်ပြီးရောင်းမလားလို့ မေးခိုင်းနေတယ်"

ထိုအချိန်တွင် ရာဇာမင်းက စွယ်စုံနားသို့ရောက်နေသည်။ တောခေါင်းနှင့် သူ၏ဖထီးစကားပြောတာကို နားမထောင်ဘဲ ဆင်





စွယ်နားသို့သာ လာပြီး လေ့လာနေသည်။

ဆင်စွယ်က စွယ်ကားအမျိုးအစားပဲ။

ဆင်စွယ်များထဲတွင် …

(၁) စွယ်တုတ်
(၂) စွယ်ကား
(၃) စွယ်စိုက်
(၄) ငှက်ပျောဖူး
(၅) ကြက်နင်း

ဟူ၍ ဆင်စွယ်များကို ၅ မျိုးခွဲခြားထားပြီး ဆင်သမားများက ခေါ်ဝေါ်ခဲ့ကြသည်။ ယခု တောခေါင်းအိမ်ထဲတွင် အလှတင်ထားသော အစွယ်မှာ စွယ်ကားအမျိုးအစားဖြစ်သည်။ ပြီးနောက် ကြံဆစ်ပါသော ဆင်စွယ်ကလည်း ဖြစ်ပြန်သည်။ ထိုကြံဆစ်ပါသော ဆင်စွယ်မျိုးသည် အလွန်ရှားပါးသော ဆင်စွယ်ဖြစ်သည်။ အစွယ်အရင်းမှ အဖျားအဆုံးထိ အရစ်ရစ်ပါသော အစွယ်ဖြစ်သည်။

ထိုဆင်စွယ်အမျိုးအစား ၅ မျိုးစလုံးမှာ …

- စွယ်တုတ်မှာ - အစွယ်ကတုတ်ခိုင်ပြီး ထွက်သောအစွယ် အမျိုးအစားဖြစ်သည်။
- စွယ်ကားမှာ - အစွယ်စထွက်လာကတည်းက ခပ်ကားကား ထွက်လာသော အမျိုးအစား ဖြစ်သည်။
- စွယ်စိုက်မှာ စထွက်လာကတည်းက အောက်သို့ခပ်ငိုက်ငိုက်ထွက်သော အစွယ်အမျိုးအစားဖြစ်သည်။
- ငှက်ပျောဖူးဆင်စွယ်မှာ - ငှက်ပျောဖူးကဲ့သို့ အလယ်ကြီး

ပြီး အရင်းနှင့်အဖျား ရှူးပြီးထွက်နေသော အစွယ်ဖြစ်သည်။

- မြက်နင်းဆင်စွယ်မှာ - ဆင်စွယ်ညာစွယ်ထွက်လာရာ၌ ညီညာခြင်းမရှိဘဲ တစ်ဖက်အောက် တစ်ဖက်ထက်ပေါက်သော အစွယ်လို့ခေါ်သည်။

ထို့နောက် ဆင်များတွင် ဝိသေသထူးသော ဆင်စွယ်အမျိုးအစားများလည်း ရှိကြသည်။ ထိုဝိသေသထူးသောဆင်စွယ်များသည် အလွန်ရှားပါးသော ဆင်အမျိုးအစားထဲတွင် ပါဝင်လေသည်။ ထူးခြားမှုများလည်း ရှိလေသည်။ ဝိသေသထူးသောဆင်စွယ်များမှာ -

(၁) ကြံဆစ်ဆင်စွယ်
(၂) ဆင်စွယ်နက်
(၃) မျက်ဖြတ်ဆင်စွယ်

ဟူ၍ သုံးမျိုးရှိလေသည်။

- ကြံဆစ်ပါသော ဆင်စွယ်က အရင်းမှ အဖျားထိ အရစ်ရစ်ပါသည်။
- ဆင်စွယ်နက်မှာလည်း အလွန်ရှားသော ဆင်စွယ်အမျိုးအစားဖြစ်သည်။ ထိုဆင်စွယ်နက်သည် ယခုသဘာဝအတိုင်း ပြတိုက်တွင် ရှိလေသည်။ ဆင်စွယ်နက်ကို ရခိုင်းတိုင်းသစ်တောဌာနက ရသည်ဟုလည်း သိရှိရသည်။
- ဆင်စွယ်မျက်ဖြတ်မှာ - အစွယ်များ၌ အရစ်၊ အထစ်၊ အနာ တစ်စုံတစ်ခုပါလာပြီး ကြီးသောအခါ ထိုအရစ်အနာမှ ပြတ်ထွက်သွားခြင်းကို ခေါ်သည်။

ထိုသုံးမျိုးစလုံး ရှားပါးသော ဆင်စွယ်အမျိုးအစားများ ဖြစ်





ကြသည်။ တောခေါင်းကြီးရထားသော ဆင်စွယ်မှာ စွယ်ကားအမျိုးအစားက ဖြစ်ပြန်၊ အရစ်ရစ်ပါသော ဆင်စွယ်မို့ ကြည့်လို့ကောင်းတာ အမှန်ပါ။ ထိုအစွယ်ရဲ့အရှည်က သက်တမ်းအလွန်ရှည်သော ဆင်စွယ်ကြီးမျိုးမှ ရထားသော ဆင်စွယ်တစ်စုံဆိုလျှင် မမှားပေ။

ရာဇာမင်း တောခေါင်းကြီး၏အိမ်တွင် ဆင်စွယ် ၃ စုံခန့်ရှိတာ တွေ့ရသည်။ ထိုသုံးစုံထဲမှ ယခုလို လှပပြီး စွယ်ကားဆင်စွယ်လောက် တခြားဆင်စွယ်များမှာ မလှပါ။

ဆင်စွယ်ထဲအာရုံရောက်နေသော ရာဇာမင်းကို …

"သား … ဖိုးခွားပြန်နိုင့်။ ဖထီးတို့ပြောတာ ပြီးသွားပြီ"

ဖထီးက သားဆီသို့ထလာကာအခါ တောခေါင်းက ယခုမှ ဖထီးရဲ့သားမှန်း သိရလေသည်။ ထိုအခါ တောခေါင်းက …

"ဖထီးရဲ့သားက လူပျိုပေါက်တောင် ဖြစ်နေပြီပဲ။ နာမည်ဘယ်လိုခေါ်လဲ ဖထီး"

"ရာဇာမင်းပါ ဆရာကြီး"

"သူကော ဘာလုပ်နေလဲ။ ဆင်ဖမ်းတဲ့အလုပ်ပဲလား"

မလုပ်သေးပါဘူး။ ကျောင်းပြီးခါစပဲရှိသေးလို့ မနိုင်းသေးပါဘူး"

"မြို့ကျောင်းမတက်ဘူးလား"

"ဟုတ်ကဲ့။ မတက်သေးပါဘူး ဆရာကြီး"

ထို့နောက် စကားဖြတ်ကာ ဇောဖထီး တောခေါင်းအိမ်ထဲမှ ပြန်ထွက်လာခဲ့ကြလေတော့သည်။

# အခန်း ( ၁၇ )
## ဆင်စွယ်ပြန်ခိုးခြင်း

တစ်နေ့တွင် ရာဇာမင်း တောခေါင်းအိမ်သို့ တစ်ခေါက် ပြန်သွားပြီး ၎င်းဆင်စွယ်ကို ပြန်ယူမည်ဟု ဆုံးဖြတ်လိုက်သည်။ အိပ်မက်ထဲတွင် လာပြောသော ဝိညာဉ်ဆင်ကြီးက သူ့ကိုပြောထားခဲ့သည် မဟုတ်ပါလား။ ဘယ်လိုအကြောင်းပြချက်ဖြင့် ဘယ်လိုပုံစံမျိုးနှင့် ပြန်ယူရမလဲဆိုတာ အကြံထုတ်လျက်ရှိလေသည်။ တောခေါင်းအိမ်မှ အိမ်သို့ပြန်ရောက်ပြီးနောက် ဟိုင်းကြီးနားသို့ တစ်နေ့ ၃ ခေါက်လောက်သွားပြီး စကားပြောနေမိသည်။

"ဟိုင်းကြီးရေ ... မင်းရဲ့အဖေ ဆင်စွယ်ကြီး ငါတွေ့ခဲ့တယ် သိလား။ မင်းလည်း အဖေရဲ့နောက်ဆုံးအမွေ ဆင်စွယ်ကို





မြင်ဖူးရဲ့လား။ ဒါပေမဲ့ ငါ ရအောင်ယူပြီး မင်းကိုလာပြပါ့မယ်ကွ"

ဟုပြောနေသော ရာဇာမင်းကို ဟိုင်းကြီးက နှာမောင်းဖြင့် ရာဇာမင်း၏မျက်နှာတစ်ဝိုက် ထိလိုက်၊ နမ်းလိုက်၊ ကျီစယ်နေမိသည်။ ရာဇာမင်းကလည်း ဟိုင်းကြီးရဲ့နှာမောင်းကို ဖက်ကာ စဉ်းစားနေလိုက်သည်။ ပြီးနောက် သူနဲ့ ဟိုင်းကြီးတို့ ရောက်ခဲ့သော ဆင်သင်္ချိုင်းဂူကိုလည်း သတိရမိသည်။ ထိုနေရာကိုလည်း တချို့လူဆိုးများ ရောက်ဖူးချင်မှ ရောက်ဖူးလိမ့်မည်ဟု ထင်မိသည်။

သို့သော်လည်း ထိုနေရာကို တစ်ခေါက်သွားဖို့ဆိုတာကလည်း တစ်နှစ်မှာ တစ်ခါသာ သွားလို့ရသည်။ ၎င်းတစ်ခါသာ ရေတံခွန်က ရေကျတာရပ်သည်။ ရေကျရပ်ချိန်ကလည်း မိနစ်ပိုင်းသာ ဖြစ်လေသည်။ ထိုမိနစ်ပိုင်းအတွင်း ပြန်ထွက်နိုင်ဖို့ဆိုတာကလည်း မလွယ်ပေ။ ထိုနေရာသို့သွားဖို့ဆိုတာကလည်း တစ်နေကုန်သွားရသည်။ ရေတံခွန်တည်ရှိနေရာကိုလည်း ဟိုင်းကြီးကသာ သိသည်။ သူကတော့ သွားတတ်သည် မဟုတ်ပါ။ သို့သော်လည်း မြေပုံရှိနေလို့ တစ်နေ့နေ့မှာတော့ သွားမည်ဟု ဆုံးဖြတ်ထားသည်။

ယခု ပထမလုပ်ရမှာက ဟိုင်းကြီးဖခင်ရဲ့ ဆင်စွယ်ကို ပထမဦးဆုံး ရယူဖို့မဟုတ်ပါလား။ သူတစ်ဦးတည်း ယူလို့မရတဲ့အတွက် သူ၏သူငယ်ချင်းနှစ်ယောက်ကို ကူညီတောင်းရတော့မည်ဖြစ်သည်။

ပြောနေကြာတယ်။ ယခုပဲ သူ၏သူငယ်ချင်းအိမ်သို့ ထွက်လာခဲ့သည်။ ပထမဦးဆုံး သံချောင်းတို့အိမ်သို့ ထွက်လာခဲ့သည်။ သံချောင်းတို့အိမ်က ရာဇာမင်းအိမ်နဲ့ အနီးဆုံးဖြစ်သည်။

"သံချောင်းရေ ... သံချောင်း ... ငါ ရာဇာမင်းကွ"

ထိုအခါ သံချောင်းဆိုသူက သူ၏အိမ်ထဲမှ ထွက်လာပြီး ရာဇာမင်းကို တွေ့သောအခါ ...

"ဟာ ... သူငယ်ချင်း။ လာ ... အိမ်ပေါ်တက်"

ရာဇာမင်းလည်း အိမ်ပေါ်သို့ရောက်ပြီး သူ့နားတွင် သံချောင်း လာထိုင်သည်။

ရာဇာမင်းက သံချောင်းကို အကျိုးအကြောင်းပြောကာ သူ လုပ်ချင်သော အရာကိုတိုင်ပင်လေသည်။ ထိုအခါ သံချောင်းက လက်ခံကာ သူပါ လိုက်ခဲ့မည်ဟု ပြောလေသည်။

ထိုမှတစ်ဆင့် ဖိုးပိန်နှင့်အရိုးတို့အိမ်သို့ ဆက်သွားသည်။ ထို့နောက် ဆင်ကြီး၊ ငဖောင်ရိုးအိမ်သို့ပါ ဆက်ပြီး သွားကာ သူငယ်ချင်းအားလုံးကို တိုင်ပင်ကာ အားလုံးက သဘောတူလက်ခံကြလေသည်။ ဒီတော့ လုပ်ငန်းစဖို့ပဲကျန်တော့သည်။

ရာဇာမင်း သူငယ်ချင်းများအိမ်မှ အိမ်သို့ပြန်ရောက်ပြီးနောက် တစ်ညတွင် အိပ်မက်တစ်ခုမက်သည်။ အိပ်မက်ထဲတွင် ...

ဟိုင်းကြီးက သူ့နားသို့လာပြီး သူ၏ဖခင် ဆင်စွယ်ကို ပြန်ယူပေးဖို့၊ ပြီးနောက် ဘုရားနားတွင်ထားဖို့ လာပြီး ပြောတာ ကြားလိုက်ရသည်။ ထို့ပြင် နောက်ထပ် ဆင်တစ်ကောင်ကလည်း သူ့ကို "သားသာ သူ၏ဆင်စွယ်ကို ယူပေးနိုင်သူဖြစ်လို့ ဖြစ်အောင် ပြန်ယူပြီး ဘုရားမှာလှူပေးပါ"လို့ လာပြောတာ ကြားလိုက်ရသည်။

ထိုအခါ ရာဇာမင်းလည်း အိပ်ရာမှလန့်နိုးသွားလေသည်။





အိပ်မက်ထဲတွင် လာပြောသော ဟိုင်းကြီးကိုတော့ သူကသိသည်။ နောက်တစ်ကောင် ဆင်ကိုတော့ သူ တစ်ခါမှမမြင်ဘူးပါ။ သူ့ကိုသိနေသည်။ ဒါဆိုရင် ဟိုင်းကြီးရဲ့ဖခင် ဆင်ကြီးပဲဖြစ်လိမ့်မည်ဟု သူ ထင်မိသည်။

သူ့ကို လာပြီးတွန်းအားပေးသလို ဖြစ်လို့ သူကလည်း စိတ်ပါလာသည်။ ဆုံးဖြတ်လိုက်လေတော့သည်။ မကြာခင် အစီအစဉ်ဆွဲကာ သွားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

နံနက်မိုးလင်းလို့အိပ်ရာမှထလာသောအခါ ဖထီးတို့ နောက်ထပ် ဆင်ဖမ်းထွက်ရန် ပြင်နေကြသည်ကို တွေ့ရသည်။ သူက ဖထီးစားဖို့ စားစရာများ၊ ရိက္ခာများ စုဆောင်းပြင်ဆင်ပေးလိုက်သည်။ နေမထွက်ခင်သွားမှ ခရီးက မပင်ပန်းမှာမဟုတ်ပါလား။

ဖထီးတို့ထွက်သွားပြီး မကြာခင်မှာပဲ ...

"ကိုမင်း ... ကိုမင်း"

ဟူသော သူ့ကိုခေါ်ပြီးလာနေသော ခြံဝတွင် တွေ့လိုက်ရသည်။

"ဟင် ... နန်းမွှံပါလား"

"နေနိုင်လိုက်တာ ကိုမင်းရယ်။ အိမ်ဘက်ကို တစ်ခေါက်တောင် မလာခဲ့ဘူး"

ဟုတ်လည်းဟုတ်ပါသည်။ သူ့မှာ ဆင်စွယ်ကိစ္စကိုသာ အာရုံထဲမှာ ရောက်နေ၍ နန်းမွှံကို မေ့နေသည်။ နန်းမွှံ ကိုမင်းနားသို့ ရောက်လာပြီး ...

"ကိုမင်း ဘာတွေလုပ်နေတာလဲ"

"ဖထီးတို့ ဆင်ဖမ်းထွက်ဖို့ ပြင်ဆင်ပေးနေတာပါ။ ဖထီးတို့ သွားကြပြီ"

"ကိုမင်း အားလား။ နန်းမွှံတို့ ရေကန်နားလျှောက်ရအောင်"

"သွားလေ။ ဒါနဲ့ ခဏနေဦး။ ဟိုင်းကြီးကို အစာကျွေးလိုက်ဦးမယ်"

"နန်းမွှံပါ လိုက်ခဲ့မှာပေါ့။ ဟိုင်းကြီးကို မမြင်ရတာကြာပြီ"

"ဒါဆိုလည်း လာလေ"

ဟုပြောကာ ရာဇာမင်းက ဟိုင်းကြီးနားသို့ နန်းမွှံ၏လက်ကို ဆွဲကာ နှစ်ယောက်အတူ လာခဲ့ကြသည်။ ထိုအခါ ဟိုင်းကြီးက ရာဇာမင်းတို့လာတာမြင်လိုက်ရ၍ ...

"ဝူး ... ဝူး"

အသံပေးလိုက်သည်။ ဒါကလည်း ရာဇာမင်းကို မြင်နေကျတိုင်း အော်နေကြဖြစ်သည်။ ပြီးနောက် ခြေလက်များလှုပ်ကာ ဟိုလျှောက် ဒီလျှောက်လုပ်နေသည်။ ထိုအခါ နန်းမွှံက ...

"ကိုမင်း ... ဟိုင်းကြီးက တော်တော်တောင်ကြီးလာပြီနော်။ ကြီးလာလေ အရောင်လည်း တဖြည်းဖြည်း ဖြူလာလေလို့ ထင်ရတယ်"

"ဟုတ်တယ် နန်းမွှံ။ ဟိုင်းကြီးက အစ်ကို့ကို အရမ်းခင်တာ။ ပြီးတော့ အစ်ကို့စကားကိုလည်း နားလည်နေသလိုပဲ။ တစ်ခါတစ်ခါ ပြန်မပြောတတ်ပေမယ့် သူ့ရဲ့မျက်လုံးကိုကြည့်ရင် အစ်ကိုလည်း သိတယ်"

နန်းမွှံမှာ ဟိုင်းကြီးရဲ့အကြောင်း ကိုမင်းပြောပြလို့ ဟိုင်းကြီးနားသို့ရောက်သော် ဟိုင်းကြီးကို သေသေချာချာ ကြည့်နေမိသည်။ ထိုအခါ ဟိုင်းကြီးက နန်းမွှံကို ပြန်ကြည့်လိုက်လေသည်။





ထိုသို့ နန်းမွှံက ဟိုင်းကြီးရဲ့အကြည့်ကို သူ၏စိတ်ထဲတွင် ဟိုင်းကြီးပြောချင်သောစကားကို အလိုလိုနားလည်လိုက်သလို ခံစားလိုက်ရသည်။ ဟိုင်းကြီးပြောချင်သောစကားက သူ့ကို နှုတ်ဆက်ကာ ကြိုဆိုသည့်သဘောဟု သိရသည်။ ထိုအခါ နန်းမွှံလည်း ဟိုင်းကြီးနားသို့ကပ်ကာ နှာမောင်းကို လက်ဖြင့်သပ်ကာ ...

"ဟိတ် ... ဟိုင်း ... တွေ့ရတာဝမ်းသာပါတယ်"

ထိုသို့ပြောလိုက်သောစကားကို ရာဇာမင်းက နန်းမွှံကို ကြည့်ပြီး ပြုံးလိုက်သည်။ ပြီးနောက် အစာခွက်ထဲမှ အစာများယူကာ ဟိုင်းကြီးကို ယူကာကျွေးလိုက်သည်။ ပြီးနောက် တချို့အစာများကိုလည်း တချို့တစ်ဝက်ကို ယူကာ ထည့်ခဲ့လိုက်လေသည်။

ပြီးနောက် ရာဇာမင်းနဲ့နန်းမွှံတို့ ဟိုင်းကြီးကို နှုတ်ဆက်ကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။ အိမ်ထဲသို့ရောက်သော် ရာဇာမင်းက အဝတ်အစားများလဲကာ အပြင်သို့ ရေကန်နားသို့ နှစ်ဦးအတူတူ လျှောက်ခဲ့ကြလေသည်။

❖ ❖ ❖

ရာဇာမင်း သံချောင်းနှင့်ဖိုးပိန်တို့ ၅ ဦး တောခေါင်းရှိရာ မြို့သို့ တက်ခဲ့ကြသည်။ ရာဇာမင်းက အိမ်ကို ဖောင်ရိုးကိုအပ်ထားခဲ့သည်။

မြို့သို့ ညနေစောင်းတွင်ရောက်သည်။ ရောက်ရောက်ချင်း

သစ်ပင်တစ်ပင်အောက်တွင် နားကြသည်။ အမှောင်ရိပ်ကို စောင့်ရမည်ဖြစ်၍ သူတို့ ၅ ဦး အချိန်နည်းနည်းဖြုန်းနေကြသည်။ စားစရာများ စားကာ စောင့်နေလိုက်ကြသည်။

ညနေ ၆ နာရီလောက်တွင် အမှောင်ဘက်သို့ ရောက်လာသည်။ မြို့ဆိုပေမယ့် အိမ်ခြေများလို့သာ မြို့ဟုခေါ်ရသော်လည်း ရွာကြီးသာသာသာဖြစ်သည်။ တောရိပ် တောင်ရိပ်များ မကင်း၍ ညနေစောင်းတွင် အအေးဓာတ်လေးက လွှမ်းမိုးလာသည်။ သူတို့ အင်္ကျီလက်ရှည်များ ထပ်ဝတ်လိုက်ကြသည်။ ရာဇာမင်းတို့ လိုချင်သော အချိန်သို့ရောက်လာသည်။

တောခေါင်းအိမ်နားသို့ ရာဇာမင်း တောဆောင်းဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ အခြေအနေကို အကဲခတ်လိုက်သည်။ ရာဇာမင်း လိုချင်သော အချိန်၊ ပတ်ဝန်းကျင်အနေအထားကို အံကိုက်ဖြစ်နေ၍ သူ၏လူများရှိသော သစ်ပင်အောက်သို့ ပြန်လာခဲ့လေသည်။

"အားလုံး အိုကေပဲ။ စကြစို့"

ဟု ရာဇာမင်းက ပြောလိုက်သောအခါ သူ၏သူငယ်ချင်းများက လုပ်စရာရှိတာ၊ ယူစရာရှိတာများကို ယူကာ တောခေါင်းအိမ်သို့ တဖြည်းဖြည်း ချဉ်းကပ်လာကြသည်။

တောခေါင်းအိမ်တွင် မည်သူမျှမရှိပါ။ ဒါပေမဲ့ အိမ်ထဲမှာ အဘွားကြီးတစ်ယောက်တော့ ရှိနေသည်။ ဒါကလည်း အိမ်စောင့်ဖြစ်သည်။ တောခေါင်းက မြို့ကြီးသို့ ခဏ ခဏ တက်နေရသည်။ ဒီနေ့လည်း ရာဇာမင်း စုံစမ်းသိခဲ့သမျှ တောခေါင်း မြို့သို့သွားကြောင်း





သိလိုက်ရသည်။

ပထမ သံချောင်းက ခြံ၏နောက်ဘက်သို့လျှောက်ကာ မလွယ်ပေါက်တံခါးကို ပလာယာဖြင့် ညှပ်ကာ ဖျက်ပစ်လိုက်သည်။ ပြီးနောက် သူတို့အားလုံး နောက်ဘက်ခြံတံခါးမှ အိမ်နားသို့ကပ်လာခဲ့ကြသည်။

အိမ်နောက်တံခါးနားသို့ ရောက်သော် အိမ်ထဲမှ ဂလန့်ချထား၍ မှန်ပြတင်းကိုကြည့်လိုက်သည်။ ပြီးနောက် သံချောင်းက ဖိုးပိန်ကို မျက်လုံးဖြင့်ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ဒါကို သိသော ဖိုးပိန်က အိတ်ထဲသို့လက်နှိုက်ကာ မှန်ဖြတ်သော စိန်တုံးလေးကို ဆွဲထုတ်လိုက်သည်။ ပြီးနောက် ပြတင်းမှန်ပေါ်တင်ကာ ဝိုင်းလိုက်သည်။ မှန်လေးအဝိုင်းပေါက်လေးဖြစ်ကာ ယူလိုက်သည်။

ပြီးနောက် ဂျက်ထိုးထားသော ဂျက်ကို ဖြုတ်ကာ မှန်ပြတင်းပေါက်မှ ဝင်လာခဲ့ကြသည်။ ပြီးနောက် အိမ်နောက်တံခါးကို အဆင်သင့်ဖွင့်ထားသည်။

သူတို့ ၅ ဦးစလုံးအိမ်ထဲသို့ရောက်လာသည်။ အိမ်စောင့်အဘွားကြီးက အိမ်ထဲတွင် အအေးဓာတ်ကြောင့် အိပ်နေလေသည်။ ပြီးနောက် အဘွားကြီးအိပ်နေသောအခန်းကို ကျော်ကာ ဧည့်ခန်းသို့ ဆက်ပြီးလျှောက်လာခဲ့ကြသည်။

ဧည့်ခန်းသို့ရောက်သော် ဓာတ်မီးထိုးလိုက်သည်။ ရာဇာမင်းက ဓာတ်မီးရောင်အောက်တွင် ငွေရောင်ကဲ့သို့ သန်းနေသော ဆင်စွယ်ကြီးတစ်စုံကို အထင်းသားတွေ့လိုက်ရလေသည်။ ထိုအချိန်တွင် အရိုးဆိုသောသူက …

"လှလိုက်တဲ့ ဆင်စွယ်ကြီး။ အလွန်အဖိုးတန်မှာပဲ။ ယခု အချိန်မှာ ဒီလိုဆင်စွယ်မျိုး ရဖို့မလွယ်တော့ဘူး"

အရိုးရဲ့မှတ်ချက်ကို ကျန်တဲ့လူများကလည်း ခေတ္တမျှ ငြိမ်ကာ ဆင်စွယ်ကြီးကို ငေးနေမိသည်။ ပြီးနောက် ဆရာမင်းက …

"ကဲ … ကဲ … အားလုံး လုပ်ငန်းစကြတော့။ ဆင်စွယ်ကြီးကို ဖြုတ်။ တခြားဘာမှမယူနဲ့နော်။ ငါက ဒီဆယ်စွယ်ကြီးတစ်စုံပဲ ယူဖို့ ဆုံးဖြတ်ထားတာ မင်းတို့အားလုံး သိပါတယ်နော်"

"သိပါတယ် ဆရာရယ်။ ငါတို့ကလည်း သူခိုးတွေ မဟုတ်ပါဘူး"

ပြီးနောက် သူတို့အားလုံး လုပ်စရာရှိတာ လုပ်ပြီးနောက် ဆင်စွယ်တစ်ခုစီကို အဝတ်နဲ့ပတ်ကာ ကျောပိုးအိတ်ထဲသို့ထည့်လိုက်သည်။ တစ်ယောက် တစ်ခုစီထည့်ပြီးနောက် သူတို့အားလုံး လာရာလမ်းအတိုင်း ပြန်ခဲ့ကြလေတော့သည်။

သူတို့အားလုံး အပြုံးများဖြင့်၊ သူတို့လိုချင်သော အရာကို ရခဲ့၍ ပျော်ရွှင်စွာ ပြန်ခဲ့ကြလေသည်။ ဆရာမင်းကတော့ …

တောခေါင်းတစ်ယောက် သူရဲ့ပစ္စည်း ပျောက်သွားရင် ဘယ်လောက်များ စိတ်ဆိုးဒေါသဖြစ်နေမလဲဆိုတာ အတွေးဖြင့် မှန်းနေမိသည်။

■



## အခန်း ( ၁၈ )
## ပျော်ရွှင်ပွဲလေးနဲ့ဆင်စွယ်အလှူ

ဆရာမင်းတို့ ဆင်ဝိုင်းတဲများနှင့် မနီးမဝေးရှိ ကညင်ပင်ကြီးအောက်တွင် သူငယ်ချင်းအုပ်စုများဖြစ်တဲ့ သံချောင်း၊ ဖိုးဝိန်၊ အရိုး၊ ဆင်ကြီး၊ ငဖောင်ရိုး အားလုံး စုစုပေါင်း ၆ ယောက် ပျော်ရွှင်ပွဲလေးဆင်နွှဲနေကြသည်။ ထိုအခါ သံချောင်းက …

"ဟေ့ကောင် ငဖောင်ရိုး … မင်းကြက်သားကင်က မပြီးသေးဘူးလား။ တို့ ဆာလှပြီ"

"အံမာ … မြန်မြန်စားချင်ရင် မင်းပါလာပြီးကူပါလား။ ငါတစ်ယောက်တည်းလုပ်ရတာ … လခွီးမှပဲ"

ငဖောင်ရိုး သံချောင်းကို မျက်စောင်းတစ်ချက်ထိုးကာ

ကြက်ကင်ဘက်သို့လှည့်ကာ ဆက်ပြီး ကင်နေလိုက်သည်။ ထိုအခါ သံချောင်းက ငဖောင်ရိုး၏ပြန်ပြောသော အမူအရာကို ကြည့်ပြီး ပြုံးကာ သဘောကျနေသည်။ သူတို့သူငယ်ချင်းထဲတွင် ငဖောင်ရိုးက နာမည်အတိုင်း ပိန်ကာ အရိုးများဖြင့်ဖွဲ့ထားသလား ထင်ရသည်။ ထို့ကြောင့်လည်း သူတို့က ငဖောင်ရိုးလို့ စချင်နောက်ချင်ကြသည်။

ထိုအခါ အရိုးက ...

"ဟုတ်သားပဲ။ သံချောင်းကလည်း သူ့ခမျာ လုပ်လည်း လုပ်ရသေးတယ်၊ အပြောလည်းခံရတယ်။ ဟုတ်တယ်နော် ... ငဖောင်ရိုး"

အရိုးဆိုသူက ငဖောင်ရိုးဘက်မှ ကာကွယ်ပြောသလိုနဲ့ ငဖောင်ရိုးကို ထပ်ပြီးစလိုက်သည်။

ထိုအချိန်တွင် ဘာမှဝင်မပြောဘဲ နားထောင်နေသော ရာဇာ မင်းက ...

"မင်းတို့ကလည်းကွာ သူငယ်ချင်း အချင်းချင်းပဲ။ မစကြ ပါနဲ့"

ဟုပြောကာ ငဖောင်ရိုးဘက်သို့လှည့်ကာ ...

"ကဲ ... သူငယ်ချင်း ငဖောင်ရိုး ပြီးတဲ့အခါယူလာခဲ့။ တို့တွေ ဒီနေ့အောင်ပွဲခံတဲ့နေ့ပဲ။ ဘယ်အချိန်စားစားရပါတယ်"

ဟုပြောကာ ကြက်ကြော်နဲ့ အအေးများမြည်းကာ အောင်မြင်မှုပွဲလေး အမှတ်တရလုပ်ကြလေသည်။ ထိုအခါ ဆင်ကြီးက ...

"ဒါနဲ့ ကိုရာဇာ ဒီဆင်စွယ်ကြီးတစ်စုံကို ကျွန်တော်တို့ လက်ထဲမှာ အကြာကြီးမထားနဲ့။ ဘုရားမှာလှူမယ်ဆို မြန်မြန်ပို့





ကြရအောင်"

"ဟုတ်တယ် ... ရာဇာ"

သံချောင်းက ဝင်ပြီးထောက်ခံလိုက်သည်။ ထိုအခါ ရာဇာ မင်းက ...,

"အေးပါကွ။ ငါလည်း မထားချင်ပါဘူး။ မနက်ဖြန်ပဲ တို့အားလုံး မြို့တက်ပြီး တန်ခိုးကြီးဘုရားမှာ သွားလှူရအောင်"

ဟုပြောကာ သူတို့၏အောင်မြင်သော ဝိုင်းလေးကို သိမ်း လိုက်ကြလေသည်။

❖ ❖ ❖

ရာဇာမင်း ဆင်စွယ်လေးတစ်စုံကို ဟိုင်းကြီးနားသို့ ယူ လာခဲ့သည်။ ဟိုင်းကြီးနားသို့ရောက်သော် ...

"ဟိုင်းရေ ... ဟိုင်း ... ဒီမှာ မင်းရဲ့အဖေ စွယ်စုံ ဆင်စွယ်။ မနက်ဖြန် ဘုရားမှာ သွားလှူပေးမယ်။ မင်းကို မြင်ဖူးရ အောင် လာပြတာ။ ကျေနပ်ပြီလား။ မင်းရဲ့အဖေရဲ့ စွယ်စုံဆင်စွယ် လေး ဘုရားပေါ်မှာ လှပစွာရှိနေဖို့ လူအများမြင်တွေ့ရအောင် တို့ရဲ့ ရွာနဲ့ အနီးဆုံးဖြစ်တဲ့ ဘုရားမှာ လှူပေးမယ်"

ဟု ရာဇာမင်းက ဟိုင်းကြီးကို နှာမောင်းပွတ်ကာ ပြောပြ နေသည်။ ပြီးနောက် စွယ်စုံဆင်စွယ်လေးကို ဟိုင်းကြီးက သူ၏ နှာမောင်းဖြင့် နမ်းနေသည်ကို မြင်တွေ့လိုက်ရ၍ ရင်ထဲ စိတ် မကောင်းဖြစ်မိသည်။ ကိုယ်ချင်းစာမိလေသည်။ မိဘများမရှိတော့၍ ဟိုင်းကြီးခမျာ ဘယ်လောက်အားငယ်နေမလဲဆိုတာ ခံစားမိပါသည်။

ရာဇာမင်း စွယ်စုံဆင်စွယ်ကြီးကို အဝတ်ပိတ်စများဖြင့် သေသပ်စွာ ပြန်ထုတ်ကာ အိမ်ပေါ်သို့ယူလာခဲ့လေသည်။ ပြီးနောက် အချိန်ကိုကြည့်လိုက်သောအခါ ညနေ ၆ နာရီပင် ထိုးတော့မည် ဖြစ်လေသည်။ ထိုအခါ …

"ကိုမင်းရေ … ကိုမင်း … အိပ်ပြီလား"

နန်းမွှုံ၏အသံမှန်း ရာဇာမင်း သိလိုက်သည်။ နန်းမွှုံက ရာဇာမင်း အိမ်သို့ လာခဲ့ရတာကလည်း သူတို့စွယ်စုံဆင်စွယ် တစ်စုံ ရလာခဲ့သည်ကို သံချောင်းက တိုးတိုးတိတ်တိတ် လာပြောသွား၍ လူများမသိအောင် ညဘက်မှ လာရခြင်းဖြစ်သည်။

"ကိုမင်း … သတင်းရလို့လာတာ"

"ဘာလဲ … သံချောင်း လာပြောတယ် မဟုတ်လား"

"ဟုတ်တယ်။ နန်းမွှုံ ကြည့်ချင်လို့ပါ။ ပြီးတော့ စွယ်စုံ ဆင်စွယ်ကို မမြင်ဘူးလို့ပါ"

ထိုအခါ ရာဇာမင်းက ခုနက သူသေချာစွာထုပ်ပိုးထား သော စွယ်စုံဆင်စွယ်ကို ပြန်ထုတ်ကာ နန်းမွှုံကို ပြလိုက်သည်။ ပြီးနောက် …

"နန်းမွှုံ … ဒီစွယ်စုံဆင်စွယ်ကို ရလာတဲ့အကြောင်း ဘယ် သူ့ကိုမှ မပြောပြနဲ့နော်။ လျှို့ဝှက်ချက်ထားရမယ်"

"အင်းပါ … ကိုမင်းရာ။ နန်းမွှုံ နားလည်ပါတယ်"

နန်းမွှုံက ဆင်စွယ်ကိုကြည့်ကာ …

"ဟာ … အရမ်းလှတာပဲ။ ဆင်စွယ်တစ်ခုလုံး အကြော များလည်း စိမ်းကာ မြင်နေရတယ်နော်။ ဒီဆင်စွယ်ရဲ့သက်တမ်းက





ဘယ်လောက်ကြာပြီလဲ ကိုမင်း"

ထိုအခါ ရာဇာမင်းက …

"ဒီဆင်စွယ်ရဲ့သက်တမ်းက ယခု ရှိနေတဲ့ ဟိုင်းကြီးရဲ့ တစ်သက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆင်စွယ်ရဲ့ပိုင်ရှင်လည်းဖြစ်၊ ဖခင်လည်းဖြစ်တဲ့ ဟိုင်းကြီးဖခင်ရဲ့ ဆင်စွယ်ဖြစ်လို့ပဲ"

"ဟင် … ကိုမင်းက ဘယ်လိုသိတာလဲ။ ဟိုင်းကြီးရဲ့ ဖခင်ဆင်စွယ်မှန်း"

"ပြောရလျှင်တော့ ငါ့ရဲ့အိပ်မက်ထဲမှာ လာပြောလို့ပဲ။ ဘယ်ကဆင်မှန်း မသိဘူး။ သူ့ရဲ့ ဆင်စွယ်ကို ပြန်ယူပေးပြီး ဘုရား မှာ လှူဖို့လာပြောတယ်။ ပြီးတော့ ဟိုင်းကြီးကလည်း အိပ်မက် ထဲမှာ သူ၏ဖခင်က သူ့ရဲ့စွယ်စုံဆင်စွယ်ကို ပြန်ယူပြီး ဘုရားမှာ လှူပေးဖို့ လာပြောတဲ့အကြောင်း ငါ့ကိုပဲ အိပ်မက်ပြန်ပေးတယ်။ ဒါကြောင့် ဒီစွယ်စုံဆင်စွယ်ဟာ ဟိုင်းကြီးဖခင်ရဲ့ ဆင်စွယ်ဆိုတာ သေချာနေတယ်"

"အရမ်းထူးဆန်းတာပဲနော်။ ဟိုင်းကြီးက လူစကားမပြော တတ်ပေမယ့် ကိုမင်းကို အိပ်မက်လာပေးပြီး ပြောတယ်ဆိုတော့ ဟိုင်းကြီးက သာမန်ဆင်မှဟုတ်ရဲ့လား။ ဟိုင်းကြီးမှာ ထူးခြားတာ တစ်ခုခုတော့ရှိလိမ့်မယ်။ ကိုမင်း သတိထားပြီးကြည့်နေပါလား"

နန်းမွှုံပြောလိုက်မှ ရာဇာမင်းလည်း သတိထားမိလေသည်။ ဘယ်လိုသွားပြီး သတိထားမိလည်းဆိုတော့ သူနဲ့ဟိုင်းကြီးတို့ စမ်းချောင်းထဲ ရေချိုးနေတုန်းက ဆင်ခိုးသမားများ သူတို့ကိုမမြင်ဘဲ ကျော်သွားတာကို သူ သိလိုက်သည်။ ယခု နန်းမွှုံပြောပြမှ သူ

သတိပြန်ရလာသည်။ နန်းမှုံ ရာဇာမင်းအိမ်သို့ရောက်နေသည်မှာ ကြာသွားပြီဖြစ်တဲ့အတွက် နာရီကိုကြည့်ကာ ...

"ကိုမင်း ... နန်းမှုံပြန်လိုက်ဦးမယ်။ မနက် ကိုမင်းတို့ ဘယ်အချိန်သွားကြမှာလဲ"

"မနက်အစောချည်း သွားကြမှာပါ"

"နန်းမှုံလည်း လိုက်ချင်တယ်။ လိုက်လို့ရမလား"

"မလိုက်ချင်ပါနဲ့။ ခရီးက အစေးကြီးသွားရမှာ။ နန်းမှုံ ပင်ပန်းနေမှာပေါ့"

"မပင်ပန်းပါဘူး။ ကိုမင်းပါတာပဲ။ နန်းမှုံ လိုက်ချင်လို့ပါ။ ခေါ်ပါနော်။ နန်းမှုံ မြို့မရောက်တာကြာပြီ။ အမေ့ကို ပြောလိုက်မယ်နော်"

ရာဇာမင်း နန်းမှုံ၏ချစ်စဖွယ် အပြုံးလေးဖြင့် သူမ၏မျက်နှာကို ကြည့်ပြီး လိုက်ချင်လို့တောင်းဆိုနေပုံများမှာ သူ၏စိတ်ကို ခေါ်ချင်တဲ့စိတ်က တွန်းအားပေးသလို ဖြစ်နေသည်။

ရာဇာမင်း ခေါင်းညိတ်လိုက်သည်။ ထိုအခါ နန်းမှုံမှာ ပျော်ရွှင်သော မျက်နှာလေးဖြင့် ရာဇာမင်းကိုကြည့်ကာ အိမ်ပေါ်မှ ပြေးသွားလေတော့သည်။

■



## အခန်း ( ၁၉ )
## စွယ်စုံဆင်စွယ်ရှာပုံတော်

တောခေါင်းသည် တခြားပစ္စည်းများ မိမိ၏အိပ်ခန်းထဲသို့ ပြန်လာပြီး ဘာများပါသွားသေးလဲဆိုတာ ပြန်၍စစ်နေမိသည်။ သူ၏အခန်းထဲ၌လည်း ဘာမှမပျောက်ပါ။ တောခေါင်းလည်း စဉ်းစား မရဖြစ်ကာ ဘယ်လိုလိုက်ရှာရမှန်းမသိပါ။ တောခေါင်းလည်း ဒီဆင်စွယ်ကိစ္စကို စဉ်းစားကာ စိတ်ထဲတွင် သတိရသွားသည်။ သူ၏ အိမ်သို့ ပျဉ်းမရွာ ဆင်ဝိုင်းက ဆင်ဖမ်းသမားများဖြစ်တဲ့ စောဖထီး တို့လာတုန်းက ဒီဆင်စွယ်ကြီးကို သေချာစွာကြည့်နေသော လူငယ် လေးကို သတိရသွားသည်။ ထိုလူငယ်လေးသာ သူ၏ဆင်စွယ်ကို သေချာစွာ လိုက်ကြည့်ပြီး လေ့လာနေတာ သူကိုယ်တိုင် မြင်တွေ့

လိုက်ရသည် မဟုတ်ပါလား။

ဒါဆိုရင် ဒီလူငယ်လေးရှိတဲ့ ဆင်ဝိုင်းကို သူ၏လူများလွှတ်ကာ စနည်းနာခိုင်းမည်ဟု စဉ်းစားနေမိသည်။

မောင်ဖိုးထောင်နဲ့ လူ ၃ ယောက်လောက်ကို တောခေါင်းက သူ၏အနားသို့ ခေါ်လိုက်သည်။

"ဖိုးထောင် … မင်း လူ ၃ ယောက်လောက်ခေါ်သွား ဆင်ဝိုင်းကိုသွား။ ဆင်စွယ်ကိစ္စ ဘာများထူးခြားလဲဆိုတာ စုံစမ်းခဲ့"

"ဟုတ်ကဲ့ … ဆရာ။ ဒီနေ့ပဲ သွားလိုက်ပါ့မယ်"

"အေး … မြန်လေ ကောင်းလေပဲ။ မဟုတ်ရင် ဆင်စွယ် တခြားကိုရောက်သွားမယ်။ ငါ ဒီဆင်စွယ်ကို ဘယ်လောက်မြတ်နိုး တန်ဖိုးထားသလဲဆိုတာ မင်းတို့သိတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်တို့ နားလည်ပါတယ်"

"နောက်ပြီး ပြောရဦးမယ်။ ဒီဆင်စွယ်ရောက်ပြီးကတည်းက ငါ့ရဲ့လုပ်ငန်းနဲ့အလုပ်ကိစ္စ အားလုံး အဆင်ပြေတယ်ဆိုတာ မင်းတို့လည်း သိတာပဲ။ ဒီတော့ ဒီဆင်စွယ်ကို အမြန်ဆုံး ပြန်လိုချင်တယ်ကွာ"

"စိတ်ချပါ ဆရာ။ ကျွန်တော်တို့ အမြန်ဆုံးရှာခဲ့ပါ့မယ်"

ဖိုးထောင်နဲ့သူ၏တပည့် ၃ ယောက် ပျဉ်းမရွာ ဆင်ဝိုင်းနားသို့ ရောက်လာသည်။ ရွာထိပ်တွင် လူငယ်လေး ၃၊ ၄ ဦးထိုင်ကာ စကားကောင်းနေကြသည်။ ထိုလူငယ် ၃ ဦးက အရိုး၊ ဆင်ကြီး၊ ငဖောင်ရိုးတို့ ဖြစ်ကြသည်။ ထိုအခါ သူတို့နားသို့ လူစိမ်း ၄ ဦး တည့်တည့်လာနေတာ တွေ့လိုက်ရသည်။ အနားသို့ရောက်သော် …





"ညီလေးတို့ကို အစ်ကိုကြီး မေးစရာတစ်ခုရှိလို့ပါ။ ကူညီပါနော်"

"ဟုတ်ကဲ့ ပြောပါ အစ်ကို"

ဖိုးထောင်က သူပြောမယ့်စကားကို ဘယ်ကဘယ်လို စပြောရမှန်း မသိဘဲ ခေတ္တစဉ်းစားကာ ပြီးနောက် …

"အစ်ကိုတို့က ဆင်စွယ်ကောင်းကောင်း တစ်စုံလောက် လိုချင်လို့ပါ။ ညီလေးတို့ ဒီဆင်ဝိုင်းမှာ ရှိနိုင်မလား"

ထိုအခါ အရိုးက ကျန်သောနှစ်ယောက်ကို ကြည့်ကာ မျက်လုံးချင်းစကားပြောပြီး ဆင်ကြီးက ဝင်ဖြေလိုက်သည်။

"ကျွန်တော်တို့က ငယ်တော့ ဆင်စွယ်အကြောင်း ကောင်းကောင်း မသိပါဘူး။ ရွာထဲက ဆင်ဦးစီးတို့ဆီမှာ သွားမေးကြည့်ပါလား"

ထိုအခါ ဖိုးထောင်က ထိုလူဖြေသောစကားကလည်း ဟုတ်နိုင်သည်ဟု မှတ်ချက်ချကာ ရွာထဲသို့ဝင်ရန် လှည့်လိုက်သည်။ ထိုအခါ ငဖောင်ရိုးက …

"အစ်ကိုတို့ ဒီနေ့တော့ မသွားနဲ့။ ရွာထဲမှာ ဆင်ဦးစီးတို့ မရှိကြဘူး။ ဆင်ဖမ်းထွက်သွားတယ်။ နောက်တစ်ပတ်လောက်ဆို ပြန်လာပါလိမ့်မယ်။ အဲဒီအခါကျမှ ပြန်လာပြီးပြောပေါ့"

ဖိုးထောင်မှာ ၄င်းလူငယ်လေးများပြောတာ မျက်နှာများကို အကဲခတ်နေမိသည်။ အားလုံးက မှင်သေသေနဲ့ ဟန်မပျက် ပြန်ဖြေနေကြသည်။ ထိုသို့အဖြေရပြီး ထိုလူတို့လည်း စိတ်ထဲမှာ မကျေနပ်ဘဲ ရွာထဲသို့ဝင်လာခဲ့သည်။ ရွာသူကြီး လူကြီးတစ်ဦးဦးဆီ

မှာ ထပ်ပြီးစုံစမ်းကြည့်မှပဲဟု စိတ်ထဲမှ တေးကာ ရွာထဲသို့ ဝင်လာခဲ့ကြသည်။

ထိုလူများ ရွာထဲသို့ဝင်လာပြီး မကြာခင်မှာပဲ ရာဇာမင်းက ၄င်းသစ်ပင်အောက်သို့ ရောက်လာသည်။ ထိုအခါ အရိုးက ...

"ဟိတ် ... ရာဇာ မင်းလာတာနဲ့အတော်ပဲ။ ရွာထဲကို လူစိမ်း ၄ ယောက် ဝင်လာတာတွေ့လား"

တကယ်တော့ ရွာထဲသို့ လူစိမ်းများက ဝင်ပြီးမှ ရာဇာမင်းက အိမ်ထဲမှထွက်လာခြင်း ဖြစ်သည်။ ဒါကြောင့် မတွေ့ဘဲ သူငယ်ချင်းများဆီသို့ ရောက်လာခဲ့သည် မဟုတ်ပါလား။

"မတွေ့ဘူးကွ"

ရာဇာမင်းက ပြန်ဖြေလိုက်ပြီးနောက် အရိုးက ဆက်ပြီး...

"ဟိုကိစ္စလာစုံစမ်းတယ်လို့ထင်တယ်။ သူတို့က ဆင်စွယ်ကောင်းကောင်းလိုချင်လို့ တို့ကို လာပြောသွားတယ်"

ထိုအခါ ရာဇာမင်းလည်း ခေတ္တစဉ်းစားကာ ...

"ဖြစ်နိုင်တယ်။ သူတို့သိသွားကြပြီ။ ဒါဆိုရင် မနက်ဖြန်ပဲ မြန်မြန်သွားပြီး ဘုရားမှာ သွားလှူကြရအောင်"

"အေး ... ကောင်းတယ်။ မြန်လေ ကောင်းလေပဲ။ တို့တွေ လက်ထဲမှာထားရင် အန္တရာယ်ရှိတယ်"

ထိုအချိန်တွင် သံချောင်းနဲ့ ဖိုးပိန်လည်း ရောက်လာခဲ့သည်။ အားလုံး သူတို့သူငယ်ချင်း ၆ ယောက် စုံသွားသည်။ မနက်ဖြန် စွယ်စုံဆင်စွယ်ပို့မယ့်ကိစ္စ တိုင်ပင်ကြလေတော့သည်။

ထိုအခါ သံချောင်းက ဆက်ပြီး ...





"ဒါနဲ့ ရာဇာ ... မင်းဆီမှာ ဆင်သိုက်ဆီကိုသွားတဲ့မြေပုံ ရှိတယ် မဟုတ်လား"

"မင်းကို ဘယ်သူပြောလဲ"

"မင်းပဲပြောတယ်လေ"

"ထားပါတော့။ လောလောဆယ် တို့တွေ ဆင်စွယ်ကိစ္စ အရင်လုပ်ရအောင်"

ရာဇာမင်းက ပြောပြီး သူတို့၏စကားဝိုင်းလေး ဖျက်ကာ ပြန်ခဲ့ကြလေတော့သည်။

❖ ❖ ❖

ရာဇာမင်းတို့ နံနက်စောစော ဝေလီဝေလင်းထကာ မြို့သို့ တက်ဖို့ ရွာထဲမှထွက်လာခဲ့ကြသည်။ သူတို့ ဆင်ဝိုင်းမှ ကားလမ်းသို့ ၇မိုင်၊ ၈မိုင်လောက် လျှောက်ရသည်။ ကားလမ်းပေါ်သို့ ရောက်သော် ကားတစ်ခါ ထပ်စောင့်ရသည်။ ကားက နာရီဝက်၊ တစ်နာရီ နီးပါးကြာသည်။ သူတို့အားလုံး ၆ ယောက်ဖြစ်သည်။ ရာဇာမင်း၊ နန်းမှုံ၊ သံချောင်း၊ ဖိုးပိန်၊ အရိုး၊ ဆင်ကြီးတို့ ဖြစ်ကြသည်။ ငဖောင်ရိုးကတော့ ရာဇာမင်း အိမ်မှာ အစောင့်ထားခဲ့လေသည်။

သူတို့ ကားစောင့်ရင်း စကားပြောနေချိန်တွင် အဝေးပြေးကားတစ်စီးလာနေတာ တွေ့ရသည်။ သူတို့က တောင်ငူမြို့သို့ သွားရမည် မဟုတ်ပါလား။ ကားက သူတို့ကိုတွေ့၍ ရပ်ပေးလိုက်သည်။ သွားရမည့်ခရီးကို သံချောင်းကပြော၍ အားလုံးအဆင်ပြေသွားသည်။

သူတို့ ဖျဉ်းမရွာမှ တောင်ငူကို နောက်ထပ် ၃ နာရီလောက်

စီးရသည်။ တောင်ငူမြို့ကို နံနက် ၁၁ နာရီ၊ ၁၂ နာရီလောက် ရောက်လာသည်။ ပြီးနောက် မြင်းလှည်းတစ်စီးငှားကာ တောင်ငူ ဘုရားကြီးသို့ ရောက်လာကြလေတော့သည်။ ဘုရားဝင်းထဲသို့ ရောက်သော် ဂေါပကလူကြီးဆီသို့ သူတို့ ဆင်စွယ်တစ်စုံကို လာလှူကြောင်း ပြောပြပြီး လှူလိုက်ကြလေတော့သည်။

ဂေါပက လူကြီးလည်း သူတို့အားလုံးကို ဆုများပေးကာ စားသောက်စရာများဖြင့် ဧည့်ခံလိုက်သည်။

ရာဇာမင်းတို့ ဆင်စွယ်ကိုစွန့်ပြီး၍ ရွာသို့ ချက်ချင်းပင် ပြန်ခဲ့ကြလေတော့သည်။ သူတို့အားလုံး၏မျက်နှာများသည် ယခုမှပဲ ပူပင်သောကများ အေးချမ်းသွားသလို ခံစားရပြီး စိတ်လက်ပေါ့ပါး တက်ကြွနေလေတော့သည်။

ရာဇာမင်းက သူ၏ဟိုင်းကြီးကို ဒီအကြောင်းတွေ ပြန်မှ ဝမ်းသာဂုဏ်ယူစွာ ပြောပြရတော့မယ်ဟု ပျော်နေမိလေသည်။

အင်း ... ဟိုင်းကြီးသာ ဒီအကြောင်းတွေပြောပြရင် သူ့ကို ဘယ်လိုအကြည့်မျိုးနှင့် ကြည့်မလဲဆိုတာ တွေးနေမိသည်။

"ဟိုင်းကြီးရေ ... မင်းရဲ့အဖေ အမွေအနှစ်ဖြစ်တဲ့ စွယ်စုံ ဆင်စွယ်ကြီး ဘုရားမှာ ရောက်နေပြီ။ မင်းလည်း သာဓုခေါ်ပေတော့"

ဟု ရာဇာမင်းတစ်ယောက် အသံထွက်ကာ ပြောလိုက်တော့သည်။ ရာဇာမင်းရဲ့စကားကြောင့် နန်းမွှံလည်း ရာဇာမင်းလို ပြုံးကာ ရယ်ပြလိုက်လေတော့သည်။

■



## အခန်း ( ၂၀ )
## အချစ်စကားလေးဖွဲ့သီမိပြီ

ဆင်ဝိုင်းရွာထဲသို့ မြို့မှလူများ ရောက်နေသည်။ သူကြီးက မြို့မှလူများကို ဧည့်ခံစကားပြောနေသည်။ ထိုအခါ မြို့မှ ဦးဆောင်သောသူက ...

"ဒီမှာ သူကြီး ကျွန်တော်တို့ရဲ့ဆရာကြီးမှာ စွယ်စုံဆင်စွယ် တစ်စုံ အမိုးခံလိုက်ရတယ်။ အဲဒါ သူကြီးကို လာပြောရင်း နောက်ထပ် စွယ်စုံဆင်စွယ်ထပ်လိုချင်တဲ့အကြောင်း တောခေါင်းကြီးက မှာလိုက်တယ်"

ထိုသို့ပြောနေသောအချိန်တွင် နန်းမွှံက သူကြီးအိမ်သို့ ဟင်းများ လာပို့သည်။ ဟင်းလာပို့ရင်း နန်းမွှံက ဆင်စွယ်ဆိုသော စကားကြား၍ ခေတ္တရပ်နေစဉ် သူကြီး၏မိန်းမက နန်းမွှံကို ခေါ် လိုက်သည်။

"သမီး ... လာလေ ဘာတွေလာပို့တာလဲ"

"အမေက ဟင်းပို့ခိုင်းလိုက်လို့ပါ"

"လာ ... လာ ... လာလေ ... အိမ်ထဲကို"

ထိုအချိန်တွင် လူစိမ်းများက ဆက်ပြီး ...

"အဲဒီပျောက်သွားတဲ့ စွယ်စုံဆင်စွယ်ပြန်ရရင် ဆုငွေများ ပေးမည်ဟု တောခေါင်းက ပြောလိုက်သေးတယ်။

သူကြီးလည်း ရသလောက် စုံစမ်းပြီး ကျွန်တော်တို့ ဆရာကြီးကို ဆက်သွယ်ပါ"

"ဟုတ်ကဲ့ ... မောင်ရင်တို့။ ဦးလေး နားစွင့်ပြီး အကြောင်းကြားပေးပါ့မယ်။ ထပ်လိုချင်တဲ့ စွယ်စုံဆင်စွယ်ကိုလည်း ဆင်ဦးစီးတို့လာရင် ပြောလိုက်ပါ့မယ်"

အိမ်ထဲသို့ရောက်နေသော နန်းမွှံက ဆင်စွယ်အကြောင်းကြားပြီး ရာဇာမင်းကို စိတ်ပူသွားသည်။ စိုးရိမ်စိတ်များ များလာပြီး အပြန်တွင် ရာဇာမင်းတို့အိမ်ကိုဝင်ပြီး ပြောမည်ဟု ဆုံးဖြတ်လိုက်လေသည်။

လူစိမ်းများက သူကြီးကို နှုတ်ဆက်ကာ ပြန်ရန်ပြင်နေကြသည်။ နန်းမွှံက အိမ်ထဲမှ ချောင်းကြည့်နေသည်။ လူစိမ်းများ ပြန်သွားတော့မှ အိမ်ထဲမှ ထွက်လာခဲ့သည်။ ပြီးနောက် သူကြီးနားသို့ သွားကာ မိန်းတို့၏သဘာဝအတိုင်း စပ်စုလိုက်လေသည်။

"ဦးလေး ... ဟိုလူတွေက ဘာလာလုပ်တာလဲ"

"ဩော် ... သူတို့က စွယ်စုံဆင်စွယ်တစ်စုံ လိုချင်လို့လာ ပြောတာပါ။ ပြီးတော့ သူတို့မှာ စွယ်စုံဆင်စွယ်တစ်စုံ အခိုးခံရလို့





တွေ့ရင် ပြောပါတဲ့။ ပြောတဲ့သူကို ဆုငွေပေးမယ်လို့ ပြောတယ်"

"ဩော် ... အင်း"

နန်းမွှံလည်း ဘာမှဆက်မမေးတော့ဘဲ ပြန်ခဲ့လေသည်။ အပြန်တွင် ရာဇာမင်း၏အိမ်သို့ဝင်ကာ လူစိမ်းများအကြောင်း ပြောရန် ရာဇာမင်း အိမ်သို့ ဝင်ခဲ့လေသည်။ ထိုအခါ ရာဇာမင်းက ဟိုင်းကြီးနားသို့ရောက်နေသည်။

"ဟိုင်းရေ ... ငါတို့ မနေ့က မင်းအဖေရဲ့စွယ်စုံဆင်စွယ် ဘုရားမှာ လှူခဲ့ပြီးပြီ။ မင်းလည်း ကျေနပ်တော့။ ကွယ်လွန်သွားတဲ့ မင်းရဲ့အဖေလည်း ဝမ်းသာပြီး ဘဝကူးကောင်းသွားမှာပါ"

ထိုအခါ ဟိုင်းကြီးက ဖေယျာမင်းကို နှာမောင်းဖြင့် လိုက်ပြီး နမ်းနေသည်။ ထိုအချိန်တွင် နန်းမွှံတစ်ယောက် သူ့နားသို့လာနေတာ တွေ့လိုက်ရ၍ ...

"လာ ... နန်းမွှံ ဘယ်ကလှည့်လာတာလဲ"

"ကိုမင်းဆီကိုပဲ"

"အလည်လာတာလား"

"မဟုတ်ပါဘူး။ အရေးကြီးတဲ့အကြောင်း လာပြောတာပါ"

"ဘာများလဲ နန်းမွှံ"

"ဆင်စွယ်ကိစ္စ လာစုံစမ်းနေတယ်။ ပြီးတော့ ဆင်စွယ်ကိစ္စသိတဲ့လူကိုလည်း ဆုငွေများပေးမယ်လို့လည်း ပြောနေတယ်"

"နန်းမွှံ ဘာမှမစိုးရိမ်ပါနဲ့။ ဆင်စွယ်က တို့တွေရဲ့လက်ထဲမှာ မရှိတော့ စိတ်မပူပါနဲ့။ အားလုံးပြီးသွားပါပြီ"

နန်းမွှံမှာ ရာဇာမင်းဆီ သူမရဲ့စိတ်ပူမှုအကြောင်း လာပြော

ရလို့ ကျေနပ်ကာ ပြန်ရန်အထတွင် ရာဇာမင်းက ရုတ်တရက် လက်ကို လှမ်းကိုင်လိုက်သည်။ ပြီးနောက် …

"နန်းမှုံ ကိုမင်းကို စိတ်ပူလို့လာပြောတာလား"

"အင်း"

နန်းမှုံရဲ့ မပွင့်တပွင့် နှုတ်မှ ထွက်လာသော ကရုဏာသံလေးက ရာဇာမင်း၏စိတ်ကို ဆွဲဆောင်လိုက်သည်။ ထိုအခါ ရာဇာမင်းလည်း မရိုးမရွဖြစ်ကာ နန်းမှုံလက်ကိုကိုင်ထားရာမှ သူ၏ဘေးတွင် ထိုင်နိုင်းလေသည်။

ထိုအခါ ဟိုင်းကြီးက သူ၏နှာမောင်းဖြင့် နန်းမှုံကိုလှမ်းကာ နှုတ်ဆက်နေသည်။ နန်းမှုံက ဟိုင်းကြီး၏နှာမောင်းကိုပွတ်ကာ ရာဇာမင်းဆီမှ ထွက်လာမည့်စကားကို မျှော်လင့်စောင့်စားရင်း …

"နန်းမှုံ"

"ဘာလဲ … ကိုမင်း"

"နန်းမှုံကို အစ်ကို တစ်ခုပြောမယ်။ လက်ခံမလား"

"ဘာများလဲ ကိုမင်း။ ပြောလေ"

"နန်းမှုံကို ကိုမင်း ချစ်တယ်"

ထိုကဲ့သို့ ရာဇာမင်း ပြောလိုက်သောစကားကို နန်းမှုံက ကြိုတင်သိထားပြီးသားမို့ ရာဇာမင်းကို ပြန်ကြည့်လိုက်သည်။ တကယ်တော့ သူမကလည်း ရာဇာမင်းအပေါ်မှာ ငယ်ငယ်ကတည်းက သံယောဇဉ်ဖြစ်ခဲ့သူဆိုတော့ ရာဇာမင်းဆီမှ ထွက်အန်လာမယ့် အချစ်စကားကို ကြားချင်သူပါ။

ဒါကလည်း မိန်းကလေးတိုင်းရဲ့ သဘာဝပဲမဟုတ်လား။





ချစ်သူဆီမှ ချစ်တယ်ဆိုတဲ့စကားကို ဘယ်မိန်းကလေးမှ ငြင်းပယ်ကြမည် မဟုတ်ပါ။ ထိုအခါ ရာဇာမင်းက …

"နန်းမှုံ … ဖြေလေ။ ဘာတွေစဉ်းစားနေတာလဲ။ ကိုမင်းပြောတာ ကြားတယ် မဟုတ်လား"

"အင်း"

ခေါင်းငုံ့ကာ ဖြေလိုက်သည်။ ထိုအခါ ရာဇာမင်းက …

"ဘာအင်းလဲ။ ချစ်တယ်လို့ပြောတာလား။ ဒါမှမဟုတ် ကိုမင်းမေးတာကို ပြန်ဖြေတာလား"

ထိုအခါ နန်းမှုံက …

"နှစ်ခုစလုံးပဲ"

ဟုပြောကာ ရာဇာမင်းနားမှ ထပြေးသွားလေသည်။ ထိုအချိန်တွင် ရာဇာမင်းမှာ ဇဝေဇဝါ ကျန်ခဲ့သည်။ သူမေးလိုက်သောစကားကို ပြန်ပြီး စဉ်းစားလိုက်သည်။ ပြီးနောက် နန်းမှုံပြောသွားသောစကား (နှစ်ခုစလုံးပဲ) ဟု အဓိပ္ပာယ်ကို ချက်ချင်း မတွေးတတ်အောင် ဖြစ်နေတာလား၊ ဒါမှမဟုတ် စိတ်လှုပ်ရှားလို့ မဖြေမထွက်တာလားဟု တစ်ခုချင်း ပြန်ပြီးစဉ်းစားလိုက်သည်။

ဟာ … ဒါဆို ငါ့ကို အဖြေပေးသွားတာပဲ။ ငါ မေးတာက ချစ်တယ်လို့ဖြေတာလား၊

သူပြောတဲ့စကားကို ဖြေတာလား

လို့မေးခဲ့တာ နှစ်ခုစလုံးဆိုတော့ … ဟုတ်ပါပြီ။ သေချာသွားပါပြီ … နန်းရေ။

ဟု ရာဇာမင်းတစ်ယောက် ပျော်ပြီး ကျန်ခဲ့လေတော့သည်။

## အခန်း ( ၂၁ )
## ဟိုင်းကြီးနဲ့လူစိမ်းများ

တစ်နေ့တွင် ရာဇာမင်းအိမ်နားသို့ လူစိမ်းများ ၃ ဦး ရောက်လာသည်။ ဒါကလည်း ရာဇာမင်းအိမ်တွင် ဆင်ဖြူတော်တစ်စီး ရှိသည်ဟု ကြား၍ လာရောက်ခြင်းဖြစ်သည်။ ထိုအခါ ခြံဝမှ ...

"ဦးလေးရေ ... ဦးလေး"

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ခြံဝမှ လူ ၃ ဦးတို့ခေါ်သံကြောင့် အိမ်နောက်တွင် အလုပ်လုပ်နေသော ရာဇာမင်းနဲ့ ငဖောင်ရိုးတို့က အိမ်ရှေ့သို့ နှစ်ဦးစလုံး ထွက်လာခဲ့ကြသည်။ လူစိမ်းများဖြစ်၍ အနားသို့လာပြီး ...

"အစ်ကိုတို့က ဘယ်သူ့ကိုတွေ့ချင်လို့လဲခင်ဗျာ"





ရာဇာမင်းက ဖော်ရွေစွာ မေးလိုက်သည်။ ထိုအခါ လူစိမ်းထဲမှ တစ်ဦးဖြစ်တဲ့ အသက် ၄၀ ကျော် လောက်ရှိ ကျားကြီးဆိုတဲ့သူက ...

"ဒီက ညီလေးက ဒီခြံပိုင်ရှင်လား"

"ဟုတ်ပါတယ်။ ကျွန်တော်က အဖေစောဖထီးရဲ့ တစ်ဦးတည်းသောသားပါ။ ကျွန်တော့်အဖေ ဖထီးက တောထဲသွားတယ်။ အစ်ကိုတို့က ဘာများလိုချင်လို့လဲခင်ဗျာ"

"ဪ ... အစ်ကိုတို့က ညီလေးတို့ဆီမှာ ဖမ်းထားတဲ့ ဆင်ဖြူတော်လေးကို ကြည့်ချင်လို့ပါ။ အဲဒါ ညီလေးတို့ဆီမှာ လာပြီး ခွင့်တောင်းတာပါ"

"ကြည့်မယ်ဆိုတော့ ရပါတယ်။ ဒါပေမဲ့ ဝယ်ဖို့ဆိုတာ တော့ လုံးဝမရောင်းပါ"

"ဟုတ်ပါပြီ ညီလေး။ အစ်ကိုတို့က လေ့လာချင်တဲ့ သဘောပါပဲ။ ညီလေးရဲ့ ဆင်ဖြူတော်ကို မဝယ်ပါဘူး"

ဟုပြောကာ ရာဇာမင်းက လူစိမ်း ၃ ဦးကို ဆင်ဖြူတော် နားသို့ ခေါ်လာခဲ့လေသည်။

ထိုအခါ ဟိုင်းကြီးက ထိုလူ ၃ ဦးထဲမှ တစ်ဦးကိုမြင်လိုက်ရ၍ ...

"ဝူး ... ဝူး ... ဝူး"

ဟူသော အော်သံများဆက်တိုက်ဖြစ်နေသည်။ ဒီလိုမျိုး တစ်ခါမှ ဟိုင်းကြီး မအော်တတ်ပါ။ ဒါကိုသိသော ရာဇာမင်းက

ဟိုင်းကြီး၏ နှာမောင်းကို ပွတ်ကာ မအော်ဖို့ နားရွက်နားသို့ကပ်ကာ ပြောလိုက်သည်။

တကယ်တော့ ဟိုင်းကြီးအော်ရတာက သူ၏ဖခင်နှဲ့မိခင်ကို သတ်ပြီး ဖခင်ရဲ့စွယ်စုံဆင်စွယ်ကြီးကို ဖြတ်ယူသွားတာ သူကိုယ်တိုင် ချုံပုတ်ထဲမှ မြင်လိုက်ရသည်မဟုတ်ပါလား။ ဒါကြောင့် အော်လိုက်ခြင်း ဖြစ်သည်။

လူစိမ်းများကတော့ ဒါတွေကို မသိပါ။ ဟိုင်းကြီးနားသို့ လာကာ သူတို့ ဟိုင်းကြီးကို ပွတ်ကာ ကိုင်ကြည့်ကြလေသည်။ သူတို့ကိုင်တာ ဟိုင်းကြီးက ရန်းက အထိမခံဘဲ ရှောင်သေလည်။

ဒါကို ရာဇာမင်းက သိသည်။ ဟိုင်းကြီးက သူကြည့်လို့ မရတဲ့သူဆိုရင် ဘယ်သူမှ အကိုင်မခံပါ။ ဟိုင်းကြီး၏ထူးခြားမှုကို ရာဇာမင်း နားလည်သည်။

လူစိမ်းများလည်း ဆင်ဖြူတော်ကို လာလေ့လာပြီး မကြာခင်မှာပဲ ပြန်သွားကြလေသည်။

■

**အခန်း ( ၂၂ )**
**ဆင်ဖမ်းအဖွဲ့စောဖထီး**

စောဖထီးတို့သည် တောထဲ၌ ဆင်များကို ကျုံးတောင်ဖမ်းဆီးခြင်းဖြင့် ပြုလုပ်ခဲ့ရာ ယခုဆိုလျှင် ဆင်များ ၁၅ ကောင်လောက် ဖမ်းယူရရှိနေပြီဖြစ်သည်။

ကျုံးတောင်ဖမ်းယူခြင်းသည် ဆင်ဖမ်းအဖွဲ့အနေနဲ့ အချိန်များစွာ ယူရသည်။ ပထမဆင်ကျုံးကို တည်ဆောက်ယူရသည်။ ထိုသို့ ဆင်ကျုံးများပြုလုပ်ရာတွင်လည်း ဆင်များ သွားလာတတ်သော လမ်းကြောင်းကို သေချာသိမှသာ ဆင်ကျုံးကို တည်ဆောက်ရသည်။

ဆင်များ လမ်းကြောင်း သိထားပြီဆိုလျှင် ဆင့်ဖမ်းအဖွဲ့က ထိုလမ်းကြောင်းတွင် ဆင်ကျုံးကို ပထမတည်ဆောက်ယူရသည်။

မြတ်စာပေ

ဆင်ကျုံးတည်ဆောက်ရန်အတွက် သင့်တော်သောနေရာများမှာ ...

- ဆင်ရိုင်းများ မကြာခဏဖြတ်သန်းသွားလာတတ်သောနေရာများ၊
- ဆင်များ ခိုအောင်းနိုင်လောက်အောင် အရိပ်အာဝါသကောင်းသော နေရာများ၊
- စမ်းချောင်း၊ ရေအိုင်များနီးသောနေရာများ၊
- သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲမရှိသန့်နေရာများ၊
- ဆင်ရိုင်းများ ဖမ်းမိသောအခါ လေ့ကျင့်မှုများပေးရန်အတွက် ကျယ်ပြန့်သောနေရာများရှိခြင်း၊
- ကျုံးဆောက်လုပ်ရန်အတွက် သစ်၊ ဝါးများ အလွယ်တကူရရှိပြီး ဆင်များ အစာရေစာ အလွယ်တကူ ရရှိနိုင်မည့်နေရာများ ဖြစ်ခြင်း

တို့ အစရှိသော လိုအပ်ချက်များ ပြီးပြည့်စုံမှသာ ဆင်ကျုံးကို တည်ဆောက်ကြသည်။

တချို့ဆိုလျှင် ဆင်ကျုံးကို တည်ဆောက်လျှင် စတုဂံပုံတည်ဆောက်တာများသည်။ ဆင်ကျုံးကို အကြီးအသေးအလိုက် အလျား ၆၀ ပေ မှ ၁၀၀ ပေထိ ရှိတတ်သည်။

အလျား ပေ ၆၀ တည်ဆောက်သော ဆင်ကျုံးအတွက် လိုအပ်သောပစ္စည်းများမှာ -

(၁) ဖြောင့်တန်းသော ကျုံးတံခါးတိုင်လေးလုံး။

(၂) တိုင်တစ်လုံး၏အရှည်မှာ ၃၅ ပေ၊ လုံးပတ်မှာ သုံးပေ





ခြောက်လက်မ။

(၃) ကျုံးတိုင်များမှာ အရှည် ၁၆ ပေ၊ လုံးပတ် သုံးပေခြောက်လက်မ၊ စုစုပေါင်း အလုံး ၃၀။

(၄) အတွင်းရှိ မျောတိုင် အလုံး ၃၀၀ (အရှည် ၁၆ ပေ၊ လုံးပတ် ၈ လက်မမှ ၁၀ လက်မ) ရှိရမည်။

ကျုံးတိုင်နှင့် မျောတိုင်များအားလုံး ဖြောင့်ဖြူးနေရမည်ဖြစ်သည်။ အကိုင်းအခက်များကို ချောမွတ်အောင် ရဲဒင်း၊ ဓားတို့ဖြင့် ရွေချောထားရမည်။ ထိုကဲ့သို့ ပြုလုပ်ထားမှသာ ဆင်များရုန်းကန်၊ ပွတ်တိုက်လျှင် အနာတရမဖြစ်ဘဲ ဒဏ်ရာကင်းသော ဆင်များ ရရှိမည်ဖြစ်သည်။

ကျုံးဆောက်ရာတွင် တိုင်နှင့်မျောတိုင်များ ခြံခတ်သကဲ့သို့ အခိုင်အခံ့ချည်နှောင်ကြသည်။ အုန်းဆံကြိုး (သို့) ကြိမ်နီများဖြင့် ခတ်ကြသည်။

တချို့ ဆင်လုပ်သားများက ပြောကြသည်။ သံနှင့်ရိုက်လျှင် မဖြစ်ဘူးလားလို့ မေးခဲ့ဖူးသည်။

ထိုသို့သံနှင့်ရိုက်လျှင် တူရိုက်သံကြောင့် ဆင်တွေ ထိုနားသို့ ဘယ်တော့မှလာကြမှာ မဟုတ်ပါ။ ဒါကြောင့် အုန်းဆံကြိုး၊ ကြိမ်နီများဖြင့် ချည်နှောင်ရသည်။ ပြီးတော့ ဆင်မိတဲ့အခါ ဆင်များရုန်းလျှင် ဆင်ကိုယ်လုံးနှင့် တိုက်ကောင်းတတ်တော့ သံတွေကျွံတတ်သလို၊ ဆင်တွေကို သစူးပြီး သံဆိပ်တက်မှာလည်း စိုးရတယ်။ ဒါကြောင့် သံကိုမသုံးတဲ့အကြောင်း ပြောပြခဲ့ဖူးသည်။

ဆင်ကျုံးတည်ဆောက်ရာမှာလည်း ...

အားလုံးပစ္စည်းများ စုဆောင်းပြီးတာနဲ့ ...

ဆင်ဖမ်းကျုံးပုံသဏ္ဌာန်မှာ တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် စတုဂံရှိရသည်။ ကျုံးတိုင် တစ်တိုင်နဲ့တစ်တိုင် ၁ ပေစီကွာပြီး မြေကြီးထဲသို့ ၃ ပေလောက်စိုက်ထားရမည်။ ကျုံးတိုင်များ၏ အပြင်ဘက်တွင် မျောတိုင်များဖြင့် ခြံစည်းရိုးကာသကဲ့သို့ တစ်တန်းနှင့် တစ်တန်း ၂ ပေစီခြားခြား၍ အုန်းဆံကြိုး (သို့) ကြိမ်နီများဖြင့် အခိုင်အခန့် (ဖူးလည်စည်း)တုတ်နှောင်ပြီး ချည်ရသည်။

အရှေ့မျက်နှာစာဖြစ်သော အကျယ်ဘက်တွင် ကျုံးတံခါးတိုင်ကိုထားရှိပြီး ကျုံးနောက်ဘက်ကိုမူ ကျုံးတိုင်များဖြင့် အလုံပိတ်ထားရမည်။ ၎င်းကို ကျုံးနောက်ပိတ်ဟု ခေါ်သည်။ ထိုကျုံးနောက်ပိတ်တွင် အတော်အသင့်ကြီးသော၊ မြစ်ဆုံကောင်းသော၊ ခိုင်ခန့်သော သစ်ပင်ကြီးတစ်ပင်ကို နောက်က အမာခံအဖြစ်ထားရသည်။

ကျုံးတံခါးဝအရှေ့ဘက်တွင် ကျုံတံခါးတိုင် လေးလုံးကို ရှေ့နှစ်လုံး နောက်နှစ်လုံးစိုက်ပြီး အလယ်တွင် ကျုံးတံခါးကို ထားရသည်။ ကျုံးတံခါးမှာ လုံ့ကြီး ခြေသလုံးလောက်ရှိသော မျောတိုင်များကို တစ်တန်းချင်းစီကွပ်၍ နံရံသဖွယ် ခိုင်မာစွာပြုလုပ်ထားရသည်။

မတ်တတ်ထောင်ထားသော ကျွန်းတံခါးတိုင်ထိပ်များကို မြနေအောင်ချွန်ထားရသည်။ ဤသို့ချွန်ထားခြင်းမှာ ကျုံးထဲသို့ ဆင်များဝင်မိသောအခါ အပေါ်က တံခါးကို ဖြုတ်ချလိုက်ပါက တံခါးရင်းသည် မြေပြင်သို့ စူးဝင်သွားစေရန်ဖြစ်သည်။

ကျုံးတံခါးမှာ အရှင်ဖြစ်ပြီး ရှေ့နှစ်လုံး နောက်နှစ်လုံးစီ





စိုက်ထူထားသော တံခါးတိုင် လေးလုံးကြားမှ အထက်သို့ ပေ ၃၀ လောက်ဆွဲတင်ထားရသည်။ ထိုတံခါးကို ဆွဲတင်သောကြိုး (မောင်းခလုတ်ကြိုး)ကို ကျုံး၏အပေးမှ အလျားလိုက်ဖြတ်ကာ ယူပြီး ကျုံးနောက်ပိတ် သစ်ပင်ကြီးတွင် ချည်နှောင်ထားရသည်။

ကျုံးတံခါးဝနှင့် ဆက်လျက် တစ်ဖက်လျှင် အရှည် ၁၂၀၀ ပေ မှ ၁၈၀၀ ပေ ထိ မျောတန်း မျောတိုင်များနှင့် လက်တံနှစ်ဖက် သွယ်တန်းထားသည်။ ထိုလက်တံနှစ်ခုသည် ဒီဂရီ ၆၀ အပြင်သို့ ကတော့ပုံကားသွားလေသည်။ ကတော့ပုံသွယ်တန်းထားသော မျောတိုင်များသည် ကျုံးကဲ့သို့ ခိုင်ခန့်ရန်မလိုဘဲ အရန်အတားမျှသာ ဖြစ်သည်။ ဆင်ကျုံးကို ဆင်များမသိ၊ မရိပ်မိအောင် သစ်ခက်သစ်ရွက်များဖြင့် ဖုံးအုပ်ကာ အမှောင်ချထားရသည်။

ဘယ်လက်တံ၊ ညာလက်တံ ခြံစည်းရိုးတစ်လျှောက် ပေ ၃၀၀ စီ အကွာစီတွင် လင့်စင်များ ၂ ခု၊ ၃ ခု တစ်ဖက်တစ်ချက်စီမှာ ပြုလုပ်ထားရသည်။ ထို့နောက် တစ်ဖက်လက်တံ နောက်တစ်ဖက်လက်တံအထိ ကန့်လန့်ဖြတ်၍ သစ်ရွက်၊ သစ်ကိုင်းခြောက်များကို သုံးလေးလံအကွာတွင် တစ်ပုံစီ ပုံထားရသည်။ ထို့နောက် လင့်စင်များ၏အောက် သစ်ပင်များ၏ခြေရင်းတွင် ရေနံဆီအပြည့်ထားသော ဝါးကျည်တောက်များ အသင့်ထောင်ထားရမည်။ ထိုဝါးကျည်တောက်ထိပ်ဝကို ကောက်ရိုးကြိုးလုံးကြီး ကျစ်၍ ထိပ်ဝကို ပိတ်ထားရသည်။

တောဆင်ရိုင်းများ ကျုံးရှိရာသို့ မောင်းသွင်းလာရာတွင် ကျုံးနှင့်တစ်ဆက်တည်း သွယ်တန်းထားသော လက်တံများရှိရာ ကျုံး

ထဲသို့ ဆင်ရိုင်းများ ဝင်လာသည်နှင့် တစ်ပြိုင်နက် လင့်စင်ပေါ်မှ အစောင့်လုပ်သားများဆင်းကာ အသင့်စုပုံထားသော အမှိုက်ပုံများကို ရေနံလောင်း မီးရှို့ပေးရသည်။ ဒါမှ တောဆင်ရိုင်းများ ပြန်မထွက်သွားရအောင် မီးဖြင့် ပိတ်ရသည်။ ဤသည်ကို မီးပိတ်သည်ဟု ခေါ်သည်။

ဆင်ကျုံးတစ်ခုတွင် ပထမ မီးပိတ်၊ ဒုတိယ မီးပိတ် နှစ်ခုစီ ရှိသည်။ သာမန်အားဖြင့် ဆင်ဖမ်းကျုံး၏ အလျားမှာ ပေ ၄၀ မှ ပေ ၆၀ အထိရှိပြီး ကျုံးအဝမှာ ၁၂ ပေ ကျယ်သည်။ ကျုံးနောက်ပိတ်မှာ ၆ ပေသာရှိပြီး ကျုံး၏ကိုယ်ထည်အမြင့်မှာ ၁၂ ပေသာ ရှိသည်။

ကျုံးနံရံ၏တစ်ဖက်တွင် တောဆင်ရိုင်းများ ထုတ်ယူရန် ဆင်တစ်ကောင်သာ ထုတ်နိုင်သော အပေါက်တစ်ခု ဖောက်ထားရသည်။

ဆင်ရိုင်းများကို တစ်ကောင်ချင်းထုတ်ကာ ကျုံး၏တစ်ဖက်တွင် ပုခက်ဟုခေါ်သော သုံးတိုင်စင် ငါးခုမှ ၁၀ ခုထိ အဆင်သင့် လုပ်ထားရသည်။ ပုခက်မှ တြိဂံပုံသဏ္ဌာန်ရှိသည်။ ထိုတြိဂံပုံပုခက်ထဲသို့ တောဆင်ရိုင်းများ ထုတ်ယူပြီး လေ့ကျင့်ပေးရန် ဖြစ်သည်။

တောဆင်ရိုင်းများ မောင်းသွင်းရာတွင် ဆင်ဖမ်းလုပ်သားများကိုယ်တိုင် ထုတ်လုပ်သော ပေထုပ်များဖြင့် ပစ်ဖောက်ကာ မောင်းသွင်းရသည်။ ထိုပေထုပ်များမှာ ဆေးဒခန်းနှင့်ပိုတက်မှုန့်ကို ဆတူသမပြီးလျှင် ကျောက်စရစ်ခဲငယ်များ အနည်းငယ်ရောစပ်ပြီး စက္ကူထူထူနှင့် ကျစ်လျစ်သိပ်သည်းစွာ ထုပ်ငယ်ကလေးများ ထုပ်





ထားရသည်။

အချို့နေရာများတွင် ပေထုပ်အစား ဖျောက်အိုးများကိုလည်း သုံးကြသည်။ ဖျောက်အိုးမှာ မီးရှို့ဖောက်ရသည်။ ပေထုပ်မှာ မာကြောသော သစ်ပင်များ၊ ကျောက်တုံးများကို ပစ်ဖောက်လိုက်လျှင် ဒိုင်းခနဲမြည်သွားလေသည်။

ထိုကဲ့သို့ ဆင်ဖမ်းလုပ်သားများ တောဆင်များ၊ အုပ်စုလိုက် မောင်းသွင်းရာတွင် အားလုံးမဝင်ဘဲ တချို့သာဝင်တတ်သည်။ ထိုအထဲမှ မိမိလိုချင်သော ဆင်များကိုသာရွေးကာလေ့ကျင့်ကြသည်။

ဖထီးတို့မှာလည်း ယခုတစ်ခေါက် ဆင်များ များများမရကြဘဲ ၁၅ ကောင်လောက်သာ ရခဲ့ကြသည်။ ထိုအထဲမှ မိမိတို့ လိုချင်သော၊ ခိုင်း၍ရနိုင်သော ဆင်များကိုသာ ဖမ်းခဲ့ပြီး ကျန်ဆင်များကို ပြန်လွှတ်ပေးလိုက်ကြသည်။

ထိုကဲ့သို့ ဖထီးတို့ လိုချင်သောဆင်ကောင်ရေ ၁၀ ကောင်လောက်နဲ့ မိမိတို့စခန်းရှိရာသို့ ပြန်ခဲ့ကြလေတော့သည်။ ဒီတစ်ခေါက် ဆင်ဖမ်းထွက်ရာ ရက်ပေါင်း ၂၀ ကျော်လောက်ကြာသွားသည်။ ဝိုင်းတွင် ကျန်ခဲ့သော ရာဇာမင်းကိုလည်း စိတ်ပူမိသည်။

■

## အခန်း ( ၂၃ )
## အိပ်မက်ထဲသို့ ရောက်လာသော ဟိုင်းကြီး

ရာဇာမင်းသည် ၄၊ ၅ ရက်လောက်တွင် သူတို့သူငယ်ချင်း အုပ်စု ဆင်သံချိုင်းရှိရာသို့ ထွက်လာခဲ့ကြသည်။ သူတို့အုပ်စု အားလုံး ၆ ယောက်။ လုပ်သားများအဖြစ်ခေါ်ခဲ့သော ရွာမှ လူငယ်နှင့် လူကြီး ၃ ယောက် စုစုပေါင်း ၉ ဦး။ ဆင်သံချိုင်းရှိရာသို့ ဦးတည်လာခဲ့လေသည်။

ရွာမှ သူတို့အုပ်စုကို တောထဲသွားမယ်လို့သာ ထင်ခဲ့ကြသည်။ သူတို့ကလည်း မည်သူ့ကိုမှ ဘာမှမပြောဘဲ ထွက်ခဲ့ကြသည်။ ရာဇာမင်းတို့ တောလမ်းလေးကို ကျော်၍ တောထူထပ်သောနေရာသို့ အရောက်တွင် မမျှော်လင့်သော အသံတစ်ခုကြားလိုက်၍





ရာဇာမင်းက နောက်မှ လိုက်လာသောသူများကို လက်ထောင်ကာ ပြလိုက်၍ သူတို့အားလုံး ငြိမ်သက်စွာရပ်လိုက်သည်။

"ချွတ် ... ချွတ် ... ဖလပ် ... ဖလပ်"

ထိုအသံကို နားစွင့်နေသော ရာဇာမင်းက သူ၏ရှေ့ ပေ ၅၀ လောက်တွင်ဖြစ်၍ သေချာစွာ နားစွင့်နေမိသည်။ ပြီးနောက် သူ၏နောက်တွင်ပါလာသော ဆင်ကြီးကို ...

"ဆင်ကြီး ... မင်း ချုံနားတိုးပြီး သွားကြည့်။ ငါက နောက်ကလိုက်ပြီး အဆင်သင့်လုပ်ထားမယ်။ တစ်ခုခုထွက်လာရင် အဆင်သင့်လက်ဦးမှုရအောင်"

"ဟုတ်ကဲ့ ... ကိုရာဇာ"

ဟုပြောပြီး တောချုံနားသို့ ဆင်ကြီး တောတိုးသွားလေသည်။ သူ အနားသို့တိုးသွားလည်း ချုံထဲမှ အရာမှာ ယခင်လိုပဲ မြည်သံကမပျက်ပါ။ ဆင်ကြီးလည်း ချုံနားသို့ရောက်အတွင် ချုံကို လက်နှစ်ဖက်ဖြင့် အသာလေးဖြကာ ကြည့်လိုက်သောအခါ ...

"ဟင်"

"ဟာ"

ဆင်ကြီးမှာ ဘာပြောရမှန်းမသိအောင် အံ့သြကာဖြင့် ရာဇာဘက်သို့လှည့်ကာ ...

"ကိုရာဇာ ... ချုံထဲမှာ သမင်တစ်ကောင် အသက် ငင်နေတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"သုတ်ကိုင်းမိထားလို့"

ရာဇာမင်းလည်း ဆင်ကြီးပြသော ချုံပုတ်ထဲသို့ ကြည့်လိုက်သောအခါ ဆင်ကြီးပြောတာ ဟုတ်နေသည်။ ဒါနဲ့ ဆင်ကြီးက သမင်လေး၏အဖြစ်ကို မကြည့်ရက်၍ မသေမရှင်ဖြစ်နေတာ မခံစားရလေအောင် ပြုလုပ်ပေးလိုက်သည်။ ပြီးနောက် ၎င်းသမင်လေးကို ထုတ်ကာ သူတို့အတွက် ဟင်းစားရ၍ ပျော်နေကြသည်။

သူတို့အားလုံး တောထဲသို့ဝင်ခဲ့သည်မှာ တစ်နေကုန်တော့မည်။ ဗိုက်ကလည်း ဆာလှပြီ။ တော်သေးသည်။ သမင်တစ်ကောင်ရလိုက်၍ သူတို့အတွက် အဆာပြေဖြစ်သွားသည်။ သမင်သားကို ကင်ကာ စားသောက်ပြီး၍ အချိန်မှာ ညနေစောင်းနေ၍ သူတို့အားလုံး နားဖို့အတွက် နေရာရှာကြသည်။

ရာဇာမင်းက အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်တွေ့၍ ၎င်းသစ်ပင်အောက်တွင် မီးပုံကြီးပုံရန် သူ၏လူများကို ထင်းခြောက်များ ရှာဖွေခိုင်းလေသည်။

သမင်သားစားထား၍ အားလုံး ဗိုက်လေးကာ အိပ်ချင်လာကြသည်။ ကင်းစောင့်နှစ်ယောက် ထားကာ ကျန်လူများ အိပ်ကြသည်။ အချိန်အနည်းငယ်ကြာသောအခါ ...

ရာဇာမင်းက ရုတ်တရက် လန့်နိုးလာသည်။ သူ၏ ရှေ့မြင်ကွင်းတွင် အရိပ်လိုလို၊ အကောင်ကြီးတစ်ကောင်က သူ့ကို လာခေါ်နေသလိုဖြစ်သည်။ ရာဇာမင်းလည်း ထိုလာခေါ်နေသော အကောင်ကြီးကို သေချာစွာကြည့်နေမိသည်။ တဖြည်းဖြည်း အကောင်အထည်ပေါ်လာသည်။ သူ၏နောက်မှ အလင်းရောင်လိုလို၊ မီးခိုးမှိုင်းလိုလို အငွေ့များက ထိုအကောင်ကြီး၏ကိုယ်လုံးကို ထင်ရှား





စေ၍ ရာဇာမင်းလည်း ထိုအကောင်ကြီးကို ကြည့်နေမိသည်။

ဟာ ... ဆင်ကြီးပါလား။ ဒီအချိန်မှာ ဘယ်ကဆင်ကြီးက ပေါ်လာရသလဲ။ ဆင်ကြီးမှာ စွယ်စုံဆင်ကြီးဖြစ်သည်။ တဖြည်းဖြည်း ရုပ်လုံးက ပိုပိုပြီးပေါ်လွင်လာခဲ့သည်။ ညအမှောင်ထဲမှာဆိုတော့ သူ့အနေနဲ့က မသဲကွဲပါ။

ဟင် ... ဒါ ဟိုင်းကြီးပဲ။ ဘယ်ကဘယ်လို ရောက်လာတာလဲ။ ငါလည်း မခေါ်ခဲ့ပါဘူး။ သူ၏အတွေးများက တွေးမဆုံးသေးဘဲ သူ၏အနားသို့ ဟိုင်းကြီးက တိုးလာသည်။ ပြီးနောက် သူ့နားသို့ရောက်သော် နှာမောင်းဖြင့် ရာဇာမင်းကို နမ်းလေသည်။

"ဟိုင်းကြီး ... မင်း ဘယ်လိုရောက်လာတာလဲ။ ငါက အန္တရာယ်များလို့ ထားခဲ့တာ"

ရာဇာမင်းက ပြောလည်းပြော နှာတံလေးကိုလည်း ပွတ်သပ်ပေးနေသည်။ ရာဇာမင်း ပြောနေသောစကားသံကြောင့် အနားတွင် အိပ်နေသော ဖိုးပိန်က ရာဇာမင်းကို နားမလည်သလို ကြည့်နေသည်။ ပြီးနောက် ရာဇာမင်းတစ်ယောက် မှီအိပ်နေသော သစ်ပင်ကို လက်ဖြင့်ပွတ်ကာ ပါးစပ်မှ တတွတ်တွတ်ပြောနေတာ ကြည့်နေမိသည်။

ဖိုးပိန် ရာဇာမင်းနားသို့ ထလာပြီး ...

"ကိုရာဇာ ... ကိုရာဇာ ဘာတွေပြောနေတာလဲ။ အိပ်တော့လေ"

ထိုအခါ ရာဇာမင်းက ဖိုးပိန်ဘက်သို့ လှည့်ကာ ...

"ဒီမှာလေ ဟိုင်းကြီးလိုက်လာလို့။ ချော့နေရတာ"

ထိုအခါ ဖိုးပိန်မှာ ရာဇာမင်းတစ်ယောက် ယောင်ပြီး အိပ်မက်ရတာ ထလုပ်နေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။ ဒါနဲ့ ဖိုးပိန်လည်း ရေဘူးရှိရာသို့ ပြေးလာယူပြီး လက်ထဲသို့ ရေများလောင်းထည့်ကာ ရာဇာမင်း၏ မျက်နှာသို့ ပက်ဖြန်းလိုက်လေသည်။ ထိုအခါ ရာဇာမင်းလည်း ရေနဲ့ထိတွေ့လိုက်ရ၍ လန့်ကာ အိပ်ရာမှ လန့်နိုးလာသကဲ့သို့ ပြုံးပြကာ ဖိုးပိန်ကိုကြည့်လိုက်သည်။ ပြီးနောက် ...

"ငါ ဘာဖြစ်တာလဲ ဖိုးပိန်"

ထိုအခါ ဖိုးပိန်က ရာဇာမင်းကို ကြည့်ကာ ပြောပြလိုက်လေတော့သည်။ ထိုအခါကျမှ ရာဇာမင်းလည်း သူ အိပ်မက်မက်နေတာ သတိရကာ သဘောပေါက်သွားလေသည်။ တကယ်တော့ သူလည်း ဟိုင်းကြီးကို သတိရနေမိသည်။

ယခုလောက်ဆိုရင် ဟိုင်းကြီးလည်း သူ့ကို သတိရနေလိမ့်မည်ဟု သူ သိလိုက်သည်။ ထိုအခါ ဖိုးပိန်က ...

"ကိုရာဇာ ... ပြန်အိပ်တော့။ အချိန်ရှိသေးတယ်။ အိပ်ရေးပျက်ပြီး နေမကောင်းဖြစ်နေဦးမယ်"

ရာဇာမင်းလည်း ဖိုးပိန်ပြောတာ နားလည်သည်ဟု ခေါင်းညိတ်ပြကာ ပြန်အိပ်လေတော့သည်။

■



## အခန်း ( ၂၄ )
## ဟိုင်းကြီးနဲ့ဆင်ဖမ်းအဖွဲ့

နံနက်မိုးလင်းလို့ ရာဇာမင်းတို့ အိပ်ရာမှ ထကြသည်။ သွားဖို့အတွက် ပြင်ဆင်ကြလေသည်။ ထိုအခါ သူတို့ဆီသို့လာနေသော ခြေသံ ကြားလိုက်ရသည်။

"ချွတ် ... ချွတ် ... ချွတ်"

ရာဇာမင်းက ခဏရပ်ကာ နားစွင့်လိုက်သည်။ ထိုသို့ နားစွင့်နေသောအချိန်တွင် ရာဇာမင်း၏ရှေ့ ကိုက် ၁၀၀ လောက်တွင် ဆင်ကြီးတစ်ကောင် သူတို့ရှိရာသို့ ဦးတည်လာနေတာ တွေ့လိုက်ရသည်။ ဆင်ကြီးမှာ တဖြည်းဖြည်း နီးလာသောအခါ ရာဇမင်းမှာ အံ့သြသွားလေသည်။

"ဟင်"

"ဟင် ... ဟိုင်းကြီးပါလား"

ငါ့ရဲ့အိပ်မက်က တကယ်ဖြစ်လာပါလား။ ဟိုင်းကြီးက ဘယ်လို ဘယ်လိုလိုက်လာပါလိမ့်။ ငါကိုယ်တိုင် သေသေချာချာ သံကြိုးတွေနဲ့ ချည်ထားခဲ့တာ။

ရာဇာမင်းမှာတွေးနေစဉ် သူ့နားသို့ ဟိုင်းကြီးရောက်လာသည်။ သူ၏သူငယ်ချင်းများကလည်း အံ့ဩလွန်း၍ မှင်တက်နေမိသည်။ ထိုအခါ အရိုးက ...

"ဟိုင်းကြီး ဘယ်ကဘယ်လို ရောက်လာတာလဲ။ အံ့ဩဖို့ ကောင်းလိုက်တာ"

ဟိုင်းကြီးရောက်လာပြီးမှတော့ သူတို့လည်း ဘာမှလုပ်လို့ရမှာမဟုတ်တဲ့အတွက် သူတို့သွားရာနောက်သို့ ခေါ်သွားမှရတော့မည် မဟုတ်ပါလား။ ထိုအခါ ရာဇာမင်းက ...

"အားလုံး ... လုပ်ကြ။ အဆင်သင့်ဖြစ်ရင် ခရီးစထွက်ရအောင်"

သူတို့အားလုံး ရာဇာမင်းက ရှေ့မှ ဟိုင်းကြီးပေါ်မှစီးလျက် ရှေ့မှဦးဆောင်ကာ သွားနေကြသည်။

သူတို့အားလုံး နေ့တစ်ဝက်ခန့်သွားခဲ့ပြီးနောက် ဟိုင်းကြီးက ရှေ့မှဆက်ပြီး မသွားတော့ဘဲ ရပ်နေသည်။ ထိုအခါ ရှေ့မှ...

"ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း"

"ဝေါ ... ဝေါ"

"ဝူး ... ဝူး ... ဝူး"





သူတို့အားလုံး၏ရှေ့မှ ဆင်များ၏အော်သံများဖြင့် သူတို့ရှိရာသို့ ပြေးလာနေသော အသံကို ကြားလိုက်ရသည်။ သူတို့နှင့် မလှမ်းမကမ်းအရောက်တွင် ရှေ့ဆုံးမှပြေးလာသော ဟိုင်းဆင်ကြီး (စွယ်စုံဆင်ကြီးက) ဆင်ဖြူတော် ဟိုင်းကြီးကို မြင်တွေ့လိုက်ရ၍ သူတို့ဆီလာနေသော လမ်းကြောင်းကို ဘေးသို့လှည့်ကာ ပြေးသွားကြလေသည်။ ထိုစွယ်စုံဆင်ကြီးနောက်မှ ကျန်သောဆင်များကလည်း ဆင်ကြီးနောက် လိုက်သွားကြလေသည်။ ဆင်များအားလုံး ကုန်သွားတော့မှ ရာဇာမင်းတို့မှာ ...

"ဟူး"

"ဟင်း"

အားလုံး သက်ပြင်းများချကာ ...

"ငါတို့တော့ အားလုံးသွားပြီလို့ တွက်ထားတာ။ ကံကောင်းတာပဲ။ ဒါဟာ တို့ရဲ့ဆင်ဖြူတော်ကြောင့်ပဲ။ ကျေးဇူးတင်လိုက်တာ ဟိုင်းကြီးရာ"

ဟုပြောပြီး တစ်ယောက်စီ ဟိုင်းကြီးရှိရာသို့ လာပြီး လက်ဖြင့် ပိုင်းကာပွတ်ကြလေသည်။ ထိုအခါ သံချောင်းက ...

"ဟိုင်းကြီး ရောက်လာလို့ တော်သေးတယ်။ ယခုလို တို့သွားတဲ့လမ်းမှာ ဒီလို အန္တရာယ်မျိုးနဲ့ဆို တစ်ယောက်မှ အသက်ရှင်ကြမှာ မဟုတ်ဘူး"

ဒါနဲ့ ဒီဆင်ကြီးတွေ ဘာကြောင့်ပြေးလာကြတာလဲဆိုတာ သိဖို့လိုတယ်။ ပြီးတော့ ပြေးလာကြတာကလည်း နောက်က တစ်ခုခု ဖြစ်၍ ပြေးတာ။ ကြောက်လန့် ထိတ်လန့်လို့ ပြေးနေကြသည်ဆိုတာ

သိသာလှသည်။

"ဒိုင်း … ဒိုင်း … ဒိုင်း"

"ဟာ"

"ဟင် … ဒါ သေနတ်သံပဲ"

ရာဇာမင်းက အံ့ဩသလို ပြောလိုက်သည်။ ပြီးနောက် ရာဇာမင်းက …

"တို့တွေ ဟိုနားက ချုံပုတ်ထဲမှာ ဆင်ဖြူတော်ကို ပုန်းအောင်းစေပြီး တို့ပါ ခဏနေလိုက်ကြရအောင်"

ဟုပြောကာ ချုံပုတ်ထဲသို့ အားလုံးဝင်ပုန်းကြလေသည်။ သို့သော် ၎င်းလူများက သူတို့ပုန်းနေသော ချုံပုတ်နားသို့ ရောက်လာခဲ့ကြသည်။ သို့သော်လည်း ထိုလူများသည် သူတို့အားလုံးကို မမြင်ကြဘဲ ဆက်ပြီးထွက်သွားတာ အံ့ဩစွာတွေ့လိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ပုန်းနေသော ချုံပုတ်များ ဘယ်လိုမှ လုံခြုံမှုမရှိဘဲ လူဆိုးများထဲမှ တစ်ယောက်မဟုတ် တစ်ယောက်တော့ တွေ့နိုင်တဲ့အနေအထားမှာ ရှိနေတယ်ဆိုတာ ရာဇာမင်း သိသလို အားလုံးကလည်း သိကြသည်။

ယခုတော့ လူဆိုးများအားလုံး ဘာမှမမြင်ဘဲ သူတို့နားမှ ထွက်ခွာသွားကြတာ တွေ့လိုက်ရသည်။

"ဒီတစ်ခါလည်း သွားပြီလို့ ထင်ထားတာ။ သိပ်အံ့ဩဖို့ကောင်းတာပဲ"

ဟု အရိုးက ထမြင်ချက်ပေးလိုက်သည်။ အားလုံးက ထောက်ခံသည်ဟု ခေါင်းညိတ်ကာ ပြုလုပ်ကြလေသည်။ ရာဇာမင်း





ကတော့ ဘာမှမပြောဘဲ ဟိုင်းကြီးကိုကြည့်လိုက်သည်။ ယခုလို လူဆိုးများမမြင်ဘဲ ထွက်ခွာသွားတာ ဒါပါနဲ့ဆို နှစ်ခါရှိခဲ့ပြီ မဟုတ်ပါလား။ ပထမတစ်ခါက ဟိုင်းကြီးနဲ့အတူ ရေဆော့တုန်းကလည်း တစ်ခါ၊ ဆင်ဖမ်းသမားများ သူတို့နားမှ ဖြတ်သွားဖူးသည်။

ယခုလည်း သူတို့နားမှ လူများအားလုံးကို မမြင်ဘဲ ဖြတ်သွားခဲ့ပြန်ပြီ မဟုတ်ပါလား။

ဒါတွေဟာ ဟိုင်းကြီးရဲ့ မထင်ထားတဲ့ ဖုံးကွယ်မှုတစ်ခုပဲ။ ဟိုင်းကြီးဟာ ဘယ်လိုဆင်မျိုးပါလိမ့်။ သူတို့ကို ကူညီဖို့ လိုက်လာတာလား ဟု စိတ်ထဲမှ တွေးလိုက်မိသည်။ လူဆိုးများဟုထင်ရသော လူများသည် ဆင်ခိုးဖမ်းတဲ့ဖွဲ့ဆိုတာ သေချာသည်။ အားလုံး အယောက် နှစ်ဆယ်လောက်ရှိမည်။

ဒီလူတွေ ဆင်တွေကို သေနတ်ပစ်ဖမ်းပြီး ဆင်စွယ်တွေ ခိုးရောင်းတဲ့အဖွဲ့ဆိုတာ သေချာသွားသည်။ ရာဇာမင်းလည်း …

လူဆိုးများ ရှေ့တော်တော်လှမ်းသွားတော့မှ သူတို့အားလုံး ချုံပုတ်ထဲမှ ထွက်လာခဲ့သည်။ လူဆိုးများ သွားရာနဲ့ဆန့်ကျင်ဘက်သို့ ခရီးထွက်ခဲ့လေတော့သည်။

■

## အခန်း ( ၂၉ )
## ဆင်ဆိုးများနဲ့စောဖထီး

စောဖထီးက ဆင်များကို ရှေ့မှာဦးစီးကာ ခေါ်ခဲ့ကြသည်။ သူတို့အဖွဲ့က လူများပေမယ့် ဆင်များကို တစ်ယောက်တစ်ကောင်စီ စီးကာ ပြန်ခဲ့ကြသည်။ လူများနဲ့ဆင်များက ရှေ့နောက်တန်းစီကာ လျှောက်လာနေသည်မှာ ညီညာလျက်ရှိနေသည်။

ထိုအခါ စောဖထီး၏နောက်မှ ကပ်ပြီးလိုက်လာသော ဆင်ဦးစီးက ...

"ဝေး ... ဖထီး ကျွန်တော်တို့ ဒီတစ်ခါ စွယ်စုံဆင်နှစ်ကောင် ရခဲ့တာ ဟန်ကျတာပဲ။ တောခေါင်းလိုချင်တဲ့ စွယ်စုံဆင်တော့ ရပြီ။ ကျွန်တော်တို့လည်း မျက်နှာလှတာပေါ့။ ဒါနဲ့ ဖထီး





တောခေါင်းက စွယ်စုံဆင်ကို ဘာလုပ်ဖို့မှာတာတဲ့လဲ။ သူ့အိမ်မှာလည်း ဆင်စွယ်တွေ အများကြီးပဲ။ ရောင်းတာလည်း မတွေ့ဘူး"

ထိုအခါ စောဖထီးက ...

"ငါလည်း ဘယ်သိမှာလဲဝေး။ သူက လိုချင်တယ်ဆိုလို့ ငါက ရှာပေးရမှာပေါ့"

ဟု စောဖထီးက ပြန်ပြောလိုက်သည်။ ထိုအခါ ရှေ့နားမှ ဆူညံသံတစ်ခုကြားလိုက်သည်။ ထိုဆူညံသံများသည် သူတို့နဲ့ မနီးမဝေးမှလာသော အသံဖြစ်သည်။ ထိုအသံကို စောဖထီးက သိလိုက်သည်။ ဆင်များ သူတို့ဘက်သို့ ပြေးလာနေသောအသံဖြစ်သည်။

"ထူးဆန်းလှချေလား။ ဘယ်သူကများ လိုက်လို့လဲ"

"ဝုန်း ... ဝုန်း ... ဝုန်း"

"ဝူး ... ဝူး ... ဝူး"

ပြေးလွှားသံ၊ အော်ဟစ်သံများ ဆူညံစွာဖြင့် ပြေးလာနေသော ဆင်များကို အဝေးမှပင် လှမ်းမြင်လိုက်ရသည်။

ထိုအခါ စောဖထီးက သူ့ရဲ့အတွေ့အကြုံအရ ဆင်များလာရာလမ်းမှ ရှောင်ဖယ်ကာ တခြားလမ်းသို့ ရွှေးလိုက်သည်။ သူတို့ လမ်းကြောင်းပြောင်းပြီး မကြာခင်မှာပဲ ဆင်များ ရောက်လာကြပြီး သူတို့နှင့် ဆန့်ကျင်ဘက်သို့ ထွက်ခွာသွားကြသည်။

"ဟူး ... တော်ပါသေးရဲ့။ ငါတို့ ကံကောင်းသွားတယ်"

ဖထီးနဲ့ ကျန်သော ဆင်ဦးစီးတို့လည်း သူတို့ ပြောင်းလိုက်သောလမ်းကြောင်းကို ဆက်ပြီး ထွက်လာခဲ့ကြရာ မကြာမီမှာ

ပဲ ရေတံခွန်နားသို့ ရောက်လာခဲ့ကြသည်။

"လှလိုက်တာ ဖထီးရာ။ ကျွန်တော်တို့ တောထဲလာခဲ့တာ အကြိမ်များပြီ။ ဒီရေတံခွန်ဘက်ကို တစ်ခါမှ မရောက်ဖြစ်ခဲ့ဘူး။ ဒီရေတံခွန်ရှိမှန်းလည်း မသိခဲ့ဘူး။ ကျွန်တော်တို့အားလုံး ရေတံခွန်နားမှာ နားကြရအောင်"

ဟုပြောကာ ဆင်ဦးစီးနဲ့ စောဖထီးတို့အုပ်စု ရေတံခွန်နဲ့ အနီးဆုံးနေရာတွင် စခန်းချကာ နားကြလေသည်။ သူတို့အားလုံး ညနေစောင်းဘက်သို့ ရောက်နေတာကတစ်ကြောင်း၊ လမ်းမှာ မှောင်တော့မည်ဖြစ်၍ ဆက်၍သွားလို့မရတော့ပြီမို့ အားလုံးလည်း မောပန်းနွမ်းနယ်နေမှုကြောင့် နားလိုက်ကြလေသည်။

■

## အခန်း (၂၆)
## သားအဖပြန်ဆုံတဲ့နေ့

"သံချောင်း ... သံချောင်းရေ"

"ကိုရာဇာ ... ဘာဖြစ်လို့လဲ။ ရှေ့မှာ ဘာဖြစ်နေတာလဲ"

"ဖုံအလိမ်းလိမ်းနဲ့။ သွားပြီး စောင့်ကြည့်ပါဦး"

သံချောင်းဆိုသော သူကို ရာဇာမင်းက ပြောလိုက်သည်။ သူတို့အားလုံးက ရှေ့သို့ဆက်မသွားဘဲ ရောက်တဲ့နေရာတွင် နားလိုက်ကြသည်။ အားလုံးလည်း သစ်ပင်ကြီးများနောက်တွင် ဝင်ပုန်းကာ ရှေ့သို့သာ စောင့်ကြည့်နေကြသည်။ ထိုအခါ သံချောင်းက ဖိုးဝိန်ကို ခေါ်ပြီး ရှေ့မှထွက်လာခဲ့ကြသည်။ ရှေ့နားသို့တိုးကာ ကပ်ပြီး အခြေအနေကို စောင့်ကြည့်လိုက်သည်။

မြတ်စာပေ

"ဟင်"

"ဟာ"

မြွေကြီးတစ်ကောင်က သူ၏သားကောင်ကို ခဲထားသည်။ ထိုအခါ သားကောင်က အသက်ဘေးမှ ရုန်းကန်ကာ လွတ်မြောက်ဖို့ ကြိုးစားနေသည်။ မြွေကြီးမှာ အကောင်ကြီး၍ သားကောင်က အားအင်ရှိသမျှ ရုန်းကန်နေသော်လည်း အချည်းနှီးသာဖြစ်သည်။

ထိုအခြေအနေကို သံချောင်းက သဘောပေါက် ဖိုးပိန်ကို တိုးတိုးလေးပြောကာ ရာဇာမင်းဆီ ပြန်လှည့်လိုက်သည်။ ပြီးနောက် ရာဇာမင်းတို့ဆီ ရောက်သောအခါ ရာဇာမင်းက မြွေကြီးကို သတ်နိုင်းလေသည်။ သားကောင်ငယ်လေးကိုတော့ သူ မပြောတော့ပါ။

ရာဇာမင်းလည်း သူ၏လူများနှင့် ဆင်ဖြူတော်လေးကို ထားခဲ့ကာ မြွေကြီးတို့နားသို့ လိုက်လာခဲ့လေသည်။ ထိုအချိန်တွင် သားကောင်ငယ်မှာ မြွေကြီးကို အရှုံးပေးဖို့ အခြေအနေသို့ ရောက်နေပြီဖြစ်သည်။

ထိုအခြေအနေကို သိလိုက်သော ရာဇာမင်းက သံချောင်းကို ခေါင်းညိတ်ကာ ပြလိုက်သည်။ ထိုအခါ သံချောင်းက သူ၏ ကျောနောက်မှ ဒူးလေးသေနတ်ကို ထုတ်ကာ မြွေကြီး၏ခေါင်းကို ချိန်လိုက်သည်။ ပြီးနောက် …

"ဝှီး … ဒေါက်"

ဟု အသံနှစ်ခုထွက်သွားပြီးနောက် မြွေကြီး၏ ခေါင်းကို ထိမှန်ကာ လူးလိမ့်နေလေသည်။ ထိုအခါ သားကောင်ငယ်က မြွေကြီး သူ့ကို ခဲထားရာမှ လွတ်မြောက်သွား၍ နေရာမှထကာ ထပြေးသည်။





ပထမ ပြန်ပြီး လဲကျသွားသည်။ ပြီးနောက် ချက်ချင်း ကြောက်ကန်ကန်ကာ ပြန်ထပြီး ထပြေးသည်။ ဒုတိယအခေါက် ထပြေးမှ နောက်သို့ လုံးဝလှည့်မကြည့်ဘဲ တောထဲသို့ ဝင်ပြေးသွားလေတော့သည်။ ထိုအကောင်ကို ရာဇာမင်းက သေသေချာချာကြည့်လိုက်သောအခါ မျောက်ဝံအငယ်စားလေးဖြစ်နေသည်။

မြွေကြီးမှာ ခေါင်းကို မြားထိထား၍ မသေသေးဘဲ လူးလိမ့်နေသေးသည်။ မြွေကြီး၏ပတ်ဝန်းကျင်တွင် ဖုန်များထကာ မြွေကြီး၏ သက်ငင်ရုန်းကန်မှုကို သံချောင်းတို့အားလုံးက ကြည့်နေကြသည်။

ထိုအခါ ဆင်ကြီးက ဓားရှည်တစ်ချောင်းကို ထုတ်ကာ မြွေကြီးနားသို့တိုးလာပြီး ခေါင်းကို ခုတ်လိုက်လေတော့သည်။

"ဒုတ် … ဒုတ်"

ဟူသော နှစ်ချက်ဆက်ပြီးခုတ်လိုက်သောကြောင့် မြွေကြီးမှာ တဖြည်းဖြည်း ငြိမ်သက်သွားလေတော့သည်။

ထိုအခါကျမှ သူတို့အားလုံးလည်း သက်ပြင်းချကာ မြွေကြီးကို ကောက်ယူပြီးနောက် အရိုးက …

"ငါတို့တော့ ဒီနေ့ ညနေစာမြွေသားကင်စားကြရတော့မယ်"

ဟု ရယ်မောကာပြောပြီး မြွေကြီးကို စတင်ခုတ်ထစ်ကိုင်တွယ်ကြလေတော့သည်။ သူတို့အဖွဲ့က ညနေစောင်းရောက်၍ သူတို့အားလုံး နားကြသည်။ မြွေကြီးကို ကင်ဖို့အတွက် မီးဖိုကြသည်။ ထင်းရှာသူက ရှာကြသည်။ ရေခပ်ဖို့ စမ်းချောင်းရှာသူက ရှာကြ

လေသည်။ သူတို့နားနေသော နေရာနဲ့ မလှမ်းမကမ်းတွင် စမ်းချောင်းငယ်လေးတစ်ခု စီးနေသည်။ ထိုစမ်းချောင်းငယ်က ရေတံခွန်ဆီမှ ဖြာထွက်စီးဆင်းလာသော စမ်းချောင်းငယ်လေးတစ်ခု ဖြစ်သည်။

ညနေစာ မြွေသားကင်နဲ့ စားပြီး အားလုံးနားနေလိုက်ကြသည်။

ဟိုင်းကြီးကတော့ ရာဇာမင်းနဲ့ အနီးဆုံးတွင် နေရာတွင်ထားလေသည်။ ညသည် တဖြည်းဖြည်းနက်လာသည်။ ရာဇာမင်းတစ်ယောက် အိပ်မပျော်ဘဲ ပက်ဝန်းကျင်သို့ နားစွင့်နေမိသည်။ သူသည် ဟိုင်းကြီးကို ကျောပေးကာ တစ်ဖက်သို့လှည့်ကာ အိပ်နေသည်။ သူ တစ်ဖက်သို့လှည့်ကာ အိပ်နေပေမယ့် စိတ်ထဲမှာ အလိုလိုသိနေသလို ခံစားရပြီး ဟိုင်းကြီးဘက်သို့ ပြန်လှည့်ကာကြည့်လိုက်သောအခါ …

"ဟင်"

အံ့ဩသောအမူအရာဖြင့် ဟိုင်းကြီးနားတွင် တခြားစွယ်စုံဆင်ကြီးတစ်ကောင်က ရောက်နေတာ တွေ့ရသည်။

"ဟာ … ဒီဆင်ကြီးက ဘယ်ကပါလာတာလဲ။ ငါတို့နဲ့အတူတူ မပါပါဘူး။ ဘယ်ကရောက်လာတာလဲ။ ဟိုင်းကြီးနားကို ဘယ်လိုရောက်နေတာလဲ"

ဟု ရာဇာမင်း အံ့ဩနေသည်။ ထိုအခါ ဟိုင်းကြီးကို ထိုဆင်ကြီးက နှာမောင်းဖြင့် နမ်းနေသည်။ သူတို့၏ဘာသာစကားများဖြင့် ပြောနေကြသလို မြင်တွေ့ရသည်။ ထိုအခါ ဟိုင်းကြီးကလည်း အသံခပ်အုပ်အုပ်လေးဖြင့် …





"ဝူး … ဝူး"

ဟူသော နှာမှုတ်သံကို ကြားလိုက်ရသည်။ ရာဇာမင်းလည်း ဟိုင်းကြီးနဲ့ဆင်ကြီးကို စောင့်ကြည့်နေရင်း သူ၏လူများကို ကြည့်လိုက်သောအခါ အားလုံးအိပ်နေကြသည်။ မီးပုံနားတွင် ထိုင်ငိုက်နေသော ကင်းသမားနှစ်ဦးကလည်း ရာဇာမင်း၏အဖြစ်ကို မသိပါ။ ဟိုင်းကြီးဘက်သို့လည်း လှည့်တောင် မကြည့်ပါ။

ထိုအခါ ရာဇာမင်းက အိပ်ရာကထကာ ဟိုင်းကြီးနားသို့ ထလာခဲ့သည်။ ရာဇာမင်း ထလာသောအခါ ဟိုင်းကြီးနားတွင် ဆင်ကြီး မရှိတော့ပါ။ ပျောက်သွားတာတွေ့ရသည်။

"ဟာ"

ဘယ်ရောက်သွားတာပါလိမ့်။ ခုနက ဆင်ကြီးကို သေချာတွေ့လိုက်ပါလျက် ယခု ဘယ်ရောက်သွားပါလိမ့်။ ဒီဆင်ကြီးကတော့ တကယ့်ဆင်ကြီး အစစ်အမှန်ဟုတ်ရဲ့လား။ ဘာကြောင့်ပျောက်သွားရတာလဲ။ ငါကပဲ ညကြီးမင်းကြီးမှာ ကယောင်ကတမ်းဖြစ်နေရတာလား။ ဆင်းကြီးကကော တကယ့်ဆင်လား။ ဝိညာဉ်ဆင်များလား။

ဟူသော လားပေါင်းများစွာ စိတ်ထဲမှာ ဇဝေဇဝါဖြစ်ကာ မယုံမရဲဖြစ်နေမိသည်။ တခြားလူများကို မေးဖို့ကလည်း အားလုံးက အသီးသီးအိပ်နေကြသည်။ မီးဖိုနားတွင် ကင်းစောင့်သမားနှစ်ဦးကလည်း ငိုက်နေသည်။

ရာဇာမင်း မအိပ်ချင်၍ အိပ်ရာမှထကာ ဟိုင်းကြီးနားသို့ ထလာခဲ့သည်။ ထိုအခါ ဟိုင်းကြီးက …

"ရှူး … ရှူး"

ရာဇာမင်း သူ့နားသို့ရောက်လာ၍ နှုတ်ဆက်ကာ ဝမ်းသာနေသလားလို့ ထင်ရသည်။ ပြီးနောက် ရာဇာမင်းကို နှာမောင်းဖြင့် တို့ကာ နမ်းကာဖြင့် ကျီစယ်နေသယောင် ဟု ထင်ရသည်။ ထိုအခါ ရာဇာမင်းက …

"ဟိုင်းကြီး မင်း မအိပ်သေးဘူးလား။ မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ။ ခုနက ဆင်ကြီးက ဘယ်သူလဲ"

စသည်ဖြင့် ရာဇာမင်းက အဆက်မပြတ်မေးနေသည်။ သို့သော်လည်း ဟိုင်းကြီးက ဘာမှပြန်မပြောပါ။ ပြန်ပြောလို့လည်း ရာဇာမင်းက နားလည်ပါ့မလား။

ရာဇာမင်း ဟိုင်းကြီးကို စကားအများကြီးပြောကာ မိမိအိပ်ရာသို့ ပြန်လာခဲ့လေတော့သည်။

■

## အခန်း ( ၂၅ )
## ရာဇာမင်းနဲ့ဆင်ခိုးအဖွဲ့

"ကိုရာဇာ … ကျွန်တော်တို့ အဆင်သင့်ဖြစ်ပြီ"

အရိုးက ပစ္စည်းများအားလုံး သိမ်းပြီး၍ ခရီးဆက်ရန် အသင့်ဖြစ်တဲ့အကြောင်း ရာဇာကို လာပြောသည်။ ထိုအခါ ရာဇာမင်းသည် ဟိုင်းကြီးပေါ်မှ …

"အားလုံးထွက်ကြမယ်"

ဟု အမိန့်ပေးလိုက်လေတော့သည်။

သူ့တို့အားလုံး ခရီးကို တောက်လျှောက်နှင်လာခဲ့ကြသည်။ အချိန်များစွာ ကြာမြင့်ခဲ့ကြသော်လည်း သူတို့မှာ မောပန်းနွမ်းနယ်

မှ လုံးဝမဖြစ်ပါ။ နေ့ဝက်နီးပါး ခရီးဆက်ခဲ့ကြပြီးနောက် ညနေစောင်းတွင် ရေတံခွန်နှင့်နီးလာသည်။ ထိုအခါ ရေတံခွန်နားတွင် သူတို့ထက် အရင်ရောက်နေသော လူအုပ်စုတချို့ အရင်ရောက်ရှိနေတာ ရာဇာမင်း သတိထားမိသွားသည်။ ထိုအခါ ရာဇာမင်းက …

ဘယ်သူတွေပါလိမ့်။ ဒီရေတံခွန်နားကို သူတို့မှလွဲပြီး မည်သူမှ မသိကြပါ။ ရာဇာမင်း စဉ်းစားမရဖြစ်နေသည်။ ထိုအချိန်တွင် …

"ဝူး … ဝူး … ဝူး"

ဆင်များ၏အော်သံများပါ ကြားလိုက်သည်။ ရာဇာမင်းက သူ၏လူများကို ဆက်ပြီးမသွားစေဘဲ ဆင်များအော်သောဘက်သို့ ကြည့်လိုက်သောအခါ ဆင်များစွာကို တွေ့လိုက်ရသည်။ ထိုအခါ ရာဇာမင်းက …

ဒါဆိုရင် ဒီလူတွေဟာ ဆင်ဖမ်းအဖွဲ့ကများလား။ ဖထီးတို့များ ဖြစ်နေမလားပဲ။ ဒါပေမဲ့ ဖထီးတို့က ဒီရေတံခွန်ဘက်ကို တစ်ခါမှ ဆင်ဖမ်းမထွက်ပါဘူး။

ထိုသို့ တွေးနေစဉ် ရာဇာမင်းက သူ၏သူငယ်ချင်းထဲမှ ဆင်ကြီးကို ခေါ်လိုက်သည်။ ထိုအခါ ဆင်ကြီး အနားသို့ ရောက်လာသည်။

"သူငယ်ချင်း … တို့တွေ ဒီနားမှာ ခဏနားမယ်။ ပြီးရင် ဟိုဆင်ဖမ်းအဖွဲ့နားကို မင်းက အနီးကပ်လေ့လာကြည့်စမ်းပါ။ ဘယ်သူတွေလဲဆိုတာ သိချင်တယ်"

ဟု ရာဇာမင်းက ပြောပြီးနောက် ဆင်ကြီး ရာဇာမင်း





အနားမှ ထွက်သွားသည်။ ရာဇာမင်းတို့ သစ်ပင်အုပ်ဆိုင်းဆိုင်းများရှိရာသို့ နေရာယူပြီးနောက် ဆင်ကြီးကို စောင့်လေသည်။

သိပ်မကြာပါ။ ဆင်ကြီး ပြန်ရောက်လာသည်။

"ရာဇာ … ရာဇာရေ ဟိုဆင်ဖမ်းအဖွဲ့က ဖထီးတို့ပဲ။ ဘယ်လိုလုပ်မလဲ။ တို့ကို ဖထီးတို့တွေ့သွားရင် ကောင်းပါ့မလား။ တို့ရဲ့အကြံအစည်တွေ ပျက်သွားမယ်"

ထိုအခါ ရာဇာမင်းက ခဏစဉ်းစားလိုက်သည်။

"ဆင်သင်္ချိုင်းမှာရှိတဲ့ ဆင်စွယ်တွေကို ဖထီးတို့ပါ သိစေလိုက်ရင် ကောင်းမလား။ ဒါမှမဟုတ် မသိသလိုပဲနေလိုက်ရင် ကောင်းပါ့မလား။ သူတို့တွေ ပြန်ရင် တို့ကို တွေ့သွားရင် ဘယ်လိုဖြေရှင်းမလဲ"

စသည်ဖြင့် ရာဇာမင်း အတွေးအခေါ်များစွာ ခေတ္တစဉ်းစားပြီး တွေဝေနေမိသည်။

ထိုအခါ အနားသို့ သံချောင်းရောက်လာသည်။

"ကိုရာဇာ ဘယ်လိုလုပ်မလဲ"

"အေး … ငါလည်း စဉ်းစားမရအောင်ဖြစ်နေတယ်။ မိုးလည်း ချုပ်ပြီ။ ပြန်ခေါက်ဖို့လည်း မလွယ်ဘူး"

ရာဇာမင်းတို့ စဉ်းစားရကြပ်နေသည်။ ထိုအခါ ဖိုးပိန်က ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့ ဖထီးတို့နဲ့ပူးပေါင်းလိုက်ရင် မကောင်းဘူးလား"

ဖိုးပိန်ဝင်ပြောလိုက်သောစကားကို ရာဇာမင်းနဲ့ သံချောင်း

က ဖိုးပိန်ကို စွေစောင်းကာ ကြည့်လိုက်သည်။ ထို့နောက် သံချောင်းက …

"ငါတို့က ဖထီးတို့နဲ့ရွာကမသိအောင် ထွက်လာခဲ့ကြတာ။ ယခု ပူးပေါင်းမယ်ဆိုတော့ အားလုံး အလိမ်ပေါ်ကုန်မှာပေါ့။ ပြီးတော့ ဆင်သချိုင်းက ဆင်စွယ်တွေကို ရောင်းလို့ရတာ ဘုရားကို လှူဖို့ လုပ်ထားတာ။ ဖထီးတို့ပါ ပါလာရင် တို့တွေရဲ့အကြံအစည်တွေ ပျက်ကုန်မှာပေါ့"

ရာဇာမင်းက ဖိုးပိန်နဲ့သံချောင်းတို့ရဲ့ အကြံအစည်များ ပြောနေတာ နားစွင့်ကာ …

"ဟုတ်တယ် … ဖိုးပိန်။ လူတွေအများကြီးသိဖို့ မဖြစ်ဘူး။ တော်ကြာ ဆင်သချိုင်းက ဆင်စွယ်တွေကို တို့တွေ မရလိုက်ဘဲ လူဆိုးတွေရသွားမယ်"

ထိုအခါ ဖိုးပိန်က …

"အခုက လူဆိုးတွေမဟုတ်ဘူးလေ။ ဖထီးဆိုတာလည်း ကိုရာဇာရဲ့အဖေပဲ"

ဖိုးပိန်လည်း ဘာမှပြန်မပြောဘဲ နေလိုက်သည်။ ရာဇာမင်းကို ကြည့်လိုက်သောအခါ အကြံအစည်တစ်ခုခုကို တွေးနေတာ မြင်လိုက်ကြသည်။ သံချောင်းက ကိုရာဇာကိုကြည့်ပြီး အနားသို့ ရောက်လာခဲ့သည်။

"ကိုရာဇာ ဘာတွေတွေးနေတာလဲ"

"ဖထီးတို့ကို ဘယ်လိုတွေ့ရင်ကောင်းမလဲ။ ဖထီးတို့နားကို ရောက်ရင် ဖထီးတို့မေးလာမယ့်စကားကို ဖြေဖို့ စဉ်းစားနေတာ"





ရာဇာပြောလည်း ဟုတ်တာပဲ။ သူတို့တွေ ရွာကထွက်လာတာ ဖယ်လည်းမသိပါ။ ယခု သူတို့ ဒီရောက်နေတာတွေ့ရင် ဖထီးက မေးတော့မည်။ ထိုအခါ သံချောင်းပါ ရာဇာနဲ့အတူ စဉ်းစားနေမိသည်။

ထိုကဲ့သို့ သံချောင်းနဲ့ရာဇာတို့နားသို့ပ ဆင်ကြီး ရောက်လာပြီး သူတို့ပြောတာ ကြားသမျှကို ဝင်ပြောလိုက်သည်။

"ကိုရာဇာတို့ ဘာမှစိတ်မပူပါနဲ့။ ဖထီးမေးရင် ကျွန်တော်တို့ တောထဲ အမဲပစ်ထွက်ရင်း ဆင်တွေ အော်သံကြားလို့ ဒီနားကို ရောက်လာတယ်လို့ ပြောလိုက်ပေါ့"

ဆင်ကြီးပြောတဲ့စကားကို သံချောင်းက ငြိမ်ကာနားထောင်ပြီး သူပြောသလိုပြောလိုက်ရင်လည်း ရတာပဲဟု စိတ်ထဲမှ ပြောမိသည်။ ဒါပေမဲ့ ရာဇာဆီက ဘယ်လိုပြောလာမလဲဆိုတာ နားထောင်လိုက်သည်။ ထိုအခါ ရာဇာက စဉ်းစားတာရပ်ပြီး မတ်တတ်ရပ်လိုက်သည်။ ထိုအခါ သူတို့နောက်မှ လူအုပ်စုတစ်စုက ရာဇာမင်းတို့နားသို့ရောက်လာပြီး ရှေ့ဆုံးမှ သေနတ်ကိုင်ထားသောလူက …

"ညီလေးတို့ အားလုံးငြိမ်ငြိမ်နေကြ"

ဟုပြောလိုက်သော လူဆီသို့ ရာဇာတို့အဖွဲ့က လှည့်ကြည့်လိုက်ကြသည်။ ရာဇာတို့နားနေသောနေရာနဲ့ သိပ်မကွာသောနေရာမှ သေနတ်ကိုင်ထားသော လူက အမိန့်ပေးလိုက်တာ ရာဇာက လှည့်ကြည့်မိသည်။

ထိုလူကို ရာဇာက မှတ်မိသည်။ တောခေါင်းတို့အိမ်ကို ရောက်တုန်းက တောခေါင်းနားတွင် ရှိနေသောလူများထဲမှ တစ်

ယောက်ဆိုတာ သိလိုက်သည်။ ဒါဆိုရင် ခုနက ဆင်တွေအော်ပြီး ပြေးသွားတာ သူတို့လက်ချက်ပဲဖြစ်မည်ဟု ထင်လိုက်သည်။

"ကဲ … ညီလေးတို့က ဒီတောထဲကို ဘာလာလုပ်တာလဲ"

သေနတ်ကိုင်ထားသောလူက ရာဇာကိုကြည့်ပြီး မေးလိုက်သည်။ ရာဇာက …

"ကျွန်တော်တို့က အမဲပစ်ထွက်လာတာပါ"

ထိုလူက ရာဇာတို့အားလုံးကို တစ်ဦးချင်းလိုက်ပြီးကြည့်သည်။ အားလုံးလူငယ်လေးတွေ ကိုးယောက်ဖြစ်သည်။ ဟိုင်းကြီးက တောအုပ်တစ်ခုနားတွင် ရပ်နေသည်။ သို့သော် ဟိုင်းကြီးကို သူတို့က မမြင်ပါ။ သေနတ်ကိုင်ထားသော လူက ဆက်ပြီး …

"ဘယ်နှရက်ရှိပြီလဲ"

ထိုအခါ သံချောင်းက …

"၂ ရက်ရှိပြီ"

"ဘာတွေရထားပြီလဲ"

ထိုအခါ သံချောင်းက မြွေသားကင်နေသောနေရာသို့ လက်ညှိုးထိုးပြလိုက်သည်။ သံချောင်းထိုးပြသောနေရာသို့ သေနတ်ကိုင်ထားသော လူက လှမ်းကြည့်လိုက်သည်။ သံချောင်းပြောတာ လက်ခံလိုက်သည်။ ပြီးနောက် သေနတ်ကိုင်ထားသောသူက …

"ဒီရေတံခွန်နားကို ဘယ်လိုရောက်လာတာလဲ"

ထိုအခါ ရာဇာက …

"ဆင်တွေပြေးလာတာကြားလို့ ကျွန်တော်တို့လည်း ပြေးရင်း လွှားရင်း ရေတံခွန်နားကို ရောက်လာတာပဲ"





ရာဇာမင်း ဖထီးတို့ကို စိတ်ပူသွားသည်။ သူတို့လိုပဲ ဖထီးတို့ကိုလည်း တွေ့သွားရင် သေနတ်သမားတို့ ဘယ်လိုလုပ်မလဲ ဆိုတာ စဉ်းစားမရဖြစ်မိသည်။

ထိုသို့မေးနေသော သေနတ်သမားနားကို လူတစ်ယောက်ရောက်လာပြီး နားနားသို့ကပ်ကာ …

"ဖိုးဇော် … သူတို့ကို တို့နဲ့အတူ ခေါ်သွားပြီး ဆင်စွယ်တွေထမ်းနိုင်းဖို့ ခေါ်သွားမလား"

ကပ်ပြီးလာပြောသော ကျားကြီးကို ဖိုးဇော်ဆိုသူက သေချာစွာကြည့်ပြီး ခဏ စဉ်းစားလိုက်သည်။ ပြီးနောက် …

"အေး … ကောင်းတယ်။ မင်းပေးတဲ့အကြံမဆိုးဘူး။ ယခု တို့မှာလည်း အင်အားလိုတယ်။ တကယ်လို့သာ ဆင်စွယ်တွေများရင် သူတို့ကို ထမ်းနိုင်းရမယ်"

ကျားကြီးပေးသောအကြံကို ဖိုးဇော်က ထောက်ခံကာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးနောက် ဖိုးဇော်က ရာဇာတို့ဘက်သို့ လှည့်ကာ …

"မင်းတို့အားလုံး တို့နဲ့အတူ လိုက်ခဲ့ရမယ်။ မလိုက်ဘူးဆိုတဲ့လူကို ငါတို့က အပြစ်ပေးခံရမယ်"

"အားလုံးကြားတယ် မဟုတ်လား"

ရာဇာတို့မှာ ဘာမှပြန်ပြောနိုင်ဖို့ အင်အားမရှိတော့တဲ့အတွက် သူတို့ပြောတဲ့စကားကိုသာ နားထောင်ရတော့မယ် မဟုတ်ပါလား။ ဒါပေမဲ့ ဖထီးတို့အတွက် စိတ်ပူမိသည်။

ထိုအခါ ဖိုးဇော်က …

"အားလုံး ရေတံခွန်ထဲဝင်ကြမယ်"

ဟုအမိန့်ပေးလိုက်သောအခါ သူ၏လူများက ရာဇာတို့အဖွဲ့ကို နောက်မှ ဝိတ်ကာ သူတို့လူများက ဦးဆောင်ကာ ခေါ်ခဲ့လေတော့သည်။

ဆင်ခိုးအဖွဲ့ ရာဇာတို့အဖွဲ့ကို ရေတံခွန်၏ဘေးနားမှ ပတ်ကာ ခေါ်ခဲ့ကြသည်။

တော်သေးသည်။ ဖထီးတို့က ရေတံခွန်၏ဘယ်ဘက်တွင် ရှိနေကြသည်။ သူတို့က ညာဘက်မှ ပတ်ပြီး ရေတံခွန်နားသို့ ရောက်လာသည်။ ထိုအခါ ဂူပေါက်ကို ဝင်ရန် ဘယ်လိုဝင်ရမလဲ စဉ်းစားနေသည်။

ထိုအခါ ရာဇာမင်းက သူတို့၏အခြေအနေကို စောင့်ကြည့်နေသည်။ ရေတံခွန်မှ ရေနည်းလာတာ တဖြည်းဖြည်း သိသာလာသည်။

ဖိုးဇော်တို့လည်း ဒီရေတံခွန်အကြောင်း သိထားပုံရသည်။ ရာဇာမင်းကလည်း အချိန်ကိုကြည့်လိုက်သောအခါ ၁၂ နာရီထိုးရန် ၁၅ မိနစ်သာ လိုတော့သည်။

ရေတံခွန်မှ ရေများ အရှိန်လျော့လာသည်။ ရေတံခွန်မှ ရေများကျတာ နည်းလာတာ ဖထီးတို့မှာ အံ့သြစွာ တွေ့လိုက်ရသည်။ ဖထီးက စဉ်းစားမရအောင်ဖြစ်မိသည်။

"ဘာကြောင့် ရေတံခွန်က နည်းသွားရတာလဲ"

ဖထီးတို့အားလုံး ရေတံခွန်ဆီသို့ အားလုံး အာရုံရောက်သွားကာ ရေတံခွန်ကြီး ဘယ်လိုဖြစ်သွားမလဲဆိုတာ စောင့်ကြည့်





နေကြသည်။

ထိုအခါ ရေတံခွန်လည်း ရေကျတာ ပိုပြီးနည်းလာကာ လုံးဝ ရပ်သွားတော့သည်။

"ဟင်"

ရေတံခွန်ဆီမှ ရေ လုံးဝမကျတော့ဘူး။

ဖထီးတို့မှာ အံ့သြနေကြသည်။ ရေတံခွန်က ရေကျတာ ရပ်သွားတာ ဒီတစ်ခါပဲတွေ့ဖူးသေးသည်။ ဆန်းလှချည်လား။ တစ်ခါမှ မတွေ့ဖူးဘူး။ ဒီတစ်ခါ ... ဒီတစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသည်။ အင်း ...

သဘာဝတရားများ အလွန်ဆန်းကြယ်ပါလား။

ဟု စောဖထီးက ညည်းတွားသည်။ ရေတံခွန်ကိုသာ စူးစိုက်ကြည့်နေမိသည်။ တကယ်တော့ ဖထီးတို့ရောက်နေသော နေရာနဲ့ ရေတံခွန်က အလွန်လှမ်းဝေးသည်။

ထိုအခါ စောဖထီးက ရေတံခွန်၏အောက်တည့်တည့်သို့ အာရုံစူးစိုက်လိုက်သည်။ ပြီးနောက် မျက်လုံးကို ပွတ်ကာ ထပ်ပြီး စူးစိုက်ကြည့်လိုက်သည်။

"ဟင် ... ဟုတ်မှဟုတ်ရဲ့လား။ ဘယ်သူတွေပါလိမ့်။ ဒီလို ဒီအချိန်မျိုးမှာ ဘယ်သူတွေက ဘာလာလုပ်ပါလိမ့်"

စောဖထီးတွေးရင်း စဉ်းစားနေမိသည်။ ထိုအခါ ...

"ဖထီး ... ဖထီး ဘာရပ်ကြည့်နေတာလဲ"

ဆင်ဦးတစ်ဦးက စောဖထီးကို လာမေးလိုက်သောကြောင့် စောဖထီးအနောက်သို့လှည့်ကာ ...

"ဟိတ် ... ဖိုးချွား တို့အုပ်စုတွေကို သွားပြောလိုက်။ ငြိမ်ငြိမ်နေကြဖို့။ အသံလည်းမထွက်စေနဲ့။ ရေတံခွန်အောက်မှာ လူတစ်စု ရောက်နေကြတယ်"

ထိုအခါ ဆင်ဦးစီးလည်း စောဖထီးပြောလို့ ရေတံခွန်ဘက်သို့ကြည့်လိုက်လေသည်။ ဖထီးပြောသလို ဟုတ်နေသည်။ လူတစ်စု ရေတံခွန်အောက်သို့ ဝင်ဝင်သွားကြတာ တွေ့လိုက်ရသည်။

"အင်း ... ဘယ်သူတွေပါလိမ့်"

ဆင်ဦးစီးက သိချင်လွန်း၍ ဖထီးကိုမေးလိုက်မိသည်။

"ဖထီး ... ဘယ်သူတွေဖြစ်နိုင်မလဲ"

ထိုအခါ ဖထီးက ...

"ဆင်ခိုးအဖွဲ့ပဲဖြစ်နိုင်တယ်။ သူတို့ရေတံခွန်အောက်နားကို ဝင်သွားကြတယ်။ ဒါဟာ တစ်ခုခုထူးခြားမှုတစ်ခုပဲ။ သူတို့ဆင်စွယ်တွေများ ဒီရေတံခွန်အောက်မှာ ဝှက်ထားကြလားမသိဘူး။

ပြီးတော့ ရေတံခွန်က ရေတွေရပ်သွားတာလည်း ထူးဆန်းနေတယ်။ ဒီလူတွေရောက်လာတဲ့အချိန်နဲ့ ရေတံခွန်ကရေတွေကျတာ ရပ်တာ အချိန်ကိုက်ပဲ။ ဒါဟာ ထူးခြားမှုတစ်ခုပဲ"

ဆင်ဦးစီးလည်း ဖထီးပြောတာတွေကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ကာ ရေတံခွန်ဘက်သို့ ကြည့်နေသည်။ ထိုအခါ ဆင်ဦးစီးက ...

"ဖထီး ... ကျွန်တော်တို့ ရေတံခွန်ကို သွားကြည့်ကြရင် မကောင်းဘူးလား"

"အေး ... ငါလည်းသွားကြည့်ချင်နေတယ်။ ဒီတော့





မင်းက ဒီကလူတွေကို မှာထားခဲ့။ ငါတို့ ဟိုရေတံခွန်ဘက် ခဏသွားလေ့လာဦးမယ်လို့။ ပြီးတော့ မင်းနဲ့ငါနဲ့ သွားလေ့လာရအောင်"

"အင်းပါ ... ငါ သွားပြီးပြောလိုက်ပါ့မယ်"

ဟုပြောပြီး ဆင်ဦးစီး သူတို့၏အဖွဲ့ရှိရာသို့ ထွက်သွားလေတော့သည်။

■

## အခန်း ( ၂၈ )
## ဆင်သချိုင်း၏မာယာ

“ဟိတ်ကောင်တွေ မြန်မြန်ဝင်ကြ။ ရေတံခွန်က ရေတွေ ပြန်မကျခင် တို့တွေ ယူစရာရှိတာတွေ ယူရမှာ”

နောက်မှ သေနတ်ကိုင်တစ်ဦးက လိုက်လာသည်။ ရှေ့မှ ဖော်ကြီးက ဦးဆောင်ကာ ခေါ်ခဲ့ကြသည်။

“ဟာ”

“ဟင်”

“အများကြီးပဲ”

အရိုးက အုံ့ဩကာ မနေနိုင်ဘဲ သူတို့ဝင်ရာလမ်းကြောင်းတွင် ဆင်ရိုးစုနဲ့ ဆင်စွယ်များ တွေ့ရသည်။ ရှေ့သို့ဆက်ကာ လျှောက်





ပြီး ဆင်များ၏အရိုးများစွာ တွေ့ရသည်။ ဆင်စွယ်များကို သူ၏လူများက လိုက်ကောက်ကာ တစ်နေရာတွင် စုပုံထားလေသည်။

ထိုအခါ ဆင်ကြီးက ရာဇာနားတွင်ရှိနေ၍ ဂူနံရံပေါ်သို့ လက်ညှိုးထိုးပြလိုက်လေသည်။ ထိုအခါ ရာဇာမင်းက ဘာလဲကွ ဟူသော မျက်နှာပေးဖြင့် မေးထိုးပြသည်။ အသံတိတ်မေးလိုက်ခြင်းဖြစ်၍ ဆင်ကြီးက ရာဇာမင်းနားသို့ကပ်ကာ …

“ကိုရာဇာ ဂူနံရံမှာ ရွှေရောင်မှုန့်တွေ အများကြီးပဲ။ ဒါ ရွှေမှုန့်တွေ မဟုတ်လား”

“ဖြစ်နိုင်တယ်။ သူတို့တွေ မမြင်ကြဘူး။ သူတို့က ဆင်စွယ်တွေသာ အာရုံထားတာ”

ထိုအခါ …

“ဟိတ်ကောင်တွေ ဘာတွေပြောနေတာလဲ။ ဟိုမှာ သယ်ကြလေ”

ကျားကြီးက သူတို့နှစ်ဦး တိုးတိုး တိုးတိုးပြောနေတာ တွေ့သွား၍ လှမ်းပြီးဟောက်လိုက်သည်။ ကျန်လူများက ဆင်စွယ်များ လိုက်သယ်ကာ အပေါက်ဝတွင် စုထားကြသည်။

သူတို့ ဆင်စွယ်များ တော်တော်ရနေကြသည်။ ထိုအခါ ဖိုးဖော်ဆိုသောသူက ဂူပေါက်ဝတစ်ခုကိုတွေ့၍ အလင်းရောင် ဖြာကျနေတာ တွေ့လိုက်သောကြောင့် ဘယ်က အလင်းရောင်က ဖြာကျနေတာလဲဆိုတာ သိချင်၍ ထိုဂူပေါက်ထဲသို့ ဝင်သွားလေသည်။ ဖိုးဖော် ထိုဂူပေါက်ထဲသို့ တဖြည်းဖြည်းဝင်လာသောအခါ ဒေါင့်ချိုးအကွေ့တွင် ဂူပေါက်လေးတစ်ခု ထပ်တွေ့လိုက်ရသည်။ ထို

အပေါက်နားသို့ ရောက်လာသောအခါ …

"ဟင်"

ဖိုးခော်တစ်ယောက် အံ့အားသင့်ကာ ထိုနေရာမှ မခွာနိုင်ဘဲ ကြည့်နေမိလေသည်။ ပြီးနောက် ထိုဂူပေါက်ထဲသို့ အပေါ်မှအလင်းရောင်တစ်ခုက ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေသည်။

"ဘာဖြစ်တာပါလိမ့်"

သူတစ်ယောက်တည်း ဖြစ်နေ၍ ဆက်ပြီးမလေ့လာတတ်ဘဲ ပြန်ခဲ့လေသည်။ သူ ပြန်ခဲ့ပေမယ့် စိတ်ထဲမှ သိချင်တဲ့စိတ်က ပြင်းပြနေမိသည်။ သူ ပြန်ထွက်လာခဲ့သည်။ သူ၏လူများ ဆင်စွယ်များ သယ်နေကြ၊ ဖြတ်နေကြတာ မပြီးသေးပါ။ ထိုအခါ ကျားကြီးက တခြားဂူပေါက်တစ်ခုထဲသို့ ဝင်သွားသည်။

"ဟင် … ဟာ"

"ဝူး … ဝူး"

"ဝုန်း … ဝုန်း … ဝုန်း"

ဟူသော အသံများ ဖြည်းဖြည်း နီးလာသလို ခံစားရသည်။

ကျားကြီးလည်း နှာမှုတ်သံနှင့် ဝုန်း ဝုန်း ဟူသောအသံကြောင့် ဂူထဲသို့လိုက်ပြီး ကြည့်မိသည်။ ထိုအခါ ကျောက်တုံးလေးများ ပြိုကျလာသောအသံနှင့်အတူ ခေါင်းတစ်လုံး ပေါ်ထွက်လာသည်။ ဂူ၏အမှောင်ရိပ်ကြောင့် မျက်လုံးနှစ်လုံးမှာ နီရဲကာ ပတ္တမြားကြီးနှစ်လုံးအလား ထင်ရသည်။ ထိုအခြင်းအရာကို ကျားကြီးမှာ မှင်တက်ကာကြည့်နေခိုက် …

"ရှူး"





ဟူသော နှာမှုတ်သံနှင့်အတူ အခိုးအငွေ့တန်းလေးတစ်ခု ကျားကြီး၏ မျက်နှာတည့်တည့်သို့ ရောက်လာသည်။ ထိုအခါ ထိုအခိုးအငွေ့ကြောင့် ကျားကြီးမှာ …

"အား … အား"

ဟုသာအော်ကာ ပူစပ်စပ်ဖြစ်သလို ခံစားလိုက်ကာ ထိုင်ချလိုက်သည်။ မျက်လုံးနှစ်လုံးကို ပွတ်ကာ ငိုနေခိုက် ထိုသတ္တဝါကောင်က ဂူပေါက်လေးထဲမှ ထွက်လာခဲ့သည်။ ထိုအကောင်သည် ရှည်မျောမျောတစ်ကောင်လို ဖြစ်နေသည်။ ထိုအကောင်၏ကိုယ်လုံးကို ကျားကြီးက မျက်လုံးပွတ်ရင်း မြင်လိုက်ရသည်။

ဟာ့ … မြွေနဲ့တူလိုက်တာ။ ဒါပေမဲ့ ခေါင်းပိုင်းက ခွေးခေါင်းပုံရှိပြီး ကိုယ်လုံးကတော့ မြွေလိုဖြစ်နေသည်။ တစ်ကိုယ်လုံး မည်းပြောင်ကာ ရှည်လျားစွာတွေ့ရသည်။

ထိုသတ္တဝါကြီးသည် ကျားကြီးနားသို့ကပ်လာပြီးနောက် ကျားကြီးမှာ ထပြေးရန် အလုပ်တွင် ထိုသတ္တဝါကြီးက ပါးစပ်ကြီးဟကာ ကျားကြီးကို ငုံလိုက်လေတော့သည်။

"အား … အား … အား"

ဟူသောအသံရှည်ကြီးဖြင့် ကျားကြီးမှာ ထိုသတ္တဝါကြီး၏ ပါးစပ်အတွင်းသို့ ရောက်သွားလေတော့သည်။ ကျားကြီးမှာ ဆက်ပြီး မအော်နိုင်တော့ဘဲ သတ္တဝါကြီး၏မျိုချခြင်းကိုခံလိုက်ရလေတော့သည်။

❖ ❖ ❖

ထိုအခါ ဖိုးဇော်မှာ အော်သံကြား၍ ကျားကြီးဝင်သွားသော ဂူပေါက်နားသို့ လိုက်လာခဲ့လေသည်။ သို့သော် ကျားကြီးကိုမတွေ့ရဘဲ မြွေကြီးတစ်ကောင်ကို တွေ့လိုက်သည်။ ထိုအချိန်တွင် ဖိုးဇော်က သူ၏လက်တွင်ပါလာသော သေနတ်ဖြင့်ချိန်လိုက်သည်။

ထိုသို့ချိန်လိုက်သောအခါ ထိုမြွေလိုလိုအကောင်က သူ၏ပါးစပ်မှ အခိုးအငွေ့တစ်ခု မှုတ်ထုတ်လိုက်သည်။ ထိုသို့မှုတ်ထုတ်သော အခိုးအငွေ့၏လျှပ်တစ်ပြက်ကြောင့် ဖိုးဇော်က ခေါင်းကိုယိမ်းလိုက်သည်။ သို့သော် အခိုးအငွေ့နည်းနည်းက ထိမိသွား၍ ပူစပ်စပ်ဖြစ်နေခိုက် သေနတ်ဖြင့် ပစ်ထည့်လိုက်သည်။

"ဒိုင်း … ဒိုင်း"

သေနတ်သံနှစ်ချက်ဆက်တိုက် ပစ်လိုက်သောကြောင့် ထိုသတ္တဝါကြီးမှာ ခေါင်းပိုင်းကို ထိမှန်ကာ …

"ဘုန်း"

ဟူသော ခေါင်းတစ်လုံးပြုတ်ကျသံနှင့် ဂူတစ်ခုလုံး ဖုန်များဖြင့် ပြည့်သိပ်သွားတော့သည်။ ဖိုးဇော်မှာ အခိုးအငွေ့ကြောင့် ဂူထဲမှ ထွက်လာခဲ့သည်။ ထိုအခါ …

"ဝေါ … ဝေါ … ဝေါ"

"ဝုန်း … ဝုန်း … ဝုန်း"

ထိုအသံများသည် ဂူထဲမှ မြေပြိုကျသံများ ကျောက်တုံးလေးများ ပြိုကျသံများဖြစ်သည်။ ၎င်းအသံများသည် နားမသွားဘဲ ဆက်ကာ ဆက်ကာ ပြိုကျလာလေသည်။

ဘာဖြစ်တာပါလိမ့် ဘယ်ကအသံတွေလဲ။ ဖိုးဇော်တစ်





ယောက် ဂူနံရံနားသို့ ကပ်လာလိုက်ပြီး နားထောင်နေသည်။ တခြားသူများလည်း နားနဲ့ကပ်ကာ လိုက်ပြီးနားထောင်နေကြသည်။ ထိုအသံမှာ တဖြည်းဖြည်းနီးလာသလို ခံစားရသည်။

ဒါပေမဲ့ ဖိုးဇော်တို့မှာ အသံကိုအာရုံမထားဘဲ ဆင်စွယ်တွေသာ အဓိကထားကာ လောဘကြောင့် လိုက်ကောက်ကာ မပြီးနိုင်ဘဲ ဖြစ်နေသည်။

ထိုအခါ သံချောင်းက ရာဇာနားကပ်ကာ …

"ကိုရာဇာ … သတိတော့ထားနော်။ ဒီအသံက တစ်မျိုးပဲ။ ဂူများတစ်ခုခုဖြစ်မလားပဲ။ ကျွန်တော်တို့ သတိထားရမယ်။ တကယ်လို့ တစ်ခုခုဖြစ်ရင် အဆင်သင့်ဖြစ်အောင် ကျွန်တော်တို့လူတွေကို သတိပေးထားရအောင်"

"အေး … မင်းပဲ နီးစပ်ရာလူတွေကို ပြောထားလိုက်ပေါ့"

သံချောင်းက ခေါင်းညိတ်ကာ သူ့ကိုခိုင်းထားသောအလုပ်မှာ ဆက်ပြီး လုပ်နေလိုက်သည်။

"ဝုန်း … ဝုန်း … ဝုန်း"

"ဝေါ … ဝေါ … ဝေါ"

အသံများမှာ ပိုပြီးစိပ်ကာ ကျယ်လာသည်။

ဂူထဲရှိသူများမှာ လန့်ကာ ဟိုကြည့်ဒီကြည့်ဖြစ်နေကြသည်။ ဆင်စွယ်များမှာလည်း ကောက်လို့မဆုံးဖြစ်နေသည်။ တကယ်တော့ သူတို့တွေက ဆင်သင်္ချိုင်းကို ယခုမှရှာတွေ့ကြသူများဖြစ်၍ သူတို့မှာ ဆင်စွယ်များစွာရလိုက်၍ ဝမ်းသာမဆုံးဖြစ်နေကြသည်။

ထိုအချိန်တွင် ရေတံခွန်မှ ရေများ ကျလာကာ တဖြည်းဖြည်း

များလာသည်။ အချိန်အားဖြင့် တော်တော်ကြာခဲ့ပြီမို့ သူတို့မှာ သတိမထားဘဲ ရှိနေကြသည်။ ထိုသို့ဖြစ်နေစဉ် …

"ဝေါ … ဝေါ"

"ဟင် … ရေသံတွေကြားသလိုပဲ"

ထိုအခါ ဖိုးဇော်က သူ၏လူများကို …

"အားလုံးထွက်ကြ။ အန္တရာယ်ရှိနေပြီ"

ဟူသော အသံကျယ်ကြီးဖြင့် အော်ဟစ်လိုက်သောအခါ ဂူထဲရှိလူများ ထွက်ပြေးရန် စတင်လှုပ်ရှားလာကြသည်။ ထိုအထဲတွင် ရာဇာတို့လူများက အဆင်သင့်ဂူပေါက်နဲ့အနီးဆုံးတွင် နေရာယူထားပြီးသား အဆင်သင့်ဖြစ်နေသည်။ သူတို့အုပ်စုသူငယ်ချင်းလေးယောက် ဂူအပြင်သို့ရောက်ခါနီးလောက်တွင် ဂူထဲမှ ဘယ်ကကျလာမှန်းမသိသော ရေလုံးများနှင့် ဂူပြိုကျသံများ၊ ဂူကြီးမြည်ဟည်းသံများ ဆက်တိုက်ထွက်ပေါ်လာသည်။ ထိုအခါ …

"အမလေးဗျ"

"လုပ်ကြပါဦး"

"ကယ်ကြပါဦး"

ဟူသောအော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာခဲ့လေသည်။ ရာဇာတို့အဖွဲ့မှလည်း လူများက ဂူထဲမှ ထွက်ပြေးရန်လာကြသည်။ တချို့မှာ ဂူနံရံမှ ကျောက်တုံးများ ပြိုကျမှုကြောင့် ဖိမိသူများနဲ့ ရေလုံးကြီးများကျလာမှုကြောင့် ရေလုံးနဲ့ပါသွားလေသည်။ ထိုရေလုံးများက ဂူအပြင်သို့မရောက်မီ ရာဇာတို့၏နောက်မှ လိုက်လာသလို ဖြစ်နေသည်။





ထိုအခါ ရာဇာတို့သူငယ်ချင်းလေးဦးက ဂူပေါက်နားသို့ရောက်ခါနီးတွင် ရောက်နေပြီ။ ဂူ၏ တစ်ဖက်ဂူပေါက်နားသို့ကပ်ကာ ဖယ်ပေးလိုက်လေသည်။ သူတို့ ၄ ဦးက ဂူ၏ဘေးပေါက်နားသို့အရောက် ရေလုံးကြီးကလည်း သူတို့နားသို့အရောက်တွင် ဂူ၏အပြင်သို့ အလုံးလိုက်ပြီး ကျသွားလေသည်။ ထိုရေလုံး၏နောက်မှ ရေများက တရဟောပါသွားပြီး ထိုရေလုံးကြီးများနဲ့အတူ လူများဆင်စွယ်များပါ ပါသွားကြလေတော့သည်။

အချိန်အနည်းငယ်ကြာသောအခါ ရေအလျင်မှာ အရှိန်လျော့လာပြီး ဂူတစ်ခုလုံး တုန်ဟည်းကာ …

"ဝုန်း … ဝုန်း … ဝုန်း"

"ဂလုံး … ဂလုံး"

ဟူသောအသံများက ဆက်လက်ကြားနေရပြီး ဂူတစ်ခုလုံးပြိုကျသံက အဆက်မပြတ်ဖြစ်နေသည်။ ဆင်ခိုးအဖွဲ့မှာလည်း ဘယ်ဆီရောက်လို့ ဘာတွေဖြစ်ကုန်မှန်းမသိတော့ပါ။ ရာဇာတို့ သူငယ်ချင်းငါးဦးမှာလည်း ဂူပေါက်လေးနားတွင် ကပ်ကာ ဖက်တွယ်ထားၡသာ အသက်ချမ်းသာရာရခဲ့ကြသည်။ သူ၏လူများကော ရှိသေးရဲ့လားလို့ စိတ်ပူနေမိသည်။

ဂူတစ်ခုလုံး ကျောက်တုံးများပိတ်ကာ ရေကျ ရေစီးမှာလည်း နည်းသွားလေသည်။ ထိုအချိန်တွင် ရေတံခွန်မှ ရေများမှာ တဖြည်းဖြည်းကျတာ များလာပြီဖြစ်သည်။

သူတို့မှာ ရေတံခွန်မှရေများ မများမီ ဒီကအချိန်မီထွက်ဖို့လိုသည်။ ထိုအချိန်တွင်း မထွက်နိုင်ပါက ရေတံခွန်မှရေများ သူတို့ပါ

ပါသွားနိုင်သည်။

“သံချောင်းရေ … တို့တွေမြန်မြန်ထွက်မှ။ ရေတံခွန်မှ ရေတွေ များလာပြီ”

ဟုပြောကာ ရာဇာက ရေတံခွန်အောက်မှ ပထမဦးဆုံး ဘေးသို့ကပ်ကာ တဖြည်းဖြည်းထွက်ခဲ့လေသည်။ သူ၏နောက်မှ သံချောင်း၊ ဖိုးပိန်၊ အရိုး၊ ဆင်ကြီးတို့က ကပ်ပြီးလိုက်လာခဲ့လေသည်။

ထိုအခါ ဂူထဲမှ ပြိုကျသံများက တဖြည်းဖြည်းလျော့လာကာ နောက်ဆုံး ပြိုကျသံများ မကြားရတော့ပါ။ သူတို့လေးဦးလည်း ဂူ၏နံရံကို ဖက်ကာ တဖြည်းဖြည်း လမ်းကျဉ်းလေးကို အားပြုကာ သတိနဲ့ လျှောက်နေကြသည်။ ရေတံခွန်ရှေ့သို့ရောက်သော် ရာဇာက

“အင်း … လောဘသားတို့ လောဘသားတို့ နောက်ဆုံး တော့ လောဘကြောင့် အသက်ပါပေးလိုက်ရပါလား”

“ဟုတ်တယ် … ကိုရာဇာ”

သံချောင်းက ထောက်ခံကာ ပြောလိုက်သည်။

“ကျွန်တော်တို့တောင် ကံကောင်းလို့။ ဂူနံရံလေးကပ်ကာ နေလိုက်လို့။ မဟုတ်ရင် ကျွန်တော်တို့ပါ သေတာကြာပြီ”

“ဟုတ်တယ်။ တို့ကို ဘုရားကကယ်တာပဲ။ တို့ကလည်း ဒီဆင်စွယ်တွေကို လောဘကြောင့် လာယူတာမှမဟုတ်တာ။ ဘုရားမှာ လျှုမလို့ပါ။ ယခုတော့ တစ်ယောက်မှ မရဘဲ အားလုံးအသက် ပေးလိုက်ရတယ်။ ဒီဆင်သင်္ချိုင်းက ဆင်စွယ်တွေကို ဘုရားကပဲ မပေးတာလား၊ ဒါမှမဟုတ် ဆင်တွေကပဲ ကျိန်စာတိုက်ထားတာ လား မသိဘူးနော်”





“ဖြစ်နိုင်တယ် ကိုရာဇာ”

အရိုးတဲ့သူက ဝင်ပြောလိုက်သည်။ ပြီးနောက် သူပဲဆက်ပြီး …

“ကျွန်တော်တို့နိုင်ငံက ဆင်စွယ်တွေ တခြားနိုင်ငံကို မရောက်စေချင်လို့လား မသိဘူး။ သေသွားတဲ့ဆင်တွေက ကျိန်စာတိုက်ခဲ့တယ်နေမှာ”

“အင်း … ဒါလည်းဖြစ်နိုင်တာပဲ”

ဆင်ကြီးက ဝင်ပြီးပြောလေသည်။ ထိုအခါ ရာဇာက …

“တို့တွေ ပြန်ဖို့လုပ်ကြစို့။ တို့မှာ လူတွေလည်း မရှိတော့ဘူး။ အားလုံး ဂူထဲမှာ ကျန်ခဲ့ကြပြီ။ ရွာရောက်ရင် ဘယ်လိုပြောရမှန်းမသိတော့ဘူး”

ရာဇာတို့ ၅ ဦး ဂူ၏ဘေးနံရံမှကပ်ကာ ထွက်လာခဲ့ကြသည်။ သူတို့လာ‌ေသမ်းတစ်နေရာတွင် ဖထီးက ချုံပုတ်ထဲမှချောင်းနေသည်။ ဖထီးတို့ကလည်း သူတို့သွားနေတဲ့ဘက်မှ လူလျှောက်လာသံကြားလို့ ဖထီးတို့နှစ်ဦး ချုံထဲသို့ ဝင်ပုန်းနေလိုက်ကြသည်။ ရာဇာတို့လည်း လျှောက်လာကြရာ ဖထီးတို့နားသို့ ရောက်လာတော့ …

“ဝေး … ဖိုးခွား။ ဖိုးခွားက ဒီတောထဲ ဘာလာလုပ်တာလဲ။ အိမ်မှာမနေဘဲ နဲ့။ ဘယ်လိုရောက်လာတာလဲ”

ထိုအခါ ရာဇာက ဖထီးကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေတော့သည်။

“ဟုတ်တယ် ဖထီး။ ကျွန်တော်တို့ အမဲပစ်ထွက်လာကြတာ ဆင်ခိုးအဖွဲ့နဲ့တွေ့ပြီး ကျွန်တော်တို့ကို ချောဆွဲသွားတယ်။

ရေတံခွန်ထဲကို ခေါ်သွားပြီး ဆင်စွယ်တွေကို သယ်ခိုင်းတယ်"

"ဟင်"

အံ့ဩသောအမူအရာဖြင့် ဖထီးက ရာဇာတို့ကိုကြည့်လိုက်သည်။ ဟုတ်ပါပြီ။ သူတွေ့လိုက်သော လူရိပ်လိုလို ရေတံခွန်အောက်သို့ ဝင်သွားတာ အဲဒါဆိုရင် သူတွေ့လိုက်တာ ရာဇာတို့ကို ခေါ်သွားတဲ့ ဆင်ခိုးအဖွဲ့တွေပဲဖြစ်မှာ။ ထို့နောက် ဖထီးက ဆက်ပြီး ...

"ယခု သူတို့ဘယ်ရောက်သွားပြီလဲ။ နောက်ကပါလာလား"

"ပါမလာပါဘူး။ သူတို့အားလုံးသေကုန်ကြပြီ"

"ဟာ ... ဘယ်လိုဖြစ်လို့လဲ"

ဖထီးက မယုံနိုင်သလိုဖြစ်ကာ ပြန်မေးလိုက်လေသည်။ ရာဇာကိုလည်း ကြည့်ပြီး ရာဇာဆီမှ ပြောလာမယ့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေမိသည်။ ထိုအခါ ရာဇာက ...

"ဂူတစ်ခုလုံး ပြိုကျလာတယ်။ ပြီးတော့ ဘယ်ကရေတွေ ထွက်လာမှန်းမသိဘဲ ဂူတစ်ခုလုံး ရေတွေပြည့်ကာ အရှိန်နဲ့ ကျလာတယ်။ ကျွန်တော်တို့တောင် ကံကောင်းလို့ ရေတွေနဲ့ပါမသွားတာ"

ထိုအခါ ဖထီးက ရာဇာကို ကရုဏာသက်စွာဖြင့် ရာဇာပြောတာ နားစွင့်နေလိုက်သည်။ ထို့နောက် ဖထီးက ...

"လာ ... ဖိုးခွား။ တို့တွေ ပြန်ကြရအောင်။ ဖထီးတို့လူတွေရှိတဲ့နေရာကို ခေါ်သွားမယ်"

ဟုပြောကာ ဖထီးက သူ၏လူများထားခဲ့သော နေရာသို့ ခေါ်ခဲ့လေသည်။ ထိုအချိန်တွင် ...

"ဝူး ... ဝူး"





"ဟင်"

ရာဇာက အံ့ဩကာ ကြည့်လိုက်ရာ သူတို့လာရာလမ်း၌ သစ်ပင်နားတွင် ဟိုင်းကြီးကို မြင်လိုက်ရသည်။ ဟိုင်းကြီးကိုမြင်မှ သတိရကာ ပြန်ပြီးစဉ်းစားမိသည်။ သူတို့ကို ဆင်ဖမ်းအဖွဲ့တို့ ခေါ်သွားတုန်းက ဟိုင်းကြီးကို မေ့သွားသည်။ ထိုအချိန်က ဟိုင်းကြီးက ဘယ်နားရောက်နေသလဲဆိုတာ သူပြန်ပြီးစဉ်းစားလိုက်သည်။

ထိုအချိန်က သူတို့မှာလည်း ဆင်ခိုးအဖွဲ့က ခေါ်ဆောင်သွား၍ ဟိုင်းကြီးကို သတိမမူခဲ့ပါ။

တကယ်ဆိုရင် သူတို့ကိုခေါ်ခဲ့တုန်းက ဟိုင်းကြီးပါ သူတို့မြင်ရင် ခေါ်ခဲ့မှာပဲ။ ယခုတော့ ဟိုင်းကြီးက အပြင်မှာဆိုတော့ သူတို့မမြင်လို့ပဲဖြစ်မှာ။

ဒါဆိုရင် ဟိုင်းကြီး ဘယ်ရောက်နေတာလဲ။ ဘယ်ကိုသွားနေတာလဲ။ အခု ဘာဖြစ်လို့ သစ်ပင်နားမှာ ရောက်နေရတာလဲ။ တွေးရင်း ...

"ဝူး ... ဝူး"

ဟိုင်းကြီးက ရာဇာနားသို့ရောက်လာပြီး သူ၏နှာမောင်းဖြင့် နှုတ်ဆက်လိုက်သည်။ ထိုအခါ ဖထီးက ...

"ဟင် ... ဟိုင်းကြီးပါပါလာတာလား။ ဘယ်က ဘယ်လို ဒီနားမှာရှိနေရတာလဲ။ ငါတို့လာတုန်းကလည်း မတွေ့ပါလား။ ထူးဆန်းလိုက်တာ"

ထိုအခါ ရာဇာက ...

"မင်း ဘယ်သွားနေတာလဲ ဟိုင်းကြီးရာ"

ဟုပြောပြီး ရာဇာက ဟိုင်းကြီး၏နှာမောင်းကိုကိုင်ကာ ရှေ့သို့ ဆက်ကာလျှောက်နေမိသည်။ ထိုအခါ ဟိုင်းကြီးက သူ၏နှာမောင်းဖြင့် ရာဇာ၏လက်ကိုဆွဲကာ လျှောက်နေသော လမ်းကြောင်းမှ တခြားလမ်းကြောင်းတစ်ခုသို့ ဆွဲခေါ်နေသည်။ ဒါကို ရာဇာက သိလိုက်ကာ ဟိုင်းကြီးခေါ်ရာနောက်သို့ လိုက်ခဲ့သည်။

ဟိုင်းကြီးခေါ်တဲ့ဘက်သို့ အလိုက်သင့်လိုက်လာခဲ့သည်။ ထိုအခါ ရေစီးသံတစ်ခု ကြားလိုက်ရသည်။ ရေစီးသံများက ဆက်တိုက်ဖြစ်ကာ တဖြည်းဖြည်း ပိုပြီးနီးလာသလို ကြားလိုက်ရသည်။

ဟိုင်းကြီး၏နောက်မှ ရာဇာတို့လူတစ်စု ပါလာခဲ့ကြသည်။ ဖထီးကလည်း ဟိုင်းကြီးခေါ်တဲ့ဘက်သို့ သူတို့ပါလိုက်လာခဲ့ကြသည် မဟုတ်ပါလား။

ဟိုင်းကြီးက စမ်းချောင်းလေးတစ်ခုနားသို့ ခေါ်ခဲ့လေသည်။ စမ်းချောင်းနဲ့နီးလာသောအခါ နေ၏အလင်းရောင်ကြောင့် စမ်းချောင်းတစ်ခုလုံး အရောင်များတောက်နေသလို ဖြစ်နေသည်။ တချို့အလင်းရောင်ပွင့်လေးများ မျောနေသလားလို့ ထင်လိုက်ရသည်။ ရာဇာတို့ စမ်းချောင်းနားသို့ကပ်ကာ ကြည့်လိုက်သောအခါ…

"ဟာ … ဆင်စွယ်တွေပါလား"

အံ့သြစွာတွေ့လိုက်ရသည်။ ဆင်စွယ်များမှာ ဟိုတစ်ချောင်းသည်တစ်ချောင်း စမ်းချောင်းအတွင်းမှာ မျောနေတာတွေ့လိုက်ရသည်။ တချို့မှာ ကျောက်တုံးကြား၊ ရေစပ်တွေမှာ တင်ကျန်နေတာ တွေ့လိုက်ရသည်။

ရာဇာတို့မှာ ဆင်စွယ်များကို တွေ့လိုက်ရ၍ လိုက်လံကောက်





ယူပြီး ပုံထားလိုက်ကြသည်။ စမ်းချောင်းတစ်လျှောက် အပေါ်သို့ လျှံတက်ကာ ရသမျှ ရှာဖွေပြီး ဆင်စွယ်များကို သိမ်းဆည်းလိုက်ကြသည်။

ရာဇာမင်းက သဘောပေါက်သည်။ ရေစီးနဲ့ မျောလာသော ဆင်စွယ်များ၊ စမ်းချောင်း၏အရှိန်နည်းသော နေရာတွင် တင်ကျန်နေသော ဆင်စွယ်များကို ကောက်ယူလိုက်သည်။ ရာဇာမင်းတစ်ယောက် ကျောက်တုံးနှစ်ခုကြားတွင် ရေတိမ်တစ်ခု၏ နေရာတွင် အဝါရောင်အလင်းတုံးလေးတစ်ခု ထူးခြားစွာတွေ့လိုက်ရသည်။ ထိုနေရာသို့ ရာဇာမင်းတစ်ယောက် ပြေးသွားကာ ကျောက်တုံးနှစ်ခုကြားတွင် ကန့်လန့်ဖြတ်ကာ တင်ကျန်နေသည်ကို တွေ့ရလေသည်။

ထိုနေရာသို့ရောက်ပြီး ရာဇာမင်း ယူကြည့်လိုက်သောအခါ ညိုညက်ညက်လေးဖြစ်ပြီးရှိနေတာ ကောက်ယူမိလေသည်။ ရာဇာမင်းလည်း ထိုကြေးဝါတုံးလေးကို သေချာစွာကြည့်လိုက်ပြီး လက် နှစ်ဖက်ဖြင့် ဟိုဖှည့် ဒီလှည့်လုပ်ကြည့်သည်။ သို့သော် ထိပ်ဘက်တွင် အရောင်များပေါ်နေ၍ ကြည့်မိသည်။ သို့သော်လည်း ဒါနဲ့ ရာဇာမင်းလည်း ထိုကြေးဝါတုံးလေးကို အိတ်ထဲသို့ထည့်လိုက်သည်။

ပြီးနောက် ဆင်စွယ်ရိုးများကို ဆက်ပြီးလိုက်ကောက်နေလိုက်သည်။ စမ်းချောင်းတစ်လျှောက် ဆင်စွယ်များ မရှိတော့မှ စမ်းချောင်းပေါ်သို့ တက်လိုက်သည်။ သူတို့အားလုံး ဆင်စွယ်များ လိုက်ကောက်တာ မျော်သလိုတော့ ဖြစ်မိသည်။ ပြီးတော့ ဝမ်းသာအားရလည်း ဖြစ်မိသည်။ မိမိတို့ ရည်ရွယ်ချက်လေး ထမြောက်အောင်မြင်တော့မှာမို့ ဝမ်းသာပီတိဖြစ်မိသည်။

"ဝေး … ဖိုးခွားလေး လာတော့။ ဒီမှာ ဆင်စွယ်တွေ ကုန်သလောက်ရှိနေပြီ။ ဒီဆင်စွယ်တွေ တို့နဲ့ထိုက်လို့ရတာပဲ"

ဖထီးက ဆင်စွယ်များမြင်ပြီး ဝမ်းသာပီတိဖြစ်လျက် ပြောလိုက်သည်။ ပြီးနောက် ဖထီးက ဆက်ပြီး …

"တို့ ဒီဆင်စွယ်တွေ ဘယ်လိုလုပ်ကြမလဲ"

ထိုအခါ ရာဇာမင်းက ဘုရှ၏ရည်ရွယ်ချက်အတိုင်း ပြောလိုက်သည်။

"ဖထီး ဒီဆင်စွယ်တွေက ဘုရားပိုင်ပစ္စည်းတွေဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒီတောထဲလာရတဲ့အကြောင်းကလည်း ဒီဆင်စွယ်တွေရှိတဲ့ ဆင်သင်္ချိုင်းကို လာရှာတာပဲ။ ဖထီးကို မပြောခဲ့လို့ လိမ်ခဲ့တာပါ။ ယခုတော့ ဆင်စွယ်တွေရပြီဆိုတော့ ကျွန်တော်တို့အကြောင်း မလိမ်ချင်တော့ဘူး။

တကယ်တော့ ကျွန်တော်တို့ ဒီဆင်စွယ်တွေရရင် ဘုရားမှာ လှူဖို့ ဆုံးဖြတ်ထားတယ်။ ဆင်ခိုးအဖွဲ့တို့က ကျွန်တော့်ဆီက ဆင်သင်္ချိုင်းရှိတဲ့နေရာဖော်ပြတဲ့ မြေပုံရသွားတယ်။ ကျွန်တော့်မှာက မိတ္တူတစ်ခု ကူးရေးထားလို့ ကျွန်တော်လာခဲ့တာပါ။ ဒီရောက်တော့ သူတို့နဲ့ ဆုံခဲ့တာပဲ။

ပြီးတော့ ဖထီးတို့နဲ့လည်း တွေ့တယ်။ ဖထီးတို့ဆီကိုလာပြီး ပြောမလို့လုပ်နေတုန်း ဆင်ဖမ်းအဖွဲ့ ကျွန်တော်တို့ကို အရင်တွေ့သွားပြီး ချောဆွဲသွားတယ်။

ဖထီးတို့ပါ တွေ့သွားမှာ ကျွန်တော်တို့စိုးရိမ်မိတယ်။ ဒါပေမဲ့ သူတို့က ဆင်သင်္ချိုင်းရှိရာကိုသာ မဲနေတော့ ဖထီးတို့ဆီကို အာရုံ



မရဘဲဖြစ်သွားတယ်။ ဒါကြောင့် ဒီဆင်စွယ်တွေကို ဘုရားမှာ သွားလှူကြမယ်လို့ ကျွန်တော်တို့အားလုံး သစ္စာပြုကြရအောင် ဖထီး"

"အေးပါ … ငါလည်း ကုသိုလ်ယူရတာပေါ့။ ဒီဆင်စွယ်တွေဟာ ရှေးဟောင်းပစ္စည်းတွေပဲ။ နှစ်ပေါင်းဘယ်လောက်ကြာမှန်းတောင် မသိဘူး။ အားလုံး အရောင်တောင်မလွင့်ဘဲ ရှိနေတာက ထူးခြားတာပဲ"

"ဒီထက်ထူးခြားတာက ဒီဟိုင်းကြီး ဆင်ဖြူတော်လေးပဲ ဖထီး"

ရာဇာမင်းက ဝင်ပြောလိုက်သောအခါ ဖထီးက ဟိုင်းကြီးကို သတိရကာ လိုက်ရှာနေမိသည်။ ရာဇာမင်းပါ ဟိုင်းကြီးကို လိုက်ကြည့်သည်။ သို့သော် ဟိုင်းကြီးမှာ ပျောက်နေသည်။ ကျန်သောသူငယ်ချင်းများကလည်း သူတို့လည်း သတိမထားမိ၍ ဟိုင်းကြီးကို လိုက်ရှာနေမိသည်။ သို့သော်လည်း ဟိုင်းကြီးမှာ လုံးဝပျောက်နေသည်။ ရာဇာမင်းတို့ ဆင်စွယ်များကို အားလုံးစုက ဆင်များဖြင့် သယ်ယူခဲ့ကြလေတော့သည်။

■

## အခန်း ( ၂၉ )
## အပြန်လမ်းနှင့်ပီတိရွှမ်း

ဖထီးတို့ ဆင်ဖမ်းအဖွဲ့လူများနဲ့ ရာဇာတို့ တစ်ပါတည်း အပြန်လမ်းတွင် ပီတိများလွှမ်းနေကြသည်။ ဆင်စွယ်များကို ဖထီးတို့ ဆင်များပေါ်တွင် တင်ကာ ရွာသို့ပြန်ခဲ့ကြလေသည်။ သူတို့ ပြန်ကြရာ လမ်း၏တစ်နေရာမှ ဟိုင်းကြီးက သစ်ပင်၏အကွယ်က လှမ်းကြည့်နေသည်။

ထိုအခါ ဖထီးတို့ဖမ်းလာသော ဆင်တစ်စီးက မြင်လိုက်၍

"ဝူး ... ဝူး ... ဝူး"

ဟုအော်ကာ နှုတ်ဆက်လိုက်သည်။ ထိုသို့နှုတ်ဆက်လိုက်တာ မည်သူကမှ သတိမထားမိပါ။ သူတို့အားလုံး ရွာနားသို့ ရောက်





လာကြလေသည်။ ထိုသို့ ဆင်များအော်သံကြောင့်လား လူများ၏ စကားသံကြောင့်လား၊ ဒါမှမဟုတ် တစ်ဦးဦးကမြင်လို့ပဲလားမသိပါ။ ရွာထဲမှလူများက ရွာထိပ်မှရွာဝင်လမ်းတစ်လျှောက်ကြိုဆိုနေကြသည်။

ဖထီးတို့ဆင်ဖမ်းအဖွဲ့များ ရွာထဲသို့ စဝင်တဲ့လမ်းသို့ ဦးတည်ကာ ဝင်လာခဲ့ကြသည်။ ထိုရွာသားများထဲမှ ရာဇာတို့၏ သူငယ်ချင်း ဖောင်ရိုးက ဟိုင်းကြီးနဲ့တွဲလျက် ကြိုဆိုနေတာ အဝေးကပင် ရာဇာက လှမ်းမြင်လိုက်သည်။ ရာဇာက ဟိုင်းကြီးကို ဖောင်ရိုးနဲ့တွဲလျက် မြင်လိုက်ရ၍ အံ့သြသွားသည်။ ပြီးတော့ ဟိုင်းကြီးကိုလည်း မယုံနိုင်လောက်အောင် ဖြစ်မိသည်။ သူတို့ကိုယ်တိုင် တောထဲမှာ တွဲလျက်တွေ့ခဲ့ပါလျက်နှင့် ယခု ရွာထဲမှာရှိနေသည်။

ရာဇာတစ်ယောက် ဘယ်လိုမှ နားမလည်သလိုဖြစ်မိသည်။ သူ့ရင်ထဲမှာ အံ့သြမှုများနဲ့ ဟိုင်းကြီးကို ကြည့်နေမိသည်။

* တောထဲမှာတွေ့ခဲ့တဲ့ ဟိုင်းကြီးဟာ ယခုရွာထဲမှာရှိတဲ့ ဟိုင်းကြီးမှ ဟုတ်ရဲ့လား။

* သူတောထဲမှာ အိပ်မက်မက်တုန်းက လာတွေ့တဲ့ စွယ်စုံဆင်ကြီးက ဟိုင်းကြီးယောင်ဆောင်ပြီး သူ့ကိုလာခေါ်ပြတာလား ... ဒါမှမဟုတ်

* သူတို့ ဂူထဲမှထွက်လာပြီး အပြန်လမ်းမှာ ဟိုင်းကြီးကသာ ဆင်စွယ်များ မျှောနေတဲ့စမ်းချောင်းဘက်သို့ ခေါ်မသွားရင် သူတို့ ဆင်စွယ်တွေ ရခဲ့ကြမှာမဟုတ်ဘူး။ ဟိုင်းကြီး သူတို့ လမ်းကြောင်းပြခဲ့လို့သာ ဆင်စွယ်များ ပြန်ရခဲ့ကြသည် မဟုတ်ပါလား။

ဒီလိုဆိုရင် ဟိုင်းကြီးက သူတို့ကို လမ်းတစ်လျှောက် စောင့်ရှောက်ပြီး လမ်းပြခဲ့တာဟာ သူတို့ကို ဆင်စွယ်တွေပေးပြီး ဘုရားမှာ လှူနိုင်းတာနဲ့တူပါတယ်။

ရွာထဲသို့ဝင်လာ၍ ရာဇာမင်းအတွေးများဖြတ်လိုက်သည်။ ထိုအခါ ဟိုင်းကြီးက ရာဇာကို တွေ့သွားပြီး …

"ဝူး … ဝူး … ဝူး"

ဟုအော်ဟစ်ကာ သူ၏နှာမောင်းကို အပေါ်သို့ထောင်ကာ ရာဇာကို နှုတ်ဆက်လိုက်သည်။ ထိုအခါ ရာဇာကလည်း လက်ထောင်ကာ ဟိုင်းကြီးကို နှုတ်ဆက်လိုက်သည်။ တကယ်တော့ ရာဇာက ဆင်ဦးစီး၏နောက်တွင်ထိုင်ကာ လိုက်ပါလာ၍ ဆင်ပေါ်မှသာ လက်ပြနှုတ်ဆက်လိုက်ရသည်။

သူသာ အောက်မှာရှိနေရင် ဟိုင်းကြီးနားသို့သွားကာ ဟိုင်းကြီးကို နှာမောင်းကိုင်ကာ နှုတ်ဆက်မိမှာအမှန်ပါ။ ရွာသားများသည် ဆင်များပေါ်မှ ပါလာသော ဆင်စွယ်များကိုတွေ့သွား၍ အားလုံးက အံ့အားသင့်နေကြသည်။ ဆင်စွယ်တွေ ဒီလောက်အများကြီး ဘယ်က ရခဲ့တာလဲဟု တစ်ယောက်တစ်မျိုး တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မေးနေ ပြောနေကြသည်။

ရွာထဲရောက်မှပဲ ဖထီးတို့ကိုမေးတော့မည်ဟု တချို့ကလည်း အားခဲထားကြသည်။ ဖထီးတို့အားလုံး ဆင်ကျုံးနားသို့ရောက်သော် ဆင်များကို ကျုံးထဲသို့ မသွင်းမီ ဆင်စွယ်များ ချထားလိုက်ကြသည်။ ဆင်စွယ်များအားလုံး ချပြီးသွား၍ ဆင်များကို ကျုံးထဲသို့မောင်းသွင်းထားလိုက်ကြသည်။

မြတ်စာပေ



ဆင်များအားလုံး ကျုံးထဲသို့ရောက်ပြီးနောက် ဖထီးတို့လူတစ်စုအားလုံး ကိုယ့်အိမ်သို့ ကိုယ်ပြန်ခဲ့ကြလေသည်။ ဆင်စွယ်များကိုတော့ ရွာလူကြီး၏အိမ်အောက်တွင်ထားကာ အိမ်သို့ပြန်ခဲ့ကြလေသည်။

ရွာလူကြီးကလည်း ဆင်စွယ်တွေကိစ္စမေးချင်ပေမယ့် ဖထီးတို့က ပင်ပန်းလာကြ၍ နောက်မှပဲအေးအေးဆေးဆေးမေးတော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။ ရွာလူကြီး၏ အိမ်ရှေ့တွင် ရွာသူ ရွာသားများကလည်း ဆင်စွယ်အများကြီးပါလာ၍ အံ့သြကာ သိချင်နေကြ၍ မေးချင်နေကြသည်။ ထိုအခါ ရွာလူကြီးက …

"အားလုံး ရွာသူရွာသားတို့ နောက်ရက်ကျမှပဲ အားလုံးကို ပြောပြမယ်။ အခုတော့ ပြန်လိုက်ကြတော့"

ဟု ရွာလူကြီးက ပြောလိုက်၍ ရွာသားများလည်း အလျှိုလျှိုပြန်ခဲ့ကြတော့သည်။

■

## အခန်း ( ၃၀ )
## နိဂုံးမဟုတ်သော နိဂုံး

ရာဇာမင်း အိမ်သို့ရောက်ပြီးနောက် အိတ်ထဲတွင် ထည့်လာသော ကြေးဝါတုံးလေးကို အိတ်ထဲမှထုတ်ကြည့်လိုက်သည်။ ပြီးနောက် ကျောက်တုံးလေးပေးတွင်တင်ကာ တိုက်ကြည့်လိုက်သည်။ ထိုအခါ ကြေးဝါတုံးလေးသည် ပွတ်တိုက်မှုကြောင့် အရောင်လေး ထွက်လာသည်။ ရွှေရောင်အဆင်းရှိသော အရောင်ဖြစ်နေတာ တွေ့လိုက်ရသည်။

ဟင် … ဒါ ရွှေတုံးများဖြစ်နေမလားပဲ။ ဖထီးလာမှ ပြကြည့်ရမယ်။ ရွှေတုံးဖြစ်နေရင်တော့ ငါတို့တော့ ချမ်းသာပြီ။ နောက်ထပ်များ ရှိချင်ရှိနေဦးမယ်။ ဒါဆိုရင်တော့ …





ဟု စိတ်ထဲမှ အိပ်မက်များစွာ မက်ကာ စိတ်ကူးယဉ်နေမိသည်။ ထိုအခါ …

"ဖိုးခွားရေ … ဖိုးခွား … ရောက်ပြီလား"

"ဟုတ်ကဲ့ ဖထီး။ ရောက်ပြီ"

ဖထီးက ဖိုးခွားရှိရာသို့ အိမ်ထဲသို့ဝင်လာခဲ့သည်။ ဖထီးတို့ အသံကြား၍ နန်းမုံလည်း ရာဇာမင်းအိမ်ဘက်သို့ ထွက်လာခဲ့လေသည်။ ဖထီးက ရာဇာမင်းနားသို့ရောက်သော် …

"ဖိုးခွား … ဘယ်ရောက်သွားတာလဲ။ ဒေး … ငါက လိုက်ရှာနေတာ"

"ကျွန်တော် ဟိုင်းကြီးနဲ့အတူ ပြန်ခဲ့တာပါ။ ဖထီးကို ဆင်တွေနဲ့ အလုပ်ရှုပ်နေလို့ မပြောခဲ့တာပါ"

သူတို့သားအဖ စကားပြောနေကြချိန်တွင် အနားသို့ နန်းမုံ ရောက်လာသည်။

"ကိုရာဇာ … ကိုရာဇာ ဘယ်တုန်းကပြန်ရောက်တာလဲ"

"အခုပဲ နန်းမုံ"

ထိုအချိန်တွင် ဖထီးက နန်းမုံရောက်လာ၍ ရာဇာနားမှ ထွက်လာခဲ့လေသည်။ ထိုအခါ နန်းမုံကဆက်ပြီး …

"ဒါနဲ့ ကိုရာဇာတို့ ဆင်စွယ်တွေအများကြီးရလာခဲ့တယ်လို့ ရွာထဲမှာ ပြောနေကြတယ်။ ဘယ်ကရလာတာလဲဟင်"

"ဆင်သင်္ချိုင်းကပါ"

"ဟင် … ဟုတ်လား။ ဆင်သင်္ချိုင်းရှိတဲ့နေရာထိ ရောက်သွားတာလား"

"အင်း"

ရာဇာမင်းက အင်းတစ်လုံးသာပြောကာ ရပ်လိုက်သည်။ ထိုအခါ နန်းမှုံက ဆက်ပြီး …

"အဝေးကြီးသွားရမှာပဲနော်။ နန်းကြားဖူးတာက ဆင်သင်္ချိုင်းဆိုတာ တွေ့ဖို့ဆိုတာ မလွယ်ဘူးတဲ့။ ဟုတ်လားဟင်"

နန်းမှုံ မေးလာသောစကားကို ရာဇာကပြန်ဖြေလိုက်သည်။

"ဟုတ်တာပေါ့။ ဆင်သင်္ချိုင်းဆိုတာ တွေ့ဖို့ မလွယ်ဘူး။ ဆင်တွေဟာ သူတို့သေတော့မယ်ဆိုတာသိရင် ဆင်သင်္ချိုင်းရှိရာကို သွားပြီး သွားသေကြတယ်။ သူတို့သွားရင်လည်း ဘယ်သူမှမသိအောင် သွားတတ်ကြတယ်"

"ဟင် … ဟုတ်လား။ ထူးဆန်းတယ်နော်။ ကိုရာဇာတို့က ဘယ်လိုရောက်သွားတာလဲဟင်"

အင်း … မိန်းမတို့သဘာဝ စပ်စုလာတာ ရာဇာအပြစ်မမြင်ပါ။ ဒါပေမဲ့ သူမှာ ဘယ်လိုကစပြီးပြောရမှန်းမသိဘဲ ခဏငြိမ်နေလိုက်သည်။ ပြီးနောက် သူတို့တောထဲသို့သွားရင်း ဆင်ဖမ်းအဖွဲ့တို့ ချောဆွဲရာကစပြီး ယခု ပြန်လာတဲ့အထိ နန်းမှုံကို ပြောပြလိုက်ရသည်။ ထိုအခါ နန်းမှုံ …

"ဟင် … ကိုရာဇာတို့ ဆင်စွယ်ရခဲ့တာ သိပ်ကံကောင်းတာပေါ့။ ဘုရားကလည်း ကိုရာဇာတို့လက်ထဲရောက်အောင် ပို့ပေးလိုက်တာပဲနော်"

ရာဇာမင်း ဟိုင်းကြီးကိုကြည့်လိုက်သည်။ ဟိုင်းကြီးက သူ့ကိုလှမ်းကြည့်နေတာတွေ့လိုက်ရသည်။ ဒါနဲ့ သူလည်း အိမ်ပေါ်





တွင် ငှက်ပျောဖီးမှ ငှက်ပျောသီးနှစ်လုံး သုံးလုံးယူပြီး ဟိုင်းကြီးဆီသို့ လာခဲ့လေသည်။ နန်းမှုံလည်း နောက်မှလိုက်လာခဲ့သည်။ ဟိုင်းကြီးရှိရာသို့ နှစ်ဦးစလုံးရောက်လာတော့ ဟိုင်းကြီးက သူတို့နှစ်ဦးစလုံးကို နှာမောင်းဖြင့် လှမ်းကာ နှုတ်ဆက်လိုက်သည်။ ထိုအခါ နန်းမှုံက

"ဟိုင်း … နေကောင်းလား"

ဟုပြောကာ ဟိုင်းကြီး၏နှာမောင်းကို ပွတ်ပေးလိုက်သည်။ ထိုအခါ ဟိုင်းကြီးက …

"ဗူး … ဗူး … ဗူး"

ဟုအော်ကာ အသံပြုလိုက်သည်။ ပြီးနောက် နန်းမှုံက …

"ကိုရာဇာ … နန်း ပြန်ဦးမယ်။ နောက်မှပဲလာခဲ့မယ်။ ကိုရာဇာလည်း နန်းဆီ လာပါဦး"

- "အင်း … လာခဲ့ပါ့မယ်"

ရှက်စနိုးအမူအရာလေးဖြင့် ရာဇာကိုကြည့်ကာ နန်းမှုံ ရာဇာတို့အိမ်ဝင်းထဲမှ ထွက်လာခဲ့လေတော့သည်။

■

## အခန်း ( ၃၁ )
## ပီတိလွှမ်းသောနေ့

ရာဇာမင်း အိပ်မပျော်ဘဲ အတွေးများဖြင့် တွေးနေစဉ် အနောက်ဘက်မှ ခြေသံကြားလိုက်သည်။ တကယ်တော့ ရာဇာမင်းက အိမ်ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင်လှဲကာ စဉ်းစားနေသည်။ သူ စဉ်းစားနေတာကလည်း စမ်းချောင်းထဲမှရခဲ့သော ရွှေတုံးလေးက သူ့အဖို့ စဉ်းစားစရာဖြစ်နေသည်။ ဒီစမ်းချောင်းမှာ ထိုရွှေတုံးလေးတွေ အများကြီးရှိနိုင်သလားဆိုတာ တွေးနေမိသည်။

တကယ်လို့သာ ထိုရွှေတုံးတွေမရှိရင်တောင်မှ ရွှေမှုန်များတော့ ရှိနိုင်သည်။ သူတို့ရောက်ခဲ့သော ဂူကလည်း ရှေးဟောင်းဂူ





တစ်ခုသာဆိုတာ ငြင်းလို့မရပါ။ နှစ်ပေါင်းဘယ်လောက်ကြာပြီလဲ ဆိုတာ သူ့အနေနဲ့ မခန့်မှန်းနိုင်ပါ။ စမ်းချောင်းလေး၏ ကျောက်တုံးနှစ်တုံးကြား ရွှေတုံးလေးကကော ဘယ်လောက်ကြာကြာ စုဝေးပြီး ယခုလို ရွှေတုံးရွှေခဲလေးဖြစ်နေတယ်ဆိုတာ သူ စဉ်းစားမရဖြစ်နေသည်။ ထိုအချိန်တွင် ...

"ကိုရာဇာ ... ကိုရာဇာ"

ကွပ်ပျစ်လေးပေါ်တွင် လဲလျောင်းကာ တွေးနေသော ရာဇာမင်းဆီသို့ လူငယ်တစ်သိုက် ရောက်လာကြသည်။ ထိုလူငယ်လေးများကတော့ သူ၏သူငယ်ချင်းများဖြစ်ကြသည်။

"ကိုရာဇာ မအိပ်သေးဘူးလား"

"ဟုတ်တယ်။ အိပ်မပျော်လို့ စဉ်းစားနေတာ"

"ဘာတွေများ စဉ်းစားနေတာလဲ"

ဖိုးပိန်က ဝင်ပြောလိုက်သည်။ ဖိုးပိန်မေးလိုက်သောစကားကို ကျန်သူငယ်ချင်းများက ငံ့လင့်နေကြသည်။ ထိုအခါ ရာဇာမင်းက

"တခြားတော့မဟုတ်ပါဘူး။ ငါတို့တွေ ဆင်စွယ်တွေရခဲ့တဲ့ စမ်းချောင်းကို တစ်ခါထပ်ပြီး သွားရင် ကောင်းမလားလို့"

"ဟင်"

"ဘာဖြစ်လို့"

"ဘာအကြောင်းများရှိလို့လဲ"

သူငယ်ချင်းများ၏ ဆက်တိုက်မေးလာသောစကားကို ရာဇာမင်း တစ်ခုချင်းစဉ်းစားလိုက်သည်။ ဒါပေမဲ့ ပြောသင့် မပြော

သင့်စဉ်းစားနေမိသည်။ မပြောပြန်ရင်လည်း ဒီနေရာကို သူ တစ်ယောက်တည်းသွားလို့ကော ဖြစ်နိုင်မလား။ မဖြစ်နိုင်ပါ။ ဘယ်လို ပြောရင် ကောင်းမလဲဆိုတာ စဉ်းစားနေခိုက် …

"ကိုရာဇာ … ဘာဖြစ်လို့လဲ။ ဘာပစ္စည်းများ ကျန်ခဲ့လို့လဲ"

သံချောင်းက ထပ်ပြီးမေးလိုက်သည်။ ထိုအခါ သူလည်း မပြောရင် မဖြစ်တော့၍ ပြောလိုက်ရသည်။ သူ့မှာက ပြောစရာ အားကိုးစရာဆိုလို့ ဒီသူငယ်ချင်းတွေသာရှိသည်။ ငယ်ငယ်လေးတည်းက ကစားဖော်၊ စားဖော်၊ သွားဖော်ဖြစ်နေကြပြီမဟုတ်ပါလား။ သူ သွားချင်တဲ့နေရာဆိုလည်း သူတို့တွေက မငြင်းဘဲလိုက်ကြသည်။ ယခုလို အချိန်မျိုးမှာ သူ့အနေနဲ့ သူငယ်ချင်းတွေ သစ္စာရှိရမည်။ ဆိုးတူကောင်းဖက်ထားရမည် ဖြစ်သည်။ ရှိလည်းအတူတူ မရှိလည်း အတူတူ ဖြစ်ရမည်ဟု ဆုံးဖြတ်ကာ …

ဒီလိုကွ … ဟု စပြီး သူ့ရွှေစလေးများ ရခဲ့တာကို အကြောင်းစုံပြောပြလိုက်သည်။ ဒါကြောင့် နောက်ထပ်သွားရှာချင်၍ သူငယ်ချင်းများကို တိုင်ပင်လိုက်လေတော့သည်။ ထိုအခါ ဆင်ကြီးက …

"ဒါတွေ အသာထား နောက်မှ သွားလည်းရတယ်။ လောလောဆယ် မနက်ဖြန် ဘုရားကို ဆင်စွယ်တွေပို့ဖို့ စီစဉ်ရဦးမယ်"

"ဟုတ်တယ် … ဟုတ်တယ် … ဟုတ်တယ်"

သူငယ်ချင်းများ၏ အားလုံးသံပြိုင်ထောက်ခံမှုက ရာဇာမင်းအတွက် အားတစ်ခု ရလိုက်သည်မဟုတ်ပါလား။ သူတို့အားလုံး





၏အောင်ပွဲက ဒီထက် ပိုလာတော့မည်ဖြစ်သည်။

ထိုအခါ အနားသို့ ဟိုင်းကြီးရောက်လာပြီး ရာဇာမင်းကို နောက်မှ နှာမောင်းဖြင့် ပခုံးပေါ်တင်ကာ ကျီစယ်နေသည်ကို သူငယ်ချင်းအားလုံး မြင်တွေ့လိုက်ရပြီး ဟိုင်းကြီးဆီသို့ ထသွားကာ ဝိုင်းပြီး ပွတ်ပေးနေလိုက်တော့သည်။ ထိုအခါ အနားသို့ နန်းမှုံရောက်လာပြီး …

"ဟာ … သူငယ်ချင်းအုပ်စု ဘာတွေပြောပြီး ဘာတွေ လုပ်နေကြတာလဲ။ ကျွန်မကိုလည်း ပြောပါဦး"

ထိုအခါ ဖိုးပိန်က …

"နန်းမှုံသိချင်ရင် ကိုရာဇာကို နှစ်ယောက်တည်းရှိတဲ့အချိန် ကျမှ မေးတော့"

ဟုဝိုင်းကာရယ်မောပြီး သံပြိုင်ပြောလိုက်လေတော့သည်။ ပြီးနောက် သူတို့အားလုံးလည်း နန်းမှုံရောက်လာ၍ ရှောင်ပေးဖို့ အချက်ပြလိုက်ပြီး သံချောင်းက …

"ကဲ … ကိုရာဇာ တို့အလှည့်အပျော်လေးတွေပြီးဆုံးသွားပြီ။ ယခု နန်းမှုံလေးကို ပျော်အောင်တော့ မင်းပဲတာဝန်ယူလိုက်တော့"

ဟုပြောကာ သူငယ်ချင်းအုပ်စု ရာဇာနဲ့ နန်းမှုံတို့အားမှ ခွဲခဲ့ကြတော့သည်။ ထိုအချိန်တွင် နန်းမှုံက …

"ကိုရာဇာ သူတို့ဘာတွေပြောသွားကြတာလဲ။ နန်းမှုံကိုလည်း ပြောပြပါဦး"

ရာဇာလည်း နန်းမွှံမေးလာတဲ့စကားကို ခေါင်းညိတ်ကာ နန်းမွှံရှိရာသို့ လှမ်းလာခဲ့သည်။ ပြီးနောက် နန်းမွှံကို မျက်နှာချင်းဆိုင် ယှဉ်ထိုင်ကာကြည့်ပြီးနောက် နန်းမွှံ၏ကိုယ်လုံးလေးကို သိုင်းဖက်ကာ အနမ်းလေးတစ်ခု ပေးလိုက်တော့သည်။

နန်းမွှံမှာလည်း ဘာမှပြောနိုင်ဖို့ စွမ်းအားများ ပျောက်ဆုံးသွားပြီလားဟု ကိုယ့်ကိုယ်ကို မသိလိုက်တော့ပါ။

စာချစ်သူများကို
လေးစားလျက်
မင်းစက္က